# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၂ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၂ ရက်　　၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာ ၄ ရက်၊ သောကြာနေ့　　အတွဲ (၅၉)၊ အမှတ် (၃၃၇)


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ - ၇၈)

## ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်သို့ လာရောက်သူများနှင့် နေပြည်တော်မှ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များသို့ သွားရောက်ပြီး နေပြည်တော်သို့ ပြန်လည်ဝင်ရောက်သူများ သိရှိလိုက်နာရန် အသိပေးကြေညာချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နေပြည်တော်ကောင်စီ
အမိန့်အမှတ်( ၉၄ /၂၀၂၀)
၁၃၈၂ ခုနှစ်၊ ဝါခေါင်လဆန်း ၁၄ ရက်
၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၁ ရက်

**ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်သို့ လာရောက်သူများနှင့် နေပြည်တော်မှ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များသို့ သွားရောက်ပြီး နေပြည်တော်သို့ ပြန်လည်ဝင်ရောက်သူများ သိရှိလိုက်နာရန် အသိပေးကြေညာချက်**

၁။ ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ဒုတိယအပတ်အတွင်း ရခိုင်ပြည်နယ်၌ ပြည်တွင်းကူးစက်မှုဟု သုံးသပ်ရသော COVID-19 ရောဂါ အတည်ပြုလူနာများ တွေ့ရှိခဲ့ရပြီး ၎င်းတို့မှ ဆင့်ပွားကူးစက်သူ အချို့သည်လည်း အခြားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များသို့ ပျံ့နှံ့ရောက်ရှိခဲ့ကြောင်း စစ်ဆေးတွေ့ရှိချက်အရ COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တားဆီးနိုင်ရေးအတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များမှ နေပြည်တော်သို့ လာရောက်သူများနှင့် နေပြည်တော်မှ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များသို့ သွားရောက်ပြီး နေပြည်တော်သို့ ပြန်လည်ဝင်ရောက်သူများအား စနစ်တကျ စစ်ဆေးဆောင်ရွက်လျက်ရှိပါသည်။

၂။ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်တွင် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ တားဆီးနိုင်ရန်အတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များမှ နေပြည်တော်သို့ လာရောက်သူများအားလည်းကောင်း၊ နေပြည်တော်မှ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များသို့ သွားရောက်ပြီး နေပြည်တော်သို့ ပြန်လည်ဝင်ရောက်သူများအားလည်းကောင်း အောက်ပါအချက်များကို စိစစ်ဆောင်ရွက်ပြီးမှ ဝင်ရောက်ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာချက်ထုတ်ပြန်လိုက်သည်-

(က) **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များမှ လာရောက်သူများ**

(၁) မည်သည့်အကြောင်းကိစ္စဖြင့် လာရောက်သည်ဖြစ်စေ မိမိနေထိုင်ရာ မြို့နယ်/ ရပ်ကွက်/ ကျေးရွာများတွင် နေထိုင်ကြောင်း ထောက်ခံစာ ယူဆောင်လာစေရန်။

(၂) ရောဂါဖြစ်ပွားရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များရှိ Stay at Home သတ်မှတ်ထားသော မြို့နယ်များတွင် နေထိုင်သူများအနေဖြင့် တာဝန်ရှိသူများ၏ ခွင့်ပြုချက်မပါရှိဘဲ နေပြည်တော်သို့ လာရောက်ပါက သို့မဟုတ် နေပြည်တော်သို့ လာရောက်ရန် ခေါ်ယူကြောင်း အကြောင်းကြားစာအား ပြသနိုင်ခြင်းမရှိဘဲ နေပြည်တော်သို့ လာရောက်ပါက နေပြည်တော်ကောင်စီမှ ပြင်ဆင်ထားသော Community Based Facility Quarantine နေရာများတွင် (၁၄)ရက် နေထိုင်၍ Quarantine ကာလအတွင်း ဓာတ်ခွဲနမူနာ(၂)ကြိမ် ရယူစစ်ဆေးမှုကို ခံယူကာ ဓာတ်ခွဲအဖြေတွင် ရောဂါပိုးမတွေ့ရှိပါက Home Quarantine (သို့မဟုတ်) Community Based Facility Quarantine နေရာတွင် (၇)ရက် နေထိုင်ပြီးမှသာ နေပြည်တော်ကောင်စီနယ်မြေအတွင်းသို့ ဝင်ရောက်ရန်။

*စာမျက်နှာ ၄ ကော်လံ ၁* ❐

## ဂျပန်နိုင်ငံ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၁၄၃ ဦးအား ပြန်လည်ခေါ်ဆောင်ခဲ့

နေပြည်တော် စက်တင်ဘာ ၃

နိုင်ငံတကာ ခရီးသည်တင် လေယာဉ်များပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် ဂျပန်နိုင်ငံ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၁၄၃ ဦးအား တိုကျိုမြို့ နာရီတာ အပြည်ပြည်ဆိုင်ရာလေဆိပ်မှတစ်ဆင့် All Nippon Airways (ANA) လေကြောင်းလိုင်း ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ညနေပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။ **(ယာပုံ)**

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစိစစ်ရေးနှင့် ၂၁ ရက်တာ အသွားအလာကန့်သတ်နေထိုင်ရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးသည်။

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ရန် COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန် ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ သက်ဆိုင်ရာ နိုင်ငံများရှိ မြန်မာသံရုံးများနှင့် ပူးပေါင်းညှိနှိုင်း၍ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့အချိန်ထိ ဂျပန်နိုင်ငံမှ ကယ်ဆယ်ရေးလေယာဉ် ခြောက်ကြိမ်တိုင် ပျံသန်းပြေးဆွဲခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



**ကာကွယ်ဆေးထုတ်လုပ်ဖြန့်ဝေရာတွင် နိုင်ငံတကာနှင့်အတူ ပူးပေါင်းပါဝင်ရန် အမေရိကန်ငြင်းဆန်**

နိုင်ငံတကာသတင်း　စာ ၁၂

**၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲနှင့်အတူ (၃၆) အမည်စာရင်းတင်သွင်းလွှာများကို စိစစ်ခြင်းနှင့် အတည်ပြုကြေညာခြင်း**

ဆောင်းပါး　စာ ၂၀


KBZ BANK

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

မြန်မာ့အလင်း

# ကိုဗစ်-၁၉ ကူးစက်ခံရမှုတွင် နောက်ဆက်တွဲ ဆိုးကျိုးများရှိနိုင်

ကိုဗစ်-၁၉ ရောဂါသည် ကြောက်ရွံ့ထိတ်လန့်ဖို့မလို၊ သို့ရာတွင် မပေါ့ဆရန်တော့လိုသည်။ ရောဂါကူးစက်ပျံ့နှံ့မှု နှေးကွေးနေခဲ့သည့် ပြီးခဲ့သောလအနည်းငယ်အတွင်းမှစကာ မိမိတို့ ပြည်သူများ ကိုဗစ်-၁၉ ရောဂါနှင့်စပ်လျဉ်း၍ ပေါ့ပေါ့ဆဆ ဖြစ်လာကြသည်။ နောက်ပိုင်းတွင်လည်း ကိုဗစ်-၁၉ ရောဂါပိုးသည် မျိုးဗီဇပြောင်းလဲသွားပြီးနောက် ကူးစက်မှုနှုန်း မြန်ဆန်လာသော်လည်း သေလောက်သည့်ရောဂါမဟုတ်တော့ကြောင်း၊ သာမန်တုပ်ကွေးအဖျားမျှသာ ဖြစ်ပွားကြောင်း စသည့်သတင်းများကြောင့်လည်း ရောဂါအပေါ် အလေးအနက်မထားတော့သည့် အပြုအမူ၊ အနေအထိုင်များနှင့် ပေါ့ဆလာကြခြင်းဖြစ်သည်ဟု ယူဆရသည်။

မိမိတို့အနေဖြင့် သိထားရမည်မှာ ကိုဗစ်-၁၉ ရောဂါအတွက် ကာကွယ်ဆေးထွက်ပေါ်မလာနိုင်သေးခြင်းနှင့် ကိုဗစ်-၁၉ ရောဂါနှင့် စပ်လျဉ်း၍ ပြည့်စုံစွာ မသိရှိရသေးခြင်းပင်ဖြစ်သည်။ သို့ဖြစ်ခြင်းကြောင့် ဆေးမရှိသေးသော၊ ဘာမှန်းမသိရသေးသောရောဂါ မိမိတို့ ခန္ဓာကိုယ်ဆီသို့ ကူးစက်မခံရအောင် သတိဖြင့် ရှောင်ရှားနေထိုင်ကြသည်ကသာ အကောင်းဆုံးပင်ဖြစ်သည်။ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရပါက နောက်ဆက်တွဲဆိုးကျိုးများ ဖြစ်ပေါ်နိုင်ကြောင်းကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထုတ်ပြန်ခဲ့ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကလည်း အသိပေးထုတ်ပြန်ထားရာ ယင်းအချက်များကို လေ့လာခြင်းအားဖြင့် ကိုဗစ်-၁၉ ရောဂါအပေါ် ပေါ့ပေါ့ဆဆ ထင်မြင်နေမှုများ ပြန်လည်ဆင်ခြင်နိုင်ကြမည်ဖြစ်သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ထုတ်ပြန်ချက်အရ ကိုရိုနာဗိုင်းရပ်စ်ပြင်းထန်စွာ ကူးစက်ခံရပါက ရောဂါပြင်းထန်စွာခံစားရပြီး အသက်လည်း သေဆုံးနိုင်သည်။ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရပါက ရေရှည်ဆိုးကျိုးများအနေဖြင့်လည်း (၁) နှလုံးကြွက်သားများ ထိခိုက်ပျက်စီးစေ၍ ရေရှည်တွင် နှလုံးကောင်းစွာ အလုပ်မလုပ်နိုင်တော့ခြင်းနှင့် နှလုံးရောဂါအမျိုးမျိုးခံစားရနိုင်ခြင်း၊ (၂) အဆုတ်အတွင်းရှိ လေအိတ်ငယ်များကို ပျက်စီးစေ၍ အဆုတ်တွင် အမာရွတ်များ ကျန်ခဲ့ကာ နောက်ဆက်တွဲ အသက်ရှူရ ခက်ခဲခြင်းနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများစွာ ဖြစ်ပွားစေနိုင်ခြင်း၊ (၃) အသက်ငယ်ရွယ်သူများတွင်ပင် ဦးနှောက်နှင့် အာရုံကြောစနစ်ကို ထိခိုက်၍ လေဖြတ်ရောဂါ၊ အတက်ရောဂါ၊ အကြောသေရောဂါ၊ ခြေတုန်လက်တုန်ခြင်း ဖြစ်ပွားစေသည့် ပါကင်ဆန်ရောဂါ၊ မှတ်ဉာဏ်ဆုံးရှုံးစေသည့် အယ်ဇိုင်းမားရောဂါတို့ဖြစ်နိုင်ခြေကို မြင့်မားစေခြင်း၊ (၄) ခန္ဓာကိုယ်ရှိသွေးကြောများအတွင်း သွေးခဲခြင်းများဖြစ်ပေါ်၍ ဦးနှောက်သွေးခဲခြင်း၊ နှလုံးသွေးကြောများ ပိတ်ခြင်း၊ ခြေထောက်သွေးပြန်ကြောများ ပိတ်ခြင်း၊ အသည်းနှင့်ကျောက်ကပ်ရောဂါများ ဖြစ်ပွားစေနိုင်ခြင်း၊ (၅) ပိုးကင်းစင်၍ ရောဂါလက္ခဏာများ ပြန်လည်သက်သာလာခဲ့သော်လည်း အထူးကြပ်မတ်ကုသဆောင်တွင် ကာလရှည်ကြာသီးခြားခွဲ၍ ကုသမှုခံယူရခြင်းကြောင့် စိတ်ဓာတ်ကျခြင်း၊ စိုးရိမ်ပူပန်စိတ်များခြင်း စသည့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်ခံစားရစေနိုင်ခြင်း၊ (၆) သက်ကြီးဘိုးဘွားများနှင့် ဆီးချိုရောဂါကဲ့သို့ နာတာရှည်ရောဂါရှိသူများတွင် အလွန်အမင်း မောပန်းခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ ခေါင်းကိုက်ခြင်း၊ အဆစ်အမျက်များ နာကျင်ကိုက်ခဲခြင်း စသည့် ရောဂါလက္ခဏာများကို ပိုမိုပြင်းထန်စွာ ကာလရှည်ကြာ ခံစားရစေနိုင်ခြင်း၊ (၇) လတ်တလောတွင် မသိရှိရသေးသည့် နောက်ဆက်တွဲဆိုးကျိုးများစွာကိုလည်း ခံစားရစေနိုင်ခြင်းတို့ဖြစ်သည်။

အထက်ဖော်ပြပါ အချက်အလက်များအရ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရပါက နောက်ဆက်တွဲ ဖြစ်လာနိုင်သည့် ကျန်းမာရေးဆိုင်ရာ ဆိုးကျိုးများမှာ အများအပြားပင်ဖြစ်ပြီး လူတစ်ဦး၏ ကျန်းမာရေးကို ဆိုးဆိုးရွားရွား ထိခိုက်နိုင်ကြောင်း သိမြင်နိုင်သည့်အလျောက် ရောဂါဖြစ်မလာမီကပင် ကြိုတင်ကာကွယ်ကြခြင်းဖြင့် ကိုဗစ်-၁၉ ၏ သားကောင်ဘဝကို ရှောင်ရှားနိုင်ကြပါစေကြောင်း။ ။

## ပြင်ဦးလွင်မြို့နယ် မဲတောကျေးရွာသို့ နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူး

**ပြင်ဦးလွင် စက်တင်ဘာ ၃**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် မဲတောကျေးရွာသို့ နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အား ပို့လွှတ်ဖြန့်ဖြူး ခြင်း အခမ်းအနားကို ယမန်နေ့ ညနေပိုင်းက ကိုဗစ်-၁၉ ရောဂါ ကန့်သတ်ချက်များနှင့်အညီ ကျင်းပသည်။



မဲတောကျေးရွာ လျှပ်စစ်မီးလင်းရေးအထိမ်းအမှတ် ထရန်စဖော်မာအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မင်း၊ မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးနောင်ဘိုဘိုလင်း၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် တာဝန်ရှိသူများက လျှပ်စစ်ဓာတ်အား စတင်ပို့လွှတ်ခြင်း မီးလင်းရေးအထိမ်းအမှတ် ထရန်စဖော်မာအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တာဝန်ရှိသူများက အထိမ်းအမှတ်ကမ္ပည်းကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

ယခု ဖွင့်လှစ်သော မဲတောကျေးရွာအပါအဝင် ပြင်ဦးလွင်မြို့နယ်အတွင်း နိုင်ငံတော်ဓာတ်အားလိုင်းမှ ကျေးရွာပေါင်း ၁၀၀ တို့ကို ဓာတ်အား ဖြန့်ဖြူးပေးနိုင်ပြီဖြစ်ကြောင်း သိရသည်။

**မောင်မောင်မျိုး**

## ထန်းတပင်မြို့နယ်တွင် နိုင်ငံသားစိစစ်ရေးကတ် ကွင်းဆင်းဆောင်ရွက်

**ထန်းတပင် စက်တင်ဘာ ၃**

၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံအထွေထွေရွေးကောက်ပွဲတွင် အသက် ၁၈ နှစ်ပြည့်ပြီးသူတိုင်း ဆန္ဒမဲပေးနိုင်ရေးအတွက် ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ထန်းတပင်မြို့နယ်တွင် သစ္စာစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များကို ကျေးရွာများအရောက် အခမဲ့ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။



"ကျွန်တော်တို့ သစ္စာစီမံချက်အရ ဇူလိုင်လလယ်လောက်က စပြီး ကွင်းဆင်းဆောင်ရွက်ခဲ့တာပါ။ ကျေးရွာအုပ်စုအနေနဲ့ ၁၂ အုပ်စု ကျေးရွာပေါင်း ၄၀ ကျော် လူဦးရေပေါင်း ၁၇၉၆ ဦးကို နိုင်ငံသားစိစစ်ရေးကတ် ပြုလုပ်ပေးပြီးသွားပါပြီ။ ကျန်ရှိတဲ့ ကျေးရွာတွေကို ဆက်လက် ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်" ဟု မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးဌာန ဦးစီးမှူး ဦးထိန်ဝင်းက စက်တင်ဘာ ၁ ရက်က ပြောသည်။

**သန်းလွင်**

## ရေကြည်မြို့နယ်တွင် သစ္စာစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ပေးအပ်

**ရေကြည် စက်တင်ဘာ ၃**

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်တွင် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ၌ အသက် ၁၈ နှစ်ပြည့်ပြီးသူတိုင်း မှတ်ပုံတင်အသစ် ပြုလုပ်နိုင်ရေး၊ အိမ်ထောင်စုဇယားတွင် မိမိအမည် ပါဝင်ပြီး မှတ်ပုံတင်မပြုလုပ်ရသေးသူများ၊ နံပါတ်မှားယွင်းနေသူများ၊ ပျက်စီး/ပျောက်ဆုံးသူများ၊ အသက် ပြည့်ပြီးသူတိုင်း ဆန္ဒမဲပေးနိုင်ရေး၊ နိုင်ငံသားတိုင်း ဆန္ဒမဲပေးနိုင်ခွင့် မဆုံးရှုံးစေရေးတို့အတွက် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးဌာနက သစ္စာစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ လွှဲပြောင်းပေးအပ်ပွဲကို စက်တင်ဘာ ၁ ရက်က ဗထူးရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။



အခမ်းအနားတွင် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးမှူး ဦးခင်မောင်ဌေးက နိုင်ငံသားစိစစ်ရေးကတ် ကိုင်ဆောင်သူများ လိုက်နာရမည့်စည်းကမ်းချက်များ၊ ရရှိခံစားရမည့် အကျိုးကျေးဇူးများနှင့် သိကောင်းစရာများကို ရှင်းလင်းပြောကြားခဲ့ပြီး နိုင်ငံသားစိစစ်ရေးကတ် ၄၉ ခုကို ရပ်ကွက်အုပ်ချုပ်ရေးမှူးထံသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**အောင်သူဟန် (ပြန်/ဆက်)**

## နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်

**နေပြည်တော် စက်တင်ဘာ ၃**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက် တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။

**မိုး/ဇလ**



# ပြည်သူသာလျှင် အဓိက

## ကယားပြည်နယ် ဝန်ကြီးချုပ် တာဝန်မှရပ်စဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ်၊ ၂၄/၂၀၂၀
၁၃၈၂ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁ ရက်
(၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၃ ရက်)

**ကယားပြည်နယ်ဝန်ကြီးချုပ် တာဝန်မှရပ်စဲခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၃၊ ပုဒ်မခွဲ (င)၊ ပုဒ်မခွဲငယ် (၂)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၈၀ နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၅၅ တို့ပါ ပြဋ္ဌာန်းချက်များအရ ကယားပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို ကို တာဝန်မှ ရပ်စဲလိုက်သည်။

(ပုံ)ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ရှမ်းပြည်နယ် တရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ်၊ ၂၅/၂၀၂၀
၁၃၈၂ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁ ရက်
(၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၃ ရက်)

**ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၀၈၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၄)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၈၂၊ ပုဒ်မခွဲ (ဃ)၊ ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၄၅ နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၈၊ ပုဒ်မခွဲ (ဃ) တို့ပါ ပြဋ္ဌာန်းချက်များအရ ဒေါ်စန္ဒာအောင် ကို ရှမ်းပြည်နယ် တရားလွှတ်တော် တရားသူကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ)ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ရှမ်းပြည်နယ် တရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ်၊ ၂၆/၂၀၂၀
၁၃၈၂ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁ ရက်
(၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၃ ရက်)

**ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၀၈၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၄)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၈၂၊ ပုဒ်မခွဲ (ဃ)၊ ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၄၅ နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၈၊ ပုဒ်မခွဲ (ဃ) တို့ပါ ပြဋ္ဌာန်းချက်များအရ ဦးအောင်သိန်းကို ရှမ်းပြည်နယ် တရားလွှတ်တော် တရားသူကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ)ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ကိုဗစ်-၁၉ ကာလအတွင်း ထောက်ပံ့မှုအထူးလိုအပ်သော အမျိုးသမီးများအား ငွေကြေးထောက်ပံ့







**နေပြည်တော် စက်တင်ဘာ ၃**

ကိုဗစ်-၁၉ ကာလအတွင်း ထိခိုက်လွယ်အခြေအနေတွင်ရှိသော အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းစီမံချက်အရ မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များဘဝ မြှင့်တင်ရေးအသင်းက စာရင်းပေးပို့လာသည့် ရပ်တည်ရန်ခက်ခဲသည့် အမျိုးသမီးများနှင့် မသန်စွမ်းသူများအတွက် ကိုဗစ်-၁၉ အရေးပေါ်တုံ့ပြန်ရေး ပူးပေါင်းကော်မတီက စာရင်းပေးပို့သည့် ထောက်ပံ့မှု အထူးလိုအပ်သော မသန်စွမ်းအမျိုးသမီးများအတွက် ငွေကြေးလွှဲပြောင်း ထောက်ပံ့ခြင်းကို ယနေ့ နံနက်ပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးရုံး၌ အွန်လိုင်းစနစ်ဖြင့် ကျင်းပသည်။ **(အပေါ်ပုံ)**

### ပါဝင်တက်ရောက်

အခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ဒုတိယဝန်ကြီး ဦးစိုးအောင်၊ ညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ကြပြီး မြန်မာနိုင်ငံ အမျိုးသမီးနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်း၏ တွဲဖက်အတွင်းရေးမှူး ဒေါ်ခင်မြဝင်း၊ မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်းချုပ်၏ အထွေထွေအတွင်းရေးမှူး ဦးမြတ်သူဝင်း၊ အမျိုးသမီးများ၊ အမျိုးသမီးမသန်စွမ်းသူများနှင့် တာဝန်ရှိသူများက အွန်လိုင်းစနစ်ဖြင့် ပါဝင်တက်ရောက်ခဲ့ကြသည်။

### ပံ့ပိုးကူညီမှုများ ဆောင်ရွက်

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက အစိုးရအနေဖြင့် ကိုဗစ်-၁၉ ကာလအတွင်း ပြည်သူများ၏ စားဝတ်နေရေး အဆင်ပြေစေရန်နှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အဟန့်အတားများ လျော့နည်းနိုင်သမျှ လျော့နည်းစေရန် ကိုဗစ်-၁၉ စီးပွားရေး ထိခိုက်မှုသက်သာရေး အစီအစဉ်ကို ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုအစီအစဉ်ထဲတွင် လူမှုကာကွယ်စောင့်ရှောက်ရေးကိစ္စများ ပါဝင်ပြီး ထိခိုက်လွယ်အုပ်စုများအတွက် ဦးစားပေးပံ့ပိုးကူညီမှုများ ဆောင်ရွက်ပါကြောင်း၊ ထိခိုက်လွယ် အုပ်စုများမှာ အမျိုးသမီးများ၊ ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းသူများ ပါဝင်ပါကြောင်း၊ ယခုလိုကာလ အလုပ်အကိုင်အခွင့်အလမ်းနည်းပါးလာချိန်တွင် မိသားစုတစ်ခုကို ဦးဆောင်ရသည့် အမျိုးသမီးများအနေဖြင့် လုံလောက်သည့်ဝင်ငွေ မရရှိနိုင်တော့သဖြင့် အစိုးရက ပံ့ပိုးကူညီရခြင်းဖြစ်ကြောင်း၊ အစိုးရအနေဖြင့် လူတိုင်းအခြေခံလူ့အခွင့်အရေးရရှိပြီး ဒီမိုကရေစီစံနှုန်းနှင့်ကိုက်ညီအောင် ကြိုးပမ်းလျက်ရှိကြောင်း၊ ခွဲခြား ဆက်ဆံမှုမရှိဘဲ အားလုံးသာတူညီမျှခံစားရရှိရေးကို ဦးတည်ပါကြောင်း။

### ပူးပေါင်းပါဝင်ပေး

အဆိုပါကိစ္စကို ကိုဗစ်-၁၉ ကာလတွင်ပို၍ အလေးထားရပါကြောင်း၊ ယနေ့ပါဝင်ဆောင်ရွက်သည့် မြန်မာနိုင်ငံအမျိုးသမီးနှင့် ကလေးသူငယ်များ ဘဝမြှင့်တင်ရေးအသင်းသည် ရပ်တည်ရန် ခက်ခဲသော အမျိုးသမီးများအား အသက်မွေးဝမ်းကျောင်း သင်တန်းများ သင်ကြားပေးခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းများ ဖော်ဆောင်ပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိရာ ထိုအမျိုးသမီးများထဲတွင် ကာကွယ်စောင့်ရှောက်ရန် လိုအပ်သော၊ မသန်စွမ်းသော၊ ပဋိပက္ခဒေသများအတွင်း နေထိုင်ရသော အမျိုးသမီးများနှင့် ကိုဗစ်-၁၉ ကာလအတွင်း လုပ်သားအင်အားလျှော့ချခံရသော အမျိုးသမီးများ ပါဝင်ကြောင်း၊ ထိုသူများကိုစိစစ်၍ ကူညီပံ့ပိုးရန် ယခုလိုပူးပေါင်းဆောင်ရွက်ခြင်း ဖြစ်ကြောင်း၊ မိမိတို့ ဝန်ကြီးဌာနသည် မသန်စွမ်းသူများ၏ အခွင့်အရေးများရရှိရေး၊ ရပ်တည်မှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယနေ့အခမ်းအနားတွင် မသန်စွမ်းသူများအတွက် ကိုဗစ်-၁၉ အရေးပေါ်တုံ့ပြန်ရေး ပူးပေါင်းကော်မတီက စာရင်းပြုစုပေးပို့လာသည့် မသန်စွမ်း အမျိုးသမီးများအတွက် ထောက်ပံ့ပေးမှုလည်း ပါဝင်ပါကြောင်း၊ နိုင်ငံတော်အစိုးရ၏ ကိုဗစ်-၁၉ စီးပွားရေးထိခိုက်မှု သက်သာရေး အစီအစဉ်အရ သုံးစွဲနေသော ငွေကြေးများသည် အကန့်အသတ်ရှိသော ပြည်သူ့ဘဏ္ဍာငွေများဖြစ်ရာ အကောင်အထည်ဖော်ရာတွင် ထိရောက်မှုရှိရေး၊ အကျိုးခံစားခွင့်ရှိသူများ လက်ဝယ်အရောက် ရရှိခံစားနိုင်ရေးတို့သည် အရေးကြီးကြောင်း၊ သက်ဆိုင်ရာအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများက ပူးပေါင်းပါဝင်ပေးကြရန် တိုက်တွန်းကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်း တွဲဖက်အတွင်းရေးမှူး ဒေါ်ခင်မြဝင်းနှင့် မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်းချုပ် အထွေထွေအတွင်းရေးမှူး ဦးမြတ်သူဝင်းတို့က ထောက်ပံ့မှုများအတွက် ကျေးဇူးတင်စကားများ ပြန်လည်ပြောကြားကြသည်။

ဆက်လက်၍ ပြန်လည်ထူထောင်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က မြန်မာနိုင်ငံ အမျိုးသမီးနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်း တာဝန်ရှိသူများထံသို့ တိုင်းဒေသကြီး/ ပြည်နယ်များရှိ ပဋိပက္ခလွန်ဒေသများနှင့် ဝေးလံခေါင်းပါးသော ကျေးလက်ဒေသများရှိ ကိုဗစ်-၁၉ ကာလ ရပ်တည်ရန်ခက်ခဲသည့် အမျိုးသမီး ၂၂၄ ဦးတို့အတွက် စုစုပေါင်း ထောက်ပံ့ငွေကျပ် ၁၁၂ သိန်း၊ ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးက မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်းချုပ် တာဝန်ရှိသူထံသို့ အလုပ်လုပ်ကိုင်ရန်ခက်ခဲပြီး အထူးလိုအပ်မှုရှိသည့် မသန်စွမ်းအမျိုးသမီး ၃၀၀ တို့အတွက် စုစုပေါင်း ထောက်ပံ့ငွေကျပ် သိန်း ၁၅၀ တို့ကို ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံဆိုင်ရာ ဆွီဒင်သံအမတ်ကြီး မစ္စတာ ရှန် အောလ်စထရှမ် ဂရှန်ဒါလ် အား ခန့်အပ်ရန် သဘောတူ

**နေပြည်တော် စက်တင်ဘာ ၄**

ဗန်ကောက်မြို့အခြေစိုက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ဆွီဒင်သံအမတ်ကြီး မစ္စတာ စတက်ဖန် ဟားရ်စထရှမ်၏နေရာတွင် မစ္စတာ ရှန် အောလ်စထရှမ် ဂရှန်ဒါလ် အား ခန့်အပ်ရန် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီး ဖြစ်သည်။

မစ္စတာ ရှန် အောလ်စထရှမ် ဂရှန်ဒါလ် ကို ၁၉၇၅ ခုနှစ်၊ ဇူလိုင်လတွင် မွေးဖွားခဲ့သည်။ ၎င်းသည် ၂၀၀၃ ခုနှစ်တွင် ဆွီဒင်နိုင်ငံ၊ လွန့်ဒ်တက္ကသိုလ်မှ ဥပဒေဘာသာရပ်အထူးပြုဖြင့် မဟာဘွဲ့ကို ရရှိခဲ့သည်။

၎င်းသည် ၂၀၀၂ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လအထိ ဆွီဒင် နိုင်ငံခြားရေးဝန်ကြီးဌာန၊ အစ္စလာမာဘတ်မြို့ရှိ ဆွီဒင်သံရုံး၊ ဆွီဒင်တပ်မတော်၊ စစ်ဘက်ဆိုင်ရာ စုံစမ်းစစ်ဆေးရေးနှင့် လုံခြုံရေးဌာနတို့တွင် ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ မစ္စတာ ရှန် အောလ်စထရှမ် ဂရှန်ဒါလ်သည် ဆွီဒင်၊ အင်္ဂလိပ်နှင့် ဂျာမန်ဘာသာစကားများကို တတ်ကျွမ်းသည်။

၎င်းသည် အိမ်ထောင်သည်တစ်ဦးဖြစ်ပြီး သမီးတစ်ဦးရှိသည်။

**သတင်းစဉ်**

*❊ ကျောဖုံးမှ*

မဲဆန္ဒနယ်အမှတ်(၂)၌ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်း ခြောက်ဦး၊ ရှမ်းပြည်နယ်လွှတ်တော် မဲဆန္ဒနယ်၌ ဗမာတိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်လောင်း ရှစ်ဦး၊ လားဟူတိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်လောင်း ခြောက်ဦး၊ လီဆူတိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်လောင်း ခုနစ်ဦး၊ အင်းသားတိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်လောင်း ခုနစ်ဦး၊ ကယန်းတိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်လောင်း ခြောက်ဦး၊ ကချင်တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်လောင်း ငါးဦး၊ အာခါတိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်လောင်း လေးဦးတို့က ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

**ခွန်းအောင်(နောင်တရား)**

# ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်သို့ လာရောက်သောဝန်ထမ်းများနှင့် နေပြည်တော်မှ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များသို့ သွားရောက်ပြီး နေပြည်တော်သို့ ပြန်လည်ဝင်ရောက်လာသောဝန်ထမ်းများ သိရှိလိုက်နာရန် အသိပေးကြေညာချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နေပြည်တော်ကောင်စီ
အမိန့်အမှတ်( ၉၅ /၂၀၂၀)
၁၃၈၂ ခုနှစ်၊ ဝါခေါင်လဆန်း ၁၄ ရက်
၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၁ ရက်

## ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်သို့ လာရောက်သောဝန်ထမ်းများနှင့် နေပြည်တော်မှ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များသို့ သွားရောက်ပြီး နေပြည်တော်သို့ ပြန်လည်ဝင်ရောက်လာသောဝန်ထမ်းများ သိရှိလိုက်နာရန် အသိပေးကြေညာချက်

၁။ ၂၀၂၀ပြည့်နှစ်၊ ဩဂုတ်လ ဒုတိယအပတ်အတွင်း ရခိုင်ပြည်နယ်၌ ပြည်တွင်းကူးစက်မှုဟု သုံးသပ်ရသော COVID-19 ရောဂါ အတည်ပြုလူနာများ တွေ့ရှိခဲ့ရပြီး ၎င်းတို့မှ ဆင့်ပွားကူးစက်သူ အချို့သည်လည်း အခြားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များသို့ ပျံ့နှံ့ရောက်ရှိခဲ့ကြောင်း စစ်ဆေးတွေ့ရှိချက်အရ COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တားဆီးနိုင်ရေးအတွက် နိုင်ငံ့ဝန်ထမ်းများ ခရီးသွားလာမှုနှင့်စပ်လျဉ်း၍ စနစ်တကျစစ်ဆေးဆောင်ရွက်လျက်ရှိပါသည်။

၂။ သို့ဖြစ်ပါ၍ နေပြည်တော်တွင် အခြေပြု၍ တာဝန်ထမ်းဆောင်လျက်ရှိသော နိုင်ငံ့ဝန်ထမ်းများအနေဖြင့် နေပြည်တော်ပြင်ပသို့ တာဝန်ဖြင့်ဖြစ်စေ၊ လူမှုရေးအရဖြစ်စေ ခရီးသွားရောက်ရန်ရှိပါက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော COVID-19 နှင့် စပ်လျဉ်းသည့် ဆောင်ရန်/ရှောင်ရန်တို့ကို အထူးဂရုပြုလိုက်နာစေရန်နှင့် မိမိနေရပ်သို့ ပြန်ရောက်ရှိချိန်တွင် ရောဂါကူးစက်ဖြန့်ဝေခြင်းမျိုး မဖြစ်စေရန်အတွက် အောက်ပါအချက်များကို စိစစ်ဆောင်ရွက်ပြီးမှ ဝင်ရောက်ခွင့်ပြုမည် ဖြစ်ကြောင်း အသိပေးကြေညာချက် ထုတ်ပြန်လိုက်သည်-

(က) ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ ထုတ်ပေးသည့် ခရီးသွားလာခွင့် အမိန့်/ အထောက်အထားလက်မှတ်ပါရှိမှသာ ခရီးသွားလာစေရန်နှင့် ရောက်ရှိသည့်နေရာတွင် တွေ့ဆုံသူမှ လက်မှတ်ရေးထိုးရန်။

( ခ ) ခရီးသွားလာခွင့်အမိန့်/ အထောက်အထားလက်မှတ်အား လမ်းခရီးတစ်လျှောက်တွင်ဖြစ်စေ၊ သွားရောက်လိုသည့် နေရာသို့ ရောက်ရှိစဉ်တွင်ဖြစ်စေ၊ တာဝန်ရှိသူများမှ စစ်ဆေးပါက ပြသစေရန်နှင့် ခရီးစဉ်ပြီးဆုံး၍ နေပြည်တော်သို့ ပြန်လည်ရောက်ရှိချိန်တွင် ပြန်လည်အပ်နှံရန်။

( ဂ ) ရောဂါဖြစ်ပွားရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များရှိ မြို့နယ်များသို့ နေ့ချင်း ပြန်ဖြစ်စေ၊ ညအိပ်အခြေပြု၍ဖြစ်စေ သွားရောက်တာဝန်ထမ်းဆောင်ပြီးနောက် နေပြည်တော်သို့ ပြန်လည်ဝင်ရောက်သူများအား နေပြည်တော်ကောင်စီမှ သတ်မှတ်ထားသော Community Based Facility Quarantine နေရာတွင် (၇)ရက် နေထိုင်စေ၍ Quarantine ဝင်ရောက်ပြီး နောက်တစ်ရက်တွင် လည်းကောင်း၊ (၅) ရက်မြောက်နေ့တွင် လည်းကောင်း၊ နှာခေါင်း၊ အာခေါင်တို့ဖတ်နမူနာ (Swab)ရယူစစ်ဆေးမှုခံယူစေကာ ရောဂါမရှိကြောင်း အဖြေရရှိမှသာ လုပ်ငန်းခွင်သို့ ဝင်ရောက်ရန်။

(ဃ) ရောဂါဖြစ်ပွားမှုမရှိသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များရှိ မြို့နယ်များသို့ နေ့ချင်းပြန်ဖြစ်စေ၊ ညအိပ်အခြေပြု၍ ဖြစ်စေ ခရီးသွားရောက်သည့်သူများအနေဖြင့် နေပြည်တော်သို့ ပြန်လည်ဝင်ရောက်လာပါက နေပြည်တော်ကောင်စီမှ သတ်မှတ်ထားသော Community Based Facility Quarantine နေရာတွင် နေထိုင်စေ၍ ရောက်ရှိသည့်နေ့ နောက်တစ်ရက်တွင် နှာခေါင်း၊ အာခေါင်တို့ဖတ်နမူနာ(Swab) ရယူစစ်ဆေးမှုခံယူစေကာ ရောဂါမရှိကြောင်း အဖြေရရှိမှသာ လုပ်ငန်းခွင်သို့ ဝင်ရောက်ရန်။

( င ) စစ်ဆေးစဉ် သံသယဖြစ်ဖွယ် ရောဂါလက္ခဏာတွေ့ရှိပါက သက်ဆိုင်ရာဆေးရုံသို့ ချက်ချင်းပို့ဆောင်ပြီး ဆေးကုသမှု ခံယူရန်။

၃။ နေပြည်တော်တွင် အခြေပြု၍ တာဝန်အရ ခရီးသွားရောက်ရသည့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် နေပြည်တော်မြို့အဝင်ဂိတ်တွင် တာဝန်ရှိသူများ၏ စစ်ဆေးမှုကို ကြည်ဖြူစွာခံယူကြရန်နှင့် တာဝန်အရ ခရီးသွားရောက်ခြင်း ဖြစ်သော်လည်း တာဝန်နှင့်မသက်ဆိုင်သောနေရာများသို့ သွားရောက်ခဲ့ကြောင်း စစ်ဆေးသိရှိရပါက COVID-19 ရောဂါ ကူးစက်ခြင်းခံရမှုမရှိလျှင် နိုင်ငံ့ဝန်ထမ်း ဥပဒေဖြင့် လည်းကောင်း၊ COVID-19 ရောဂါပိုး ကူးစက်ခံရကြောင်း စစ်ဆေးတွေ့ရှိပါက သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဥပဒေအရ လည်းကောင်း အရေးယူခြင်းခံရမည်ဖြစ်ကြောင်းနှင့် သက်ဆိုင်ရာဌာန/ အဖွဲ့အစည်းများ၏ ခွင့်ပြုချက်မရဘဲ နေပြည်တော်ပြင်ပသို့ မိသားစုအလိုက် ခရီးသွားလာသည့် ဝန်ထမ်းများအား စိစစ်တွေ့ရှိရပါက ပြန်လည်ရောက်ရှိချိန်တွင် လိုအပ်သော ဓာတ်ခွဲနမူနာများ ရယူစစ်ဆေးသွားမည်ဖြစ်ပြီး ခရီးစဉ်အား တာဝန်ခံခေါ်ယူသွားသူများကို သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေနှင့် အရေးယူသွားမည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ရာ ဤအသိပေးကြေညာချက်အား ၂၀၂၀ပြည့်နှစ်၊ စက်တင်ဘာလ ၂ ရက်မှ စတင်၍ အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ပြီး နောက်ထပ်အမိန့်တစ်စုံတစ်ရာ မထုတ်ပြန်မီအချိန်အထိ ဤအသိပေးကြေညာချက်သည် အတည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာလိုက်သည်။

**ဒေါက်တာမျိုးအောင်**
**ဥက္ကဋ္ဌ**
**နေပြည်တော်ကောင်စီ**

❐ *ရှေ့ဖုံးမှ*

(၃) ရောဂါဖြစ်ပွားရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များရှိ Stay at Home သတ်မှတ်ထားသော မြို့နယ်များတွင် နေထိုင်သော်လည်း ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဆက်သွယ်ဆောင်ရွက်ရမည့် လုပ်ငန်းများရှိသဖြင့် နေပြည်တော်သို့ လာရောက်ရန် အကြောင်းကြားစာရရှိသည့်သူများအနေဖြင့် နေပြည်တော်ကောင်စီမှ သတ်မှတ်ထားသော Community Based Facility Quarantine နေရာတွင် (၇)ရက် နေထိုင်၍ Quarantine ဝင်ရောက်ပြီး နောက်တစ်ရက်တွင် လည်းကောင်း၊ (၅) ရက်မြောက်နေ့တွင် လည်းကောင်း၊ နှာခေါင်း၊ အာခေါင်တို့ဖတ်နမူနာ (Swab)ရယူစစ်ဆေးမှု ခံယူကာ ရောဂါမရှိကြောင်း အဖြေရရှိမှသာ သက်ဆိုင်ရာ အဖွဲ့အစည်း/ဌာနများသို့ သွားရောက်ရန်။

(၄) ရောဂါဖြစ်ပွားရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များရှိ Stay at Home သတ်မှတ်ထားသော မြို့နယ်များတွင် နေထိုင်သော်လည်း ၎င်းတို့နှင့် သက်ဆိုင်သော လုပ်ငန်းများဆောင်ရွက်ရန် နေပြည်တော်သို့ လာရောက်လိုသော မြန်မာနိုင်ငံအခြေစိုက် နိုင်ငံခြားသံတမန်များ၊ ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများမှ ဝန်ထမ်းများအနေဖြင့် နေပြည်တော်ကောင်စီမှ သတ်မှတ်ထားသော Community Based Facility Quarantine နေရာတွင် (၇)ရက် နေထိုင်၍ Quarantine ဝင် ရောက်ရှိပြီး နောက်တစ်ရက်တွင် လည်းကောင်း၊ (၅) ရက်မြောက်နေ့တွင် လည်းကောင်း၊ နှာခေါင်း၊ အာခေါင်တို့ဖတ်နမူနာ (Swab)ရယူစစ်ဆေးမှု ခံယူကာ ရောဂါမရှိကြောင်း အဖြေရရှိမှသာ သက်ဆိုင်ရာ အဖွဲ့အစည်း/ဌာနများသို့ သွားရောက်ရန်။

(၅) ရောဂါဖြစ်ပွားရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များရှိ Stay at Home သတ်မှတ်ထားသော မြို့နယ်များတွင် နေထိုင်သော်လည်း တာဝန်ထမ်းဆောင်ရန် မြို့နယ်ပြင်ပသို့ သွားလာခွင့်ရှိသည့် အဖွဲ့အစည်းများနှင့် ကုမ္ပဏီများမှ ဝန်ထမ်းများ နေပြည်တော်ရှိ ၎င်းတို့နှင့် သက်ဆိုင်သော လုပ်ငန်းများ ဆောင်ရွက်ရန် လာရောက်လိုပါက နေပြည်တော်ကောင်စီမှ သတ်မှတ်ထားသော Community Based Facility Quarantine နေရာတွင် (၇) ရက် နေထိုင်၍ Quarantine ဝင်ရောက်ပြီး နောက်တစ်ရက်တွင် လည်းကောင်း၊ (၅) ရက်မြောက်နေ့တွင် လည်းကောင်း၊ နှာခေါင်း၊ အာခေါင်တို့ဖတ်နမူနာ (Swab)ရယူစစ်ဆေးမှု ခံယူကာ ရောဂါမရှိကြောင်း အဖြေရရှိမှသာ သက်ဆိုင်ရာ အဖွဲ့အစည်း/ဌာနများသို့ သွားရောက်ရန်။

(၆) ရောဂါဖြစ်ပွားနေသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဖြစ်သော်လည်း ရောဂါကူးစက်ခံရမှုမရှိသေးသော မြို့နယ်များမှ နေပြည်တော်သို့ လာရောက်လိုသူများ၊ ရောဂါဖြစ်ပွားခြင်း မရှိသေးသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များမှ နေပြည်တော်သို့ လာရောက်လိုသူများအနေဖြင့် နေပြည်တော်ကောင်စီမှ သတ်မှတ်ထားသော Community Based Facility Quarantine နေရာတွင် နေထိုင်၍ ရောက်ရှိသည့်နေ့ နောက်တစ်ရက်တွင် နှာခေါင်း၊ အာခေါင်တို့ဖတ်နမူနာ (Swab) ရယူစစ်ဆေးမှုခံယူစေကာ ရောဂါမရှိကြောင်း အဖြေရရှိမှသာ သက်ဆိုင်ရာအဖွဲ့အစည်း/ ဌာန/ နေရာများသို့ သွားရောက်ရန်။

(၇) သံသယဖြစ်ဖွယ် ရောဂါလက္ခဏာတွေ့ရှိပါက သက်ဆိုင်ရာ ဆေးရုံသို့ ချက်ချင်းပို့ဆောင်ပြီး လိုအပ်သော ဆေးကုသမှု ကို ခံယူရန်။

**(ခ) နေပြည်တော်တွင် အခြေချနေထိုင်သူများ**

(၁) နေပြည်တော်သို့ ပြန်လည်ဝင်ရောက်ပါက မည်သည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များရှိ မြို့များသို့ သွားရောက်ခဲ့သည်ဆိုသည့် အထောက်အထား တင်ပြရန်။

(၂) မည်သည့်မြို့သို့ သွားရောက်ခဲ့ကြောင်း အထောက်အထား ခိုင်လုံစွာ မတင်ပြနိုင်သူများ၊ Stay at Home သတ်မှတ်ထားသော မြို့နယ်များသို့ သွားရောက်ခဲ့ကြောင်း ခိုင်လုံသော အထောက်အထားတွေ့ရှိရလျှင် နေပြည်တော်ကောင်စီမှ ပြင်ဆင်ထားသော Community Based Facility Quarantine နေရာများတွင် (၁၄) ရက် နေထိုင်၍ Quarantine ကာလအတွင်း ဓာတ်ခွဲနမူနာ(၂)ကြိမ် ရယူစစ်ဆေးမှုကိုခံယူကာ ဓာတ်ခွဲအဖြေတွင် ရောဂါပိုးမတွေ့ရှိပါက Home Quarantine (၇) ရက် နေထိုင်ပြီးမှသာ နေပြည်တော်ကောင်စီနယ်မြေအတွင်းသို့ ဝင်ရောက်ရန်။

(၃) ရောဂါဖြစ်ပွားနေသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဖြစ်သော်လည်း ရောဂါကူးစက်ခံရမှုမရှိသေးသော မြို့နယ်များမှ ပြန်လာသူများ၊ ရောဂါဖြစ်ပွားခြင်းမရှိသေးသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များမှ ပြန်လာသူများအနေဖြင့် နေပြည်တော်ကောင်စီမှ သတ်မှတ်ထားသော Community Based Facility Quarantine နေရာတွင် နေထိုင်၍ ရောက်ရှိသည့်နေ့ နောက်တစ်ရက်တွင် နှာခေါင်း၊ အာခေါင်တို့ဖတ်နမူနာ(Swab) ရယူစစ်ဆေးမှု ခံယူပြီး ရောဂါမရှိကြောင်း အဖြေရရှိမှသာ နေပြည်တော်ကောင်စီနယ်မြေအတွင်းသို့ ဝင်ရောက်ရန်။

(၄) သံသယဖြစ်ဖွယ် ရောဂါလက္ခဏာတွေ့ရှိပါက သက်ဆိုင်ရာ ဆေးရုံသို့ ချက်ချင်းပို့ဆောင်ပြီး လိုအပ်သော ဆေးကုသမှု ကို ခံယူရန်။

၃။ ရောဂါဖြစ်ပွားရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များရှိ Stay at Home သတ်မှတ်ထားသော မြို့နယ်များမှဖြစ်စေ၊ ရောဂါဖြစ်ပွားနေသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဖြစ်သော်လည်း ရောဂါကူးစက်ခံရမှု မရှိသေးသော မြို့နယ်များမှဖြစ်စေ၊ ရောဂါဖြစ်ပွားခြင်း မရှိသေးသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များမှဖြစ်စေ နေပြည်တော်သို့ လာရောက်သူများအနက် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဆက်သွယ်ဆောင်ရွက်ရမည့် လုပ်ငန်းများရှိသဖြင့် နေပြည်တော်သို့ လာရောက်ရန် အကြောင်းကြားစာရရှိသည့်သူများမှအပ မည်သူမဆို ဓာတ်ခွဲစစ်ဆေးရာ၌ ကုန်ကျမည့်စရိတ်အား ကာယကံရှင်မှ ကျခံရမည်ဖြစ်ပါသည်။

၄။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များမှ နေပြည်တော်သို့ လာရောက်သူများအနေဖြင့် မိမိတို့ လုပ်ငန်းတာဝန်ပြီးမြောက်သည်နှင့် နေရပ်သို့ ပြန်လည်ထွက်ခွာရေး လိုအပ်သည်များ ကြပ်မတ်ဆောင်ရွက်သွားရန် ဖြစ်ပါသည်။

၅။ အထက်ပါကြေညာချက်များအား အများပြည်သူများအနေဖြင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပြီး မည်သည့်မြို့သို့ သွားရောက်ခဲ့ကြောင်း တင်ပြရန် ငြင်းဆန်သူများ၊ နေရပ်လိပ်စာလည်ဖော်ပြခြင်း၊ သွားရောက်ခဲ့သည့်နေရာအား မမှန်မကန်ဖြေကြားခြင်း၊ စစ်ဆေးမှုကိုကြည်ဖြူစွာ ပူးပေါင်းဆောင်ရွက်ခြင်း မရှိသူများအား သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေ ပုဒ်မ ၂၅ အရ အရေးယူဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၆။ သို့ဖြစ်ရာ ဤအသိပေးကြေညာချက်အား ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၂ ရက်မှ စတင်၍ အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ပြီး နောက်ထပ်အမိန့်တစ်စုံတစ်ရာမထုတ်ပြန်မီ အချိန်အထိ ဤအသိပေးကြေညာချက်သည် အတည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာလိုက်သည်။

**ဒေါက်တာမျိုးအောင်**
**ဥက္ကဋ္ဌ**
**နေပြည်တော်ကောင်စီ**

# ရခိုင်ပြည်နယ် စစ်တွေ၊ ပေါက်တောနှင့် မာန်အောင်မြို့တို့တွင် "မိမိဆန္ဒအလျောက်" တွဲဖက်တာဝန်ထမ်းဆောင်မည့် ဆရာဝန်နှင့် သူနာပြုများ စစ်တွေမြို့သို့ ရောက်ရှိ

**နေပြည်တော် စက်တင်ဘာ ၃**



ရခိုင်ပြည်နယ် စစ်တွေ၊ ပေါက်တောနှင့် မာန်အောင်မြို့တို့တွင် ကိုဗစ် – ၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေး လုပ်ငန်းများ၌ "မိမိဆန္ဒ အလျောက်" တွဲဖက်တာဝန်ထမ်းဆောင်မည့် ဆရာဝန်နှင့် သူနာပြုများသည် ယနေ့ နံနက်ပိုင်းတွင် မြန်မာအမျိုးသားပိုင် လေကြောင်းလိုင်းမှ အထူးလေယာဉ်ဖြင့် စစ်တွေမြို့သို့ ရောက်ရှိကြသည်။

အဆိုပါအဖွဲ့တွင် လက်ထောက် ဆရာဝန် (ဆေးပညာ) တစ်ဦး၊ လက်ထောက် ဆရာဝန်နှစ်ဦးနှင့် သူနာပြုလေးဦးတို့ကို ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာ စိုင်းဝင်းဇော်လှိုင်နှင့် တာဝန်ရှိသူများက စစ်တွေလေဆိပ်၌ ကြိုဆိုကြသည်။ **(ယာပုံ)**

အလားတူ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ "မိမိဆန္ဒအလျောက်အဆိုပြုခဲ့သည့်" ဝန်ထမ်း ၁၂၈ ဦးသည် ရခိုင်ပြည်နယ်အတွင်းရှိ စစ်တွေ၊ ကျောက်ဖြူ၊ အမ်း၊ ပေါက်တောနှင့် မာန်အောင်မြို့များ၌ ကိုဗစ် – ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အားဖြည့်ဆောင်ရွက်လျက်ရှိသည်။

ယင်းဝန်ထမ်းများတွင် ညွှန်ကြားရေးမှူးနှစ်ဦး၊ ဒုတိယညွှန်ကြားရေးမှူးနှစ်ဦး၊ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးနှစ်ဦး၊ ရောဂါဗေဒအထူးကု ဆရာဝန်ကြီး တစ်ဦး၊ လက်ထောက်ညွှန်ကြားရေးမှူးတစ်ဦး၊ လက်ထောက်ဆရာဝန် (မေ့ဆေးအထူးကု) သုံးဦး၊ လက်ထောက်ဆရာဝန် (ဆေးပညာအထူးကု) သုံးဦး၊ လက်ထောက်ဆရာဝန် (ရောဂါဗေဒ) တစ်ဦး၊ လက်ထောက်ဆရာဝန် (အဏု ဇီဝဗေဒ) တစ်ဦး၊ လက်ထောက်ဆရာဝန် ၃၈ ဦး၊ သွားနှင့် ခံတွင်းဆရာဝန်တစ်ဦး၊ သူနာပြုဆရာအုပ်တစ်ဦး၊ သူနာပြုဆရာမကြီးနှစ်ဦး၊ လက်ထောက် ကျန်းမာရေးမှူး ရှစ်ဦး၊ ဆေးဘက်ကျွမ်းကျင် – ၂ (ဓာတ်မှန်) နှစ်ဦး၊ ဆေးဘက်ကျွမ်းကျင် – ၂ (ဆေးဝါး) တစ်ဦး၊ ဌာနခွဲစာရေး နှစ်ဦး၊ အထက်တန်းသူနာပြု ၂၀ ၊ သူနာပြု ၃၄ ဦးနှင့် သားဖွားဆရာမ သုံးဦးသည် ၎င်းတို့ တွဲဖက်တာဝန်ကျရာ မြို့နယ်အသီးသီးသို့ ဩဂုတ် ၁၇ ရက်မှ စက်တင်ဘာ ၃ ရက်အတွင်း ရောက်ရှိကြကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ သိရသည်။

**ထက်လျှံ**

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့ အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်–

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
| --- | --- | --- |
| (၁) | ဦးသင့်မြတ်သူ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး<br>ဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး<br>ဝန်ကြီးဌာန |
| (၂) | ဒေါက်တာအောင်ဆွေထွန်း<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>လေ့လာဆန်းစစ်အကဲဖြတ်ရေး<br>အဖွဲ့ (ပညာရေး)<br>ပညာရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>လေ့လာဆန်းစစ်<br>အကဲဖြတ်ရေးအဖွဲ့<br>(ပညာရေး)<br>ပညာရေးဝန်ကြီးဌာန |
| (၃) | ဒေါက်တာ သက်လွင်<br>ဒုတိယပါမောက္ခချုပ်<br>ပခုက္ကူတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ပခုက္ကူတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (၄) | ဒေါက်တာ အောင်အောင်မင်း<br>ဒုတိယပါမောက္ခချုပ်<br>ရတနာပုံတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ရတနာပုံတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |

# ကိုဗစ်-၁၉ စီးပွားရေးကုစားမှုအစီအစဉ်အရ ယာယီနေရပ်စွန့်ခွာသူများအတွက် ထောက်ပံ့

**နေပြည်တော် စက်တင်ဘာ ၃**

ကိုဗစ်–၁၉ စီးပွားရေးကုစားမှု အစီအစဉ် (COVID–19 Economic Relief Plan–CERP) အရ ရခိုင်ပြည်နယ်အတွင်းရှိ IDP/ တိုက်ပွဲရှောင်စခန်းများမှ နေရပ်စွန့်ခွာအိမ်ထောင်စုများအား စားသောက်ကုန်ငါးမျိုးဝယ်ယူရန် အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ၄၀၀၀၀ နှုန်းဖြင့် ထောက်ပံ့နိုင်ရေးအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးဆောင်သည့် ရခိုင်ပြည်နယ် အစိုးရအဖွဲ့သို့ ထောက်ပံ့ငွေ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဩဂုတ် ၂၁ ရက်တွင် Virtual Meeting အဖြစ် ကျင်းပခဲ့ပြီး ဖြစ်သည်။

အဆိုပါ CERP အစီအစဉ်အရ စားသောက်ကုန် ငါးမျိုးဝယ်ယူရန်အတွက် ကျောက်ဖြူမြို့၊ ကျောက်တစ်လုံး IDP စခန်းရှိ အိမ်ထောင်စု ၃၆၃ စုတို့အတွက် ထောက်ပံ့ငွေစုစုပေါင်း ၁၄၅၂၀၀၀၀ အား ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ကျောက်ဖြူခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများက စက်တင်ဘာ ၁ ရက်တွင် ထောက်ပံ့ခဲ့သည်။ **(အောက်ပုံ)**

ထို့အတူ မြောက်ဦးခရိုင် ကျောက်တော်မြို့နယ် ကန်စောက်စုရပ်ရှိ အိမ်ထောင်စု ၁၃၆ စု၊ တောင်မင်းကုလားစုရပ်ရှိ အိမ်ထောင်စု ၁၀၀၊ ဝါးတောင်စုရပ်ရှိ အိမ်ထောင်စု ၂၁၉ စု၊ ညောင်ချောင်းစုရပ်ရှိ အိမ်ထောင်စု ၅၃၈ စု၊ မြို့သစ်ရပ်ကွက် နေပူခံစခန်းရှိ အိမ်ထောင်စု ၃၁၂ စု၊ မီးရထားဘူတာစုရပ်ရှိ အိမ်ထောင်စု ၁၉၄ စု၊ ရှမ်းရွာဘုန်းတော်ကြီးကျောင်းရှိ အိမ်ထောင်စု ၉၈ စု၊ သိမ်ကျောင်းဘုန်းတော်ကြီးကျောင်းရှိ အိမ်ထောင်စု ၈၆ စု၊ ကဝိရတနာဘုန်းကြီးကျောင်းရှိ အိမ်ထောင်စု ၄၄၆ စု၊ မှန်ကျောင်း ဘုန်းတော်ကြီးကျောင်းရှိ အိမ်ထောင်စု ၈၈ စု၊ ဇေတဝိကာရုံ ဘုန်းကြီးကျောင်းရှိ အိမ်ထောင်စု ၃၉ စု၊ မဟာကံကြီးသျှင်ဘုရားရှိ အိမ်ထောင်စု ၁၅၀၊ မြို့တော်ခန်းမရှိ အိမ်ထောင်စု ၁၂၄ စု၊ သိမ်ပြင်ဘုန်းတော်ကြီးကျောင်းရှိ အိမ်ထောင်စု ၅၅ စု၊ ခရစ်တော်ကျောင်းရှိ အိမ်ထောင်စု ၁၂၆ စု၊ မြို့မရွှေကျောင်းရှိ အိမ်ထောင်စု ၁၂၃ စု၊ မြို့နယ်သာသနာ့ဗိမာန်ရှိ အိမ်ထောင်စု ၃၅ စု၊ စုစုပေါင်း ယာယီတိုက်ပွဲရှောင်စုရပ် ၁၇ ခုရှိ အိမ်ထောင်စု ၂၈၆၉ စုတို့အတွက် ထောက်ပံ့ငွေစုစုပေါင်း ၁၁၄၇၆၀၀၀၀ ကို မြောက်ဦးခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများက စက်တင်ဘာ ၃ ရက်တွင် ကျောက်တော်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ လွှတ်တော် ကိုယ်စားလှယ် ဦးမောင်မောင်၊ ကျောက်တော်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်ဝင်းနှင့် ရပ်မိရပ်ဖများရှေ့မှောက်တွင် ထောက်ပံ့ခဲ့ပြီး ထောက်ပံ့ရန် ကျန်ရှိသည့် စစ်တွေ၊ ပေါက်တော၊ ရသေ့တောင်၊ ပုဏ္ဏားကျွန်း၊ မြောက်ဦး၊ မင်းပြား၊ မြေပုံနှင့် အမ်းမြို့နယ်များရှိ တိုက်ပွဲရှောင် နေရပ်စွန့်ခွာသူများအား ထောက်ပံ့ကူညီမှုများ ဆက်လက်လုပ်ဆောင်သွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




# ပိန်းဇလုပ်တိုက်နယ်ဆေးရုံသို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် ကုသရေးလုပ်ငန်းသုံးပစ္စည်းများလှူဒါန်း

**တောင်ငူ စက်တင်ဘာ ၃**

ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးနှင့် ကုသရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန်အတွက် ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပိန်းဇလုပ်တိုက်နယ်ဆေးရုံသို့ စက်တင်ဘာ ၃ ရက်တွင် ရန်ကုန်–မန္တလေး အဆင့်မြှင့်တင်မှု စီမံကိန်း၊ ညောင်လေးပင်–တောင်ငူလမ်းပိုင်း(CP–103) ၏ TOKYU Co.,Ltd ၊ အုတ်တွင်းမြို့ စီမံကိန်းရုံးဒုတိယစီမံကိန်းမန်နေဂျာ ဦးမြင့်ရွှေနှင့်တာဝန်ရှိသူများ၊ မြန်မာ့မီးရထားစီမံကိန်းအင်ဂျင်နီယာ ဦးမင်းချမ်းမွန်တို့ ဦးဆောင်ပြီး ရောဂါကာကွယ်ရေးဝတ်စုံ ၂၀ ၊ နှာခေါင်းစည်း ၅၀ ပါ ဘူး ၆၀ ၊ ဓာတ်ခွဲခန်းသုံးလက်အိတ်ဘူး ၃၀ နှင့် လက်သန့်ဆေးရည်ဘူး ၂၀ တို့ကို ပေးအပ်လှူဒါန်းကြောင်း သိရသည်။

**သူရ (တောင်ငူ)**



# မြန်မာ့ကမ်းရိုးတန်းသွား ကုန်တင်ရေယာဉ်များ ကုန်ပစ္စည်းရရှိမှုပေါ်မူတည်ကာ ပြေးဆွဲပေးလျက်ရှိ

**ရန်ကုန် စက်တင်ဘာ ၃**

မြန်မာကမ်းရိုးတန်းတစ်လျှောက်ရှိ မြို့များသို့ ကုန်စည်ပစ္စည်းများ သယ်ယူပို့ဆောင်ပေးလျက်ရှိသော မြန်မာနိုင်ငံကမ်းရိုးတန်းသွားကုန်တင်ရေယာဉ်များအနေဖြင့် ဩဂုတ်လအတွင်း ကုန်ပစ္စည်းရရှိမှုပေါ် မူတည်ကာ သင်္ဘောများ ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံကမ်းရိုးတန်းသွား ကုန်တင်ရေယာဉ်များအနေဖြင့် ဩဂုတ်လအတွင်း ရန်ကုန်–ကော့သောင်း ခရီးစဉ်၊ ရန်ကုန်–မြိတ်ခရီးစဉ်၊ ရန်ကုန်–စစ်တွေခရီးစဉ်၊ ရန်ကုန်–ထားဝယ်ခရီးစဉ်တို့ကို အသွားအပြန် သင်္ဘော အစင်းရေ ကိုးစင်းဖြင့် ကုန်တန်ချိန် စုစုပေါင်း ၃၆၀၅ တန်ကို သယ်ယူပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။ ထိုသို့ ကုန်စည်များ သယ်ယူပို့ဆောင်ပေးရာတွင် အခြေခံစားကုန်နှင့် ဆောက်လုပ်ရေးပစ္စည်းများကို အဓိကထား သယ်ယူပို့ဆောင်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထို့ပြင် ရခိုင်ကမ်းရိုးတန်းသင်္ဘောပိုင်ရှင်များအသင်းမှ ရန်ကုန်–စစ်တွေခရီးစဉ်ကို သင်္ဘောခြောက်စင်းဖြင့် စားသောက်ကုန်၊ လူသုံးကုန်၊ ဆောက်လုပ်ရေးပစ္စည်းများ ကုန်တန်ချိန် စုစုပေါင်း ၂၈၂၀ တန်ကို ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

လက်ရှိအချိန်တွင် မြန်မာ့ကမ်းရိုးတန်းသွား ကုန်တင်ရေယာဉ်များအနေဖြင့် ကုန်စည်ရရှိမှုအပေါ်မူတည်ကာ ပြေးဆွဲပေးလျက်ရှိပြီး ယခင် မော်တော်ယာဉ်လမ်းများ ဆိုးရွားစဉ် တစ်လလျှင် အစင်း ၄၀ ခန့်အထိ ပြေးဆွဲပေးခဲ့ရကြောင်း သိရသည်။ ထို့ပြင် ထိုင်းနိုင်ငံမှ ကုန်စည်များဝင်ရောက်ရာတွင် မြဝတီလမ်းကို အသုံးပြုသူများလာပြီး ကော့သောင်းဘက်မှ တင်ပို့မှုလျော့နည်းသွားသည့်အတွက် သင်္ဘောအစင်းရေ ကျဆင်းသွားခြင်းဖြစ်ကြောင်း သိရသည်။ မြန်မာနိုင်ငံကမ်းရိုးတန်းသွား ကုန်တင်ရေယာဉ်များအနေဖြင့် ဇူလိုင်လ အတွင်း ရန်ကုန်–ကော့သောင်း၊ ရန်ကုန် – မြိတ်၊ ရန်ကုန်– စစ်တွေ၊ ရန်ကုန်– ထားဝယ်ခရီးစဉ်တို့ကို အသွားအပြန် သင်္ဘောအစင်းရေ ၁၃ စင်းဖြင့် ကုန်တန်ချိန် စုစုပေါင်း ၇၀၆၀ ကို သယ်ယူပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**



# အိန္ဒိယနိုင်ငံ၏ သမ္မတဟောင်းဖြစ်သူ Shri Pranab Mukherjee ကွယ်လွန်သွားသည့်အတွက် ဝမ်းနည်းကြောင်း လက်မှတ်ရေးထိုး

**ရန်ကုန် စက်တင်ဘာ ၃**

နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မြင့်သည် ယနေ့ ညနေ ၃ နာရီတွင် ရန်ကုန်မြို့ အမှတ် (၅၄၅/၅၄၇) ကုန်သည်လမ်းရှိ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံရုံး၌ အိန္ဒိယနိုင်ငံ၏ သမ္မတဟောင်းဖြစ်သူShri Pranab Mukherjee သည် ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၃၁ ရက်တွင် ကွယ်လွန်သွားသည့်အတွက် ဖွင့်လှစ်ထားရှိသော ဝမ်းနည်းခြင်း အထိမ်းအမှတ်စာအုပ်၌ လက်မှတ်ရေးထိုးသည်။ (ဓါတ်ပုံ)

အိန္ဒိယနိုင်ငံ၏ သမ္မတဟောင်းသည် ၂၀၁၂ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ အိန္ဒိယသမ္မတနိုင်ငံ၏ ၁၃ ဦးမြောက် သမ္မတအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ယခုကွယ်လွန်ချိန်တွင် အသက် (၈၄) နှစ်ဖြစ်ကြောင်း သိရသည်။

**ဇော်မင်းလတ်(သတင်းစဉ်)**

# FAO ၏ အာရှ-ပစိဖိတ်ဒေသဆိုင်ရာ (၃၅) ကြိမ်မြောက် ဒေသတွင်းအစည်းအဝေးကျင်းပ

**နေပြည်တော် စက်တင်ဘာ ၃**

ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့ (FAO) ၏ အာရှ-ပစိဖိတ်ဒေသဆိုင်ရာ (၃၅) ကြိမ်မြောက် ဒေသတွင်း အစည်းအဝေးကို FAO Regional Office က ကြီးမှူး၍ ဘူတန်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံဆောင်ရွက်ပြီး Virtual Mode ဖြင့် စက်တင်ဘာ ၁ ရက်မှ ၄ ရက်အထိ လေးရက်ကြာ ကျင်းပသွားမည်ဖြစ်ရာ အစည်းအဝေးသို့ မြန်မာနိုင်ငံမှ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆွေလင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန္တာကြည်နှင့် အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ရေးဌာနခွဲ ညွှန်ကြားရေးမှူး ဒေါ်ခင်မာဦးတို့ ပါဝင်တက်ရောက်ကြကာ စီမံကိန်းဦးစီးဌာန အရာထမ်း၊ အမှုထမ်း ၁၂ ဦးတို့က လေ့လာသူများအဖြစ် ပါဝင်တက်ရောက်ကြသည်။ (ယာပုံ)



ဒေသတွင်းအစည်းအဝေးတွင် အဆင့်မြင့်အရာရှိကြီးများအစည်းအဝေး (SOM)ကို စက်တင်ဘာ ၁ ရက်နှင့် ၂ ရက်များတွင်လည်းကောင်း၊ ဝန်ကြီးများအဆင့် အစည်းအဝေး (Ministerial Meeting) ကို စက်တင်ဘာ ၃ ရက်နှင့် ၄ ရက်များတွင်လည်းကောင်း အပိုင်း(၂)ပိုင်းဖြင့် ကျင်းပခြင်းဖြစ်ပြီး အစည်းအဝေးသို့ ဒေသတွင်း အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ် ၃၅၃ ဦး တက်ရောက်ကြသည်။

အစည်းအဝေးပထမရက်တွင် သဘာပတိ၊ ဒုတိယသဘာပတိနှင့် Rapporteur တို့ကို ရွေးချယ်ခြင်း၊ အစည်းအဝေးအစီအစဉ်များကို အတည်ပြုခြင်း၊ အစည်းအဝေး အစီအစဉ်ပါ အကြောင်းအရာခေါင်းစဉ်များအလိုက် ဆွေးနွေးကြခြင်းများကို ဆောင်ရွက်ကြသည်။

Virtual Mode ဖြင့် လေးရက်ကြာကျင်းပသည့် အဆိုပါ အစည်းအဝေး၏ အဆင့်မြင့် အရာရှိကြီးများအစည်းအဝေးတွင် ကိုဗစ်-၁၉ ရိုက်ခတ်မှုကြောင့် ဒေသတွင်း နိုင်ငံများ၏ စားနပ်ရိက္ခာနှင့် စိုက်ပျိုးမွေးမြူရေးကဏ္ဍအပေါ် သက်ရောက်မှုနှင့် FAO ၏ တုံ့ပြန် ဆောင်ရွက်ပေးမှုများအပေါ် အဖွဲ့ဝင်နိုင်ငံများက ဆွေးနွေးခြင်း၊ စိုက်ပျိုးရေးဆိုင်ရာ ရေစီမံခန့်ခွဲမှုအတွက် ဒေသတွင်းဦးစားပေး အစီအစဉ်များ ချမှတ်ခြင်း၊ ပစိဖိတ်ဒေသတွင်း စားနပ်ရိက္ခာနှင့် အာဟာရပြည့်ဝရေး သေချာစေရန် လုပ်ကွက်ငယ်ရေလုပ်သားများအတွက် ပြန်လည်ထူထောင်ရေး အစီအစဉ်များ ချမှတ်ရေး၊ အာရှနှင့် ပစိဖိတ်ဒေသတွင်း နိုင်ငံများအတွက် ဘေးဒဏ်ခံနိုင်ပြီး ရေရှည်တည်တံ့သည့် စားနပ်ရိက္ခာစနစ် ထူထောင်ခြင်းဆိုင်ရာနှင့် Multi-year Programme of Work (MYPOW) (2020-2023) ရေးဆွဲရေး၊ FAO ၏ (၂၀၁၈-၂၀၁၉) ခုနှစ်အတွင်း ဆောင်ရွက်နိုင်ခဲ့သည့် ရလဒ်များ၊ FAO ၏ New Strategic Framework နှင့် (၂၀၂၀-၂၀၂၁) ခုနှစ်အတွင်း ဒေသတွင်း ကနဦး အကောင်အထည်ဖော်ဆောင်ရွက်မှုများအတွက် ပြန်လည်စိစစ်သုံးသပ်ရေးဆွဲခြင်းကိစ္စရပ်များ၊ ဗဟိုအဆင့်မှ ဒေသတွင်းနိုင်ငံများ၏ လိုအပ်ချက်များအရ ချဉ်းကပ်ဆောင်ရွက်မည့် စနစ်သို့ ကျင့်သုံးမည့် Decentralized Offices Business Model အပေါ် ပြန်လည်စိစစ်သုံးသပ်ခြင်း ကိစ္စရပ်များ၊ နောက်တစ်ကြိမ်ကျင်းပမည့် FAO ၏(၃၆) ကြိမ်မြောက် ဒေသတွင်း အစည်းအဝေးရက်နှင့် ကျင်းပမည့်နေ့ရက် ရွေးချယ်အတည်ပြုခြင်းတို့ကို ဆွေးနွေးဆုံးဖြတ်ကြသည်။

စက်တင်ဘာ ၃ ရက်မှ ၄ ရက်အထိ ကျင်းပမည့် ဝန်ကြီးများအဆင့် အစည်းအဝေးသို့ စီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် အဖွဲ့ဝင်များ ဆက်လက်တက်ရောက်သွားမည်ဖြစ်ပြီး ယင်းအစည်းအဝေးတွင် ဒေသတွင်းနိုင်ငံများ၏ ကိုယ်စားလှယ်များက SOM Meeting Report ကို အတည်ပြုခြင်း၊ သဘာပတိ၊ ဒုတိယသဘာပတိနှင့် Rapporteur တို့ကို ရွေးချယ်ခြင်း၊ FAO ညွှန်ကြားရေးမှူးချုပ်၊ FAO Council ၏ Independent Chairperson၊ World Food Security ဆိုင်ရာ Committee ၏ Chairperson ၊ CSO နှင့် Private Sector တို့က ပုဂ္ဂိုလ်များ၊ ဒေသတွင်းနိုင်ငံများ၏ Head of Delegation များက Statement များ ဖတ်ကြားခြင်း၊ SDGs ကို အောင်မြင်စွာ ဖော်ဆောင်နိုင်ရေး၊ စိုက်ပျိုးမွေးမြူရေးကဏ္ဍတွင် တီထွင်ဆန်းသစ်မှုနှင့် နည်းပညာအသုံးပြုမှု အရှိန်မြှင့်တင်ရေးအတွက် အကြံပြုဆွေးနွေးမှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

**ညီညီသန်း(နေပြည်တော်)**

## မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းမှ စုစည်းတင်ပြသော ၂၀၂၀ ပြည့်နှစ် ဩဂုတ်လ ၂၅ ရက်နေ့မှ စက်တင်ဘာလ ၁ ရက်နေ့အထိ ထွက်ရှိသော စာအုပ်စာရင်း

| စဉ် | စာအုပ်အမည် | စာရေးသူ | ထုတ်ဝေသူ | ဈေးနှုန်း |
|---|---|---|---|---|
| ၁ | ပိဋကတ်တော်လာ ထူးခြားဆန်းပြား ဝတ္ထုများ | အရှင်တေဇနိယ-ပဋ္ဌာန်း အလင်းရောင်ဆရာတော် | Global Piece Group | ၂၅၀၀ |
| ၂ | ဉာဏ်လမ်းပေါ်လျှောက်လျှင် ဉာဏ်ပါမှ | ထင်ကျော် (စက်မှုတက္ကသိုလ်) | မျိုးဆက်သစ် | ၃၀၀၀ |
| ၃ | လင်ကောင်းမရသော မိန်းမများအကြောင်း | Dr မြတ်သန့် | အရုဏ်သစ်စာပေ | ၄၀၀၀ |
| ၄ | သားငယ်သမီးငယ်တို့အတွက် ဉာဏ်ရည်ထက်မြက်စေမည့် သင်္ချာစွမ်းရည်ပုစ္ဆာများ Level -1 | ဒေါက်တာရတနာလင်းဦး | မဇ္ဈိမ | ၂၀၀၀ |
| ၅ | တရားနဲ့နေတတ်ဖို့ | အရှင်ဥဒ္ဒေယ | ဓမ္မပန်းခင်းစာပေ | ၂၅၀၀ |
| ၆ | မျိုးမြို့ | မသီတာ(စမ်းချောင်း) | ငါတို့စာပေ | ၂၅၀၀ |
| ၇ | ဝန်ကြီးချုပ်ခင်ဗျား | အညာသား(ရွှေဘို) | စိတ်ကူးချိုချို | ၂၀၀၀ |
| ၈ | အချစ်၏ အခြားသောမျက်နှာစာ | တင်မောင်မြင့် | လင်းလွန်းခင် | ၃၅၀၀ |
| ၉ | စာပေမှတ်တမ်းများကပြောသော မြန်မာ့သမိုင်း (အေဒီ-၁၃၆၄-၁၈၈၅) | ဒေါက်တာတိုးလှ | ကြီးပွားရေး စာအုပ်တိုက် | ၄၅၀၀ |
| ၁၀ | တစ်ခေတ်တစ်ခါက အောင်မြင်ထင်ရှားသဘင်ပညာရှင်များ | ဦးသော်ဇင် | စိတ်ကူးချိုချို | ၄၀၀၀ |
| ၁၁ | ဓမ္မယံ | မင်းသုဝဏ် | စိတ်ကူးချိုချို | ၃၀၀၀ |
| ၁၂ | Covid 19 အသုံးချ အတတ်ပညာ | အရှင်တေဇနိယ-ပဋ္ဌာန်း အလင်းရောင်ဆရာတော် | Global Piece Group | ၂၀၀၀ |
| ၁၃ | သူငယ်ချင်း ကဗျာပေါင်းချုပ် | တက္ကသိုလ်မင်းဇော် | စိတ်ကူးချိုချို | ၇၅၀၀ |

*(ဆက်လက်ဖော်ပြပါမည်)*



# ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ TERUMO SINGAPORE PTE, LTD (ရန်ကုန်ရုံးခွဲ)က အကြောဆေးသွင်းရာတွင် ထိန်းညှိပေးသောစက် ငါးလုံး ပေးအပ်လှူဒါန်းပွဲကျင်းပ

**ရန်ကုန် စက်တင်ဘာ ၃**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ TERUMO SINGAPORE PTE, LTD (ရန်ကုန်ရုံးခွဲ)မှ အကြောဆေးသွင်းရာတွင် ထိန်းညှိပေးသောစက် (Infusion Pumps) ငါးလုံး ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၃ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ဗိုဝကလမ်းရှိ ဆေးသုတေသနဦးစီးဌာန(ရုံးချုပ်) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

လှူဒါန်းပွဲ အခမ်းအနားတွင် ဆေးသုတေသဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာဇော်သန်းထွန်းက အမှာစကားပြောကြားပြီး TERUMO SINGAPORE PTE, LTD (ရန်ကုန်ရုံးခွဲ)မှ အရောင်းနှင့် ဈေးကွက်မြှင့်တင်ရေးမန်နေဂျာ ဒေါက်တာနေမြတ်ထွဋ်က လှူဒါန်းရခြင်းအကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာဇော်သန်းထွန်းထံ အရောင်းနှင့် ဈေးကွက်မြှင့်တင်ရေး မန်နေဂျာ ဒေါက်တာနေမြတ်ထွဋ်က အကြောဆေးသွင်းရာတွင် ထိန်းညှိပေးသောစက် ငါးလုံးကို ပေးအပ်လှူဒါန်းပြီး ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာဇော်သန်းထွန်းက ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်သည်။

ယနေ့လှူဒါန်းပွဲတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေး လုပ်ငန်းများတွင် အသုံးပြုရန်အတွက် TERUMO SINGAPORE PTE, LTD (ရန်ကုန်ရုံးခွဲ)က အမေရိကန်ဒေါ်လာ ၅၀၀၀ တန်ဖိုးရှိ Infusion Pumps ငါးလုံးကို လှူဒါန်းခဲ့ခြင်းဖြစ်သည်။

**ဇော်မင်းလတ်(MNA)**

# COVID–19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၃-၉-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

၁။ (၃-၉ -၂၀၂၀) ရက်နေ့အတွက် COVID–19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင်–

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ (ပထမအသုတ်) ဓာတ်ခွဲနမူနာ (၅၃၁)ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲနမူနာ (၁၈၁) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲနမူနာ (၉၄) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့မှ ဓာတ်ခွဲနမူနာ (၁၅၃) ခု၊
- နေပြည်တော် ပြည်သူ့ဆေးရုံကြီး ခုတင် (၁၀၀၀)မှ ဓာတ်ခွဲနမူနာ (၉) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ပုသိမ်မှ ဓာတ်ခွဲနမူနာ (၁၂) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ မြောင်းမြမြို့မှ ဓာတ်ခွဲနမူနာ (၁) ခုနှင့်
- ပြည်သူ့ဆေးရုံကြီး၊ ပြင်ဦးလွင်မှ ဓာတ်ခွဲနမူနာ (၁)ခု
- စုစုပေါင်း (၁,၁၂၇)ခု အား ယနေ့၊ ညနေတွင် စစ်ဆေးပြီးစီးခဲ့ရာ –
- • COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၅၃) ဦး တွေ့ရှိရပါသည်။

၂။ (၃-၉-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၁,၁၁၁) ဦး ရှိပြီဖြစ်ပါသည်။

၃။ ဓာတ်ခွဲအတည်ပြုလူနာဟောင်း (old confirmed case) များ၏ ဓာတ်ခွဲနမူနာစစ်ဆေးမှုတွင် (၂) ကြိမ်ဆက်တိုက် ပိုးမတွေ့ရှိသူ စုစုပေါင်း (၃၅၉) ဦး ရှိပါသည်။ ၎င်းတို့အနက် (၃၅၆) ဦးအား ဆေးရုံမှ ဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာ ဆက်လက်ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆)ဦး ရှိပါသည်။

၅။ (၂-၉-၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၃-၉-၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၈၂) ဦးရှိပါသည်။

၆။ ဓာတ်ခွဲစစ်ဆေးမှုများပြီးစီးချိန်နှင့် သတင်းထုတ်ပြန်ချိန်အကြား အချိန်တိုတောင်းခြင်းကြောင့် ဓာတ်ခွဲအတည်ပြုလူနာသစ်များ၏ သတင်းအချက်အလက်များကို ထပ်မံထုတ်ပြန်မည်ဖြစ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

(၃-၉-၂၀၂၀) ရက်နေ့အတွက် ည (၈:၀၀) နာရီအချိန်အထိ ဓာတ်ခွဲစစ်ဆေးခဲ့သော နမူနာ (၁,၁၂၇) ခုအနက် အတည်ပြုလူနာ (၅၃) ဦး တွေ့ရှိရမှုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ နေပြည်တော် | မြို့နယ် | အတည်ပြု လူနာ (ဦးရေ) |
|---|---|---|---|
| ၁ | မွန်ပြည်နယ် | မုဒုံမြို့နယ် * | ၁ |
| | | မော်လမြိုင်မြို့နယ် ** | ၁ |
| ၂ | မန္တလေးတိုင်းဒေသကြီး | မဟာအောင်မြေမြို့နယ် | ၁ |
| ၃ | ရန်ကုန်တိုင်းဒေသကြီး | သာကေတမြို့နယ် | ၅ |
| | | သဃ်န်းကျွန်းမြို့နယ် | ၃ |
| | | မင်္ဂလာဒုံမြို့နယ် | ၂ |
| | | ဗဟန်းမြို့နယ် *** | ၂ |
| | | လှိုင်မြို့နယ် | ၁ |
| | | ကြည့်မြင်တိုင်မြို့နယ် | ၁ |
| | | ရန်ကင်းမြို့နယ် | ၁ |
| | | စမ်းချောင်းမြို့နယ် | ၁ |
| | | ဒဂုံဆိပ်ကမ်းမြို့နယ် *** | ၁ |
| | | ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် *** | ၁ |
| | | အင်းစိန်မြို့နယ် ** | ၁ |
| ၄ | ရှမ်းပြည်နယ် (တောင်ပိုင်း) | လွိုင်လင်မြို့နယ် ** | ၁ |
| ၅ | ရခိုင်ပြည်နယ် | စစ်တွေမြို့နယ် | ၁၈ |
| | | မင်းပြား | ၁၂ |

(*) ပြည်ပနိုင်ငံမှ ပြန်လည်ရောက်ရှိလာသူဖြစ်၍ မွန်ပြည်နယ်၊ မော်လမြိုင်မြို့နယ်တွင် အသွားအလာကန့်သတ်ထားရှိပါသည်။

(**) ပြည်ပနိုင်ငံမှ ပြန်လည်ရောက်ရှိလာသူများဖြစ်၍ ရန်ကုန်တိုင်းဒေသကြီးတွင် အသွားအလာကန့်သတ်ထားရှိပါသည်။

(***) ရခိုင်ပြည်နယ်သို့ ခရီးသွားရာဇဝင်ရှိသူများ ဖြစ်ပါသည်။

### COVID–19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေ ထုတ်ပြန်ချက်
(၃-၉-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

| | |
|---|---|
| (၃-၉-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၅၃၁) ခု |
| (၃-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၈၁) ခု |
| (၃-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၉၄) ခု |
| (၃-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး (စစ်တွေမြို့) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၅၃) ခု |
| (၃-၉-၂၀၂၀) ရက်နေ့တွင် နေပြည်တော် ပြည်သူ့ဆေးရုံကြီး ခုတင် (၁၀၀၀)မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၉) ခု |
| (၃-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး (ပုသိမ်မြို့) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၂) ခု |
| (၃-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး (မြောင်းမြမြို့) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁) ခု |
| (၃-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး (ပြင်ဦးလွင်မြို့) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁)ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) | (၅၃) ဦး |

### COVID–19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေ ထုတ်ပြန်ချက်
(၃-၉-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၅၃) ဦး | (၁၁၁၁) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၀) ဦး | (၃၅၉) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

❐ *ကျောဖုံးမှ*

(၂-၉-၂၀၂၀) ရက်နေ့အတွက် ထပ်မံဓာတ်ခွဲစစ်ဆေးခဲ့သော နမူနာ (၁,၁၄၄) ခုအနက် ဓာတ်ခွဲအတည်ပြုလူနာသစ် (၆၃) ဦး တွေ့ရှိရမှုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ နေပြည်တော် | မြို့နယ် | အတည်ပြု လူနာ (ဦးရေ) |
|---|---|---|---|
| ၁ | ရန်ကုန်တိုင်းဒေသကြီး | တာမွေမြို့နယ် | ၉ |
| | | ပုဇွန်တောင်မြို့နယ် | ၆ |
| | | စမ်းချောင်းမြို့နယ် | ၃ |
| | | ဗိုလ်တထောင်မြို့နယ် | ၂ |
| | | မင်္ဂလာဒုံမြို့နယ် | ၂ |
| | | တောင်ဥက္ကလာပမြို့နယ် | ၂ |
| | | မြောက်ဥက္ကလာပမြို့နယ် | ၂ |
| | | သန်လျင်မြို့နယ် | ၂ |
| | | လှိုင်မြို့နယ် | ၂ |
| | | မရမ်းကုန်းမြို့နယ် | ၁ |
| | | သဃ်န်းကျွန်းမြို့နယ် | ၁ |
| | | လှိုင်သာယာမြို့နယ် | ၁ |
| | | အင်းစိန်မြို့နယ် | ၁ |
| | | အလုံမြို့နယ် | ၁ |
| | | မင်္ဂလာတောင်ညွန့်မြို့နယ် | ၁ |
| ၂ | ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် | လယ်ဝေးမြို့နယ်* | ၁ |
| ၃ | ရခိုင်ပြည်နယ် | စစ်တွေမြို့နယ် | ၁ |
| ၄ | ပဲခူးတိုင်းဒေသကြီး | ဒိုက်ဦးမြို့နယ်** | ၂၄ |
| ၅ | ရှမ်း ပြည်နယ် (တောင်ပိုင်း) | ကလောမြို့နယ် | ၁ |

* တစ်ဦးသည် ပြည်ပနိုင်ငံမှ ပြန်လည်ရောက်ရှိလာသူဖြစ်၍ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်တွင် အသွားအလာကန့်သတ်ထားရှိပါသည်။

**(၂၁) ဦးသည် ပြည်ပနိုင်ငံမှ ပြန်လည်ရောက်ရှိလာသူဖြစ်၍ (၃) ဦးသည် ရခိုင်ပြည်နယ်သို့ ခရီးသွားရာဇဝင်ရှိသူဖြစ်ပြီး၊ ဒိုက်ဦးမြို့နယ်တွင် အသွားအလာကန့်သတ်ထားရှိပါသည်။

### COVID–19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်
(၃-၉-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ

| | |
|---|---|
| (၂-၉-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (ဒုတိယအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၅၁၀) ခု |
| (၂-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ (ဒုတိယအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၄၁) ခု |
| (၂-၉-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာနမှ စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၃၇၁) ခု |
| (၂-၉-၂၀၂၀) ရက်နေ့တွင် ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁,၀၀၀) မှ စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၁၅) ခု |
| (၂-၉-၂၀၂၀) ရက်နေ့တွင် နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး ခုတင် (၁,၀၀၀) မှ စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၇) ခု |
| COVID–19 (SARS–CoV–2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) | (၆၃) ဦး |

### COVID–19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်
(၃-၉-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID–19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၆၃) ဦး | (၁၀၅၈) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၀) ဦး | (၃၅၉) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |



## မြဝတီမြို့ မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှ မြန်မာရွှေ့ပြောင်းလုပ်သား ၇၇၂ ဦး ဝင်ရောက်

မြဝတီ စက်တင်ဘာ ၃

ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းလုပ်သား ၇၇၂ ဦးသည် မြဝတီမြို့ မြန်မာ–ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် ယနေ့တွင် ဆက်လက် ဝင်ရောက်လာကြောင်း သိရသည်။ (ဓါတ်ပုံ)

ပြန်လည်ဝင်ရောက်လာသူများအား ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ချမ်းငြိမ်းနှင့် တာဝန်ရှိသူများက ကြိုဆိုပြီး ကျန်းမာရေးစစ်ဆေးမှုနှင့် အခြားသော လိုအပ်ချက်များကို ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ ခရိုင်၊ မြို့နယ်မှ တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသူများ အနေဖြင့် မေ ၁ ရက်မှ ၃၁ ရက်အထိ ၁၁၆၈၀၊ ဇွန် ၁ ရက်မှ ၃၀ ရက်အထိ ၂၅၃၃၈ ဦး၊ ဇူလိုင် ၁ ရက်မှ ၃၁ ရက်အထိ ၁၈၅၉၇ ဦး၊ ဩဂုတ် ၁ ရက်မှ ၃၁ ရက်အထိ ၁၅၉၉၈ ဦး၊ စက်တင်ဘာ ၁ ရက်မှ ၃ ရက်အထိ ၁၈၆၇ ဦး စုစုပေါင်း ၇၃၄၈၀ တို့ ပြန်လည်ဝင်ရောက်ခဲ့ပြီးဖြစ်သည်။

ယနေ့ ပြန်လည်ဝင်ရောက်သူများမှာ တိုင်းဒေသကြီး၊ ပြည်နယ်များမှ အမျိုးသား ၄၇၈ ဦး၊ အမျိုးသမီး ၂၉၄ ဦး စုစုပေါင်း ၇၇၂ ဦးဖြစ်ပြီး သက်ဆိုင်ရာ အသွားအလာကန့်သတ်စောင့်ကြည့်ရေးစခန်းများသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**ထိန်လင်းအောင်**
(ပြန်/ဆက်)

## မြန်မာ့ရုပ်ရှင် နှစ်တစ်ရာပြည့် အထိမ်းအမှတ်

# မင်းသားကြီးမြင့်စိုးနှင့် ရုပ်ရှင်စကားဝိုင်း

### ဒါရိုက်တာကြည်စိုးထွန်း တွေ့ဆုံမေးမြန်းသည်

*ဩဂုတ် ၃၁ ရက် မှအဆက်*

**မင်းသားကြီးမြင့်စိုး** ။ ။ ကျွန်တော်သေသွားတော့မှ ဖိုးပါကြီးနဲ့မေရီမြင့်နဲ့ ပြန်ပေါင်းတာ။

**ကြည်စိုးထွန်း** ။ ။ သြော် ဟုတ်ကဲ့ ။

**မင်းသားကြီးမြင့်စိုး** ။ ။ ကျွန်တော့်အခန်း နည်းတဲ့အတွက် အောက်က ပရိသတ်က ဝေဖန်ကြတယ်ပေါ့ ဆရာရယ်၊ နောက်တော့ ကျွန်တော် အဲဒီ "ချစ်ဖေဖေ" မှာ ဆရာဦးချင်းစိန်ကနေပြီးတော့ မောင်မြင့်စိုး မင်းကိုပြန်ရိုက်မယ်။ "ချစ်ဖေဖေ" ရိုက်မယ်ဆိုတော့ ကိုသန်းနွဲ့တို့၊ ဖိုးပါလေးတို့၊ ပါနောက်တို့ ပါတယ်။ အဲဒီဇာတ်ကားထဲမှာ ဆရာဦးချင်းစိန်က ပြဇာတ်ကိုပြန်တင်တဲ့ ဇာတ်ကား ဖြစ်နေတော့ ပြဇာတ်ထဲမှာ အောင်မြင်သလို မောင်မြင့် ကျွန်တော့်ကို ပျောက်သွားတဲ့နေရာမှာ ရန်ကုန်မြို့ကို တက်လာပြီးတော့ ပျောက်သွားတော့ လူရွှင်တော်တွေက လိုက်ရှာတာ မောင်မြင့်စိုးလေးရေ ဆိုပြီး။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ပြီ။



သန်းနွဲ့



ဖိုးပါလေး

**(ကြည်+မြင့်)** – မြင့်စိုးရေ မောင်မြင့်စိုးလေးရေ။

**မင်းသားကြီးမြင့်စိုး** ။ ။ လိုက်ရှာတာ ဟာသပေါ့ဆရာရယ် ။

**ကြည်စိုးထွန်း** ။ ။ ဟုတ်တယ်။

**မင်းသားကြီးမြင့်စိုး** ။ ။ လိုက်ရှာတော့ ဇာတ်ကားကြည့်ပြီးတဲ့လူက အဲ့ဒါ အော်ပြီးတော့ ထွက်လာကြတယ်။

**ကြည်စိုးထွန်း** ။ ။ ဟုတ်တယ် မြင့်စိုးလေးရေ မောင်မြင့်စိုးလေးရေ။

**မင်းသားကြီးမြင့်စိုး** ။ ။ မြို့ထဲမှာလည်း ဒီလိုပဲအော်နေကြတယ်။ ကျွန်တော့် အိမ်ရှေ့မှာလည်း မြင့်စိုးရေ မောင်မြင့်စိုးလေးရေ လာအော်တော့တယ်။ ကာတွန်းဆရာတွေက ဘာရေးလဲဆိုတော့ မြင့်စိုးရေ မောင်မြင့်စိုးရေ ကြွက်ဖြူလေးရေဆိုပြီး ကာတွန်းတွေ ရေးကြတယ်ပေါ့။ ကျွန်တော်လည်း အဲဒီဆရာဦးချင်းစိန်ရဲ့ ကျေးဇူးကြောင့် မြင့်စိုးက နာမည်ကြီးသွားတာပေါ့။

**ကြည်စိုးထွန်း** ။ ။ ဟုတ်တာပေါ့။

**မင်းသားကြီးမြင့်စိုး** ။ ။ နာမည်ပါရသွားတယ် ဆရာရယ်။ ဆရာ ဦးချင်းစိန်ကျေးဇူး မမေ့ပါဘူးဆရာ။

**ကြည်စိုးထွန်း** ။ ။ ဟုတ်တယ်၊ ကျွန်တော်လည်း အဲဒါလေး သတိထားမိတယ်။ မြင့်စိုးရေ မောင်မြင့်စိုးလေးရေ ရယ်လည်းရယ်ရတယ်။ ရန်ကုန်မြို့မှာ လူတစ်ယောက်ကို လိုက်ရှာတာ အဲဒီလို လိုက်အော်ပြီးတော့ လိုက်ရှာတာဆိုတော့ ရယ်ရတာပေါ့ဗျာ ။

**မင်းသားကြီးမြင့်စိုး** ။ ။ လိုက်အော်ပြီးတော့ ရှာ၊ တွေ့တဲ့လူကို ခင်ဗျားမြင့်စိုးလား၊ မြင့်စိုးလားဆိုပြီးတော့ မေးတယ်ဆရာ။

**ကြည်စိုးထွန်း** ။ ။ ဟုတ်တယ်၊ ဟုတ်တယ်။

**မင်းသားကြီးမြင့်စိုး** ။ ။ ကိုသန်းနွဲ့ ကျေးဇူးပေါ့ ဆရာ။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ပ့ါဗျာ ကြာလှပြီ။

**မင်းသားကြီးမြင့်စိုး** ။ ။ ကိုသန်းနွဲ့တို့ ဖိုးပါလေးတို့။

**ကြည်စိုးထွန်း** ။ ။ အဲဒါက "ချစ်ဖေဖေ" ၁၉၅၇ ခုနှစ်မှာပေါ့။

**မင်းသားကြီးမြင့်စိုး** ။ ။ ဟုတ်တယ်ဆရာ ။

**ကြည်စိုးထွန်း** ။ ။ အဲဒီမှာရိုက်ပြီးတော့ မြညွန့်ရုပ်ရှင်နဲ့ ဦးဘချစ်လည်း ပါတယ်နော်၊ မေရီမြင့်ပါတယ်၊ မေမြပါတယ်။ မေသန်းကြည်ဆိုတာ ရှိသေးတယ်နော်။

**မင်းသားကြီးမြင့်စိုး** ။ ။ မေသန်းကြည်လည်း ပါတယ်။

**ကြည်စိုးထွန်း** ။ ။ မေသန်းကြည်က ပါနောက်ရဲ့ ဇနီး၊ ပါနောက်က စိုးမြင့်ဆိုပြီးတော့ ရိုက်သေးတယ်နော်။

**မင်းသားကြီးမြင့်စိုး** ။ ။ ဒါရိုက်တာ စိုးမြင့်ဆိုပြီး အသံတိတ်ကားတွေ အများကြီး နာမည်ရတယ်။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့ သူ့ကားတွေလည်း ကျွန်တော်တို့ကြည့်ဖူးတာပေါ့။ ရွှေဘ၊ တင်ညွန့်၊ မေသန်းကြည် အဲဒါတွေ ကျွန်တော်တို့ကြည့်ဖူးတယ်။ မေသန်းကြည်က သူ့ဇနီးပေါ့နော်။

**မင်းသားကြီးမြင့်စိုး** ။ ။ အဲဒီမှာ ဒါရိုက်တာအေဝမ်းပါနောက် ရိုက်တဲ့ ရိုက်ကွက်နဲ့ ပတ်သက်လို့ ဆရာ့ကို တင်ပြလို့ ရမလား။

**ကြည်စိုးထွန်း** ။ ။ ပြောပါဦးခင်ဗျ ကြားရတာပေါ့။

**မင်းသားကြီးမြင့်စိုး** ။ ။ ကြုံလို့ပါဆရာ၊ ဆရာဦးချင်းစိန်ကနေ ပြီးတော့ "ချစ်ဖေဖေ" ဇာတ်လမ်းအရ နောက်ဆုံးကျတော့ ဦးဘချစ်ကြီးက အဖေပေါ့ ဆရာရယ်။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ပါတယ်။

**မင်းသားကြီးမြင့်စိုး** ။ ။ "ချစ်ဖေဖေ" မှန်းသိသွားတော့ ဇာတ်ကသိမ်းသွားပြီ။ သိမ်းသွားတော့ ဆရာဦးချင်းစိန်က ဘာပြောလဲဆိုတော့ သူ့အိမ်မှာ ငါ့ဇာတ်ထုပ်ကတော့ ဇာတ်လမ်းက ပြီးသွားပြီကွာတဲ့၊ သန်းနွဲ့ကလည်းဟာသလေးတွေ တတ်တာကိုး။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး** ။ ။ ကျွန်တော်ရယ်၊ ကိုသန်းနွဲ့ရယ်၊ ကိုပါနောက်၊ ကိုစိုးမြင့်ရယ် ထိုင်နေတုန်းမှာ သန်းနွဲ့ရေတဲ့ ငါ့ကို ending happy ending လေး လုပ်ချင်တယ်ကွာတဲ့၊ plot တစ်ခုလောက် ရယ်စရာလေး တစ်ခုလောက်ထည့်ပေးစမ်းပါကွာတဲ့။ ဦးသန်းနွဲ့က ခေါင်းကုတ်ပြီးတော့ ခက်တယ်ဆရာရယ်တဲ့၊ new plot ဆိုတော့ အခန်းတစ်ခန်း အသစ်လုပ်ရမယ်ဆိုတော့ subject နဲ့လည်း အဆက်အသွယ်မရှိဘူး။ အသစ်လုပ်ရမှာ ကျွန်တော်စဉ်းစားရ ခက်နေတယ် ဆရာရယ်။ အချိန်ပေးပါလားဆိုတော့။



ဦးဘချစ်



မေမြ

**ကြည်စိုးထွန်း** ။ ။ အဆက်အစပ်ရှိမှ ကောင်းတယ်လေ။

**မင်းသားကြီးမြင့်စိုး** ။ ။ အဆက်အစပ်ရှိမှ ကောင်းတယ်ဆိုတော့ အဲဒီတုန်းကတည်းက ကျွန်တော်က ရုပ်ရှင်ကိုတော်တော်လေ့လာနေပြီ။ ရှင်းရှင်းပြောရရင် နိုင်ငံခြားကားတွေ တော်တော်ကြည့်ထားတယ်။ တော်တော်လေးတွေ စာလေးတွေဖတ်ထားတဲ့ ကျေးဇူးပေါ့ ဆရာရယ်။ ကျွန်တော့်ခေါင်းထဲမှာ plot တစ်ခု ပေါ်လာတယ် ။ တိုင်းပြုပြည်ပြုလည်းဖြစ်အောင် plot လည်းကောင်းအောင်ပေါ့ ဆရာရယ်၊ ပေါ်လာတော့ ဆရာ ခင်ဗျားလို့ ကျွန်တော်တော့အကွက်လေးတစ်ကွက် သတိရတယ်၊ ပေါ်လာတယ်ဆရာ၊ ကျွန်တော်ပြောလို့ရပ့ါမလားဆရာ ဆိုတော့၊ ဟေ့ ကောင်းသားပဲ မောင်မြင့်စိုး ပြောစမ်းဆိုတော့၊ ကျွန်တော်က လူရွှင်တော် သုံးယောက်ရှိတယ်လို့ သန်းနွဲ့ရယ်၊ ပါနောက်ရယ်၊ ဖိုးပါလေးရယ်ဆိုတော့ ကျွန်တော်တို့တိုင်းပြည်မှာ ကြည်းတပ် ရေတပ် လေတပ် ရှိတယ်လို့။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး** ။ ။ တစ်ယောက်က ကြည်းတပ်၊ တစ်ယောက်ကလေတပ်၊ တစ်ယောက်က ရေတပ်ပေ့ါ ၊ လုပ်လုပ်ပြီးတော့ တစ်ခါတည်း ချီတက်သွားတာပြ၊ ချီတက်တာပြပြီးတော့ သူတို့က ရုပ်လိုက်မယ်၊ ရုပ်လိုက်ပြီးတော့ ဘာပြောမလဲဆိုတော့ ဟေ့ မြင့်စိုးတို့၊ ဦးချင်းစိန်တို့ ဘာတို့ကလည်း ချစ်ဖေဖေတွေ့ပြီ၊ တို့လည်း ချစ်ဖေဖေတွေ့ပြီကွ ဟိုမှာပဲ တို့ချစ်ဖေဖေဆိုပြီးတော့ လက်ညှိုးထိုး



ရွှေဘ



တင်ညွန့်

လိုက်ချိန်မှာ ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်ကြီး။

**ကြည်စိုးထွန်း** ။ ။ ကြေးရုပ်ကြီး ။

**မင်းသားကြီးမြင့်စိုး** ။ ။ ပြချင်တယ်။ အဲဒီတော့. . ဟာကောင်းတယ်ကွတဲ့။ တော်တော် သဘောကျသွားတယ်၊ ဟာ တိုင်းပြုပြည်ပြုလည်းဖြစ်တယ်။ happy ending လည်းဖြစ်တယ်၊ ဘယ်သူ့ကို သွားရိုက်ခိုင်းလဲဆိုတော့ ဒါဆရာ ဦးစိုးမြင့်ကို ဟိုဒင်းဖြစ်တာမဟုတ်ပါဘူး ကြုံလို့ပြောပြတာပါ။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး** ။ ။ ဆရာဦးစိုးမြင့်က သွားရိုက်တယ်။

**ကြည်စိုးထွန်း** ။ ။ သြော် ပါနောက်။

**မင်းသားကြီးမြင့်စိုး** ။ ။ ပါနောက်က ဘယ်လိုသွားရိုက်လဲဆိုတော့ ချီတက်တာ သုံးယောက် ချီတက်လာတာကို တစ်ခါတည်းကင်မရာ Pan ပေ့ါဆရာ။ Pan shot ရိုက်ပြီးတော့ ဗိုလ်ချုပ်အောင်ဆန်းကြီးက Bound ထဲဝင်လာတယ်။



မေသန်းကြည်



ပါနောက်

**ကြည်စိုးထွန်း** ။ ။ သြော် ကြေးရုပ်ကြီးက။

**မင်းသားကြီးမြင့်စိုး** ။ ။ ကြေးရုပ်ကြီး Bound ထဲကိုဝင်လာတယ်၊ အမှန်မှာ Bound ထဲမဝင်ရဘူး။

**ကြည်စိုးထွန်း** ။ ။ မဝင်ရဘူးလေ၊ ဒါ ဟိုဟာပေ့ါ ဖွက်ထားတာ ။

**မင်းသားကြီးမြင့်စိုး** ။ ။ Bound ထဲမဝင်ရမှ understood ပေ့ါ ဆရာရယ်။ နောက်တော့မှ လက်ညှိုးထိုးမှ Close Up နဲ့ ပြမယ်။ ဟုတ်လားဆရာ ကျွန်တော်က သဘောပေါက်ပြီးသား။ ဒါပေမယ့် ကျွန်တော် ရိုက်ကွက်ကို ကျွန်တော် မပြောဘူးပေ့ါ။ ခုနက plot ပဲပြောတယ်။ ကိုယ်က ဒါရိုက်တာမှ မဟုတ်ဘဲ ဆရာရဲ့။ ဦးစိုးမြင့်က ဒါရိုက်တာဆိုတော့ သူပဲရိုက်တာ။ သွားရိုက်တော့ ကင်မရာ Bound ထဲကို ဗိုလ်ချုပ်အောင်ဆန်းကြီးပြတော့။

**ကြည်စိုးထွန်း** ။ ။ ကြေးရုပ်ကြီးမှန်းသိ။

**မင်းသားကြီးမြင့်စိုး** ။ ။ ဒါ တို့ချစ်ဖေဖေပဲလို့ ပြတော့ပရိသတ်က ဘာမှမထူးတော့ဘူးဆရာရယ်၊ အဲဒါလေးအတွေ့အကြုံလေးရတယ်။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ပါတယ်၊ ဟုတ်ပါတယ်။

**မင်းသားကြီးမြင့်စိုး** ။ ။ အဲဒီတော့ရုပ်ရှင်က Bound ဆိုတာ အရေးကြီးတာ သွားသတိရတယ်။

**ကြည်စိုးထွန်း** ။ ။ ဒါအရေးကြီးတာပေ့ါ အရေးကြီးတာပေ့ါ။ တစ်ခါတလေပေ့ါ မင်းသားကြီးရယ်ဆိုပါတော့၊ ကျွန်တော်တို့ အငြိမ့်တွေ ရိုက်တယ်။ ရိုက်တော့ လူရွှင်တော်နှစ်ယောက် ပြက်ကြတယ်၊ ပြက်ကြတဲ့အခါကျတော့ လူရွှင်တော်ရဲ့ Close Up တွေ ပြတာပေ့ါ၊ ကျွန်တော်တို့ သွားတွေ့တာပေ့ါ၊ တချို့ဟာ၊ close up ပြတော့ ဟိုဘက်ကလူရွှင်တော်ရဲ့ အိုက်တင်က မပါတော့ဘူး။ ဟုတ်တယ်မှတ်လား၊ လူရွှင်တော်နှစ်ယောက်ဆိုတာ သူက ချိတ်ထားတာ။

**မင်းသားကြီးမြင့်စိုး** ။ ။ မှန်တာပေ့ါ ။

**ကြည်စိုးထွန်း** ။ ။ တစ်ယောက်နဲ့ တစ်ယောက်က ခက်တင်မောင်းနှင်းပေ့ါ၊ တစ်ယောက်နဲ့တစ်ယောက် မောင်းနှင်းလေးတွေကလည်း ရှိသေးတာ၊ အိုက်တင်လေးတွေကလည်း ရှိသေးတာ၊ အမူအရာနဲ့လုပ်ရတာ ဒီနှစ်ယောက်ကိုဖျောက်လို့ မရဘူး။ ဖျောက်လို့မရတဲ့ အရုပ်ရှိတယ်၊ ဖျောက်လို့ရတဲ့ အရုပ်ရှိတယ်။ အဲဒီလို ဟုတ်လား၊ အခုဟာကတော့ ဖျောက်ရမယ့် ကြေးရုပ်ကို မဖျောက်ဘဲနဲ့ လုပ်တော့။ ပရိသတ်ကကြိုသိလို့ သိပ်ပြီးတော့ ခုနကလို အားရပါးရ။

**မင်းသားကြီးမြင့်စိုး** ။ ။ ဟိုဒင်းပေ့ါဆရာရယ်၊ ဘဝမှာ လုပ်သင့်တာကို မလုပ်ဘဲနဲ့ မလုပ်သင့်တာကို လုပ်မိတာ။

**ကြည်စိုးထွန်း** ။ ။ ဒါလေးကတော့ သင်ခန်းစာယူစရာပေ့ါ။

**မင်းသားကြီးမြင့်စိုး** ။ ။ ဟုတ်ကဲ့။

*စာမျက်နှာ ၉ သို့*

*စာမျက်နှာ ၈ မှ*

**ကြည်စိုးထွန်း** ။ ။ ဒါလည်းကောင်းပါတယ်။ ပေးလိုက်တဲ့ plot လေး သိပ်ကောင်းတာပဲနော်။ ဟာ မောင်မြင့်စိုးတို့ကလည်း သူတို့ချစ်ဖေဖေကို တွေ့ပြီ။ ငါတို့ ကြည်းရေလေ တပ်မတော်သားတွေကလည်း ငါတို့ရဲ့ ချစ်ဖေဖေ ကို တွေ့ပြီဆိုတာကို ဗိုလ်ချုပ်အောင်ဆန်း ကြေးရုပ်ကိုပြလိုက်တာ ကောင်း တယ် plot ကတော့နော် ဟုတ်ကဲ့။ ဒါပြပုံပြနည်း ပြောတာပေါ့နော်။ ကောင်းပါ တယ်ဗျာ၊ အဲဒီဟာလေးကတော့ ဒီအတိုင်းပဲသိမ်းတာပဲလား။ အဲဒီနောက် ကျတော့ ကျွန်တော်စောစောက ပြောသလို မင်းသားကြီးက ဆရာကောင်း တွေနဲ့ တော်တော်တွေ့တယ်။

**မင်းသားကြီးမြင့်စိုး** ။ ။ ဟုတ်ကဲ့ဆရာ။

**ကြည်စိုးထွန်း** ။ ။ နောက်ထပ်တွေ့ရတဲ့ ဆရာက ဦးဉာဏနော်။

**မင်းသားကြီးမြင့်စိုး** ။ ။ ဦးဉာဏဟုတ်ပြီ။ အဲဒါပြောမယ် ဟုတ်တယ်။

**ကြည်စိုးထွန်း** ။ ။ ပြောပါဦး "မာယာကြာခြည်" ။

**မင်းသားကြီးမြင့်စိုး** ။ ။ အဲ "မာယာကြာခြည်" မှာ ဦးဉာဏက ပထမဆုံးက မေရီမြင့်နဲ့ ရိုက်တာဆရာ။ မေရီမြင့်နဲ့ ရိုက်တော့ မေရီမြင့်နဲ့ ကျွန်တော်နဲ့ တွဲဖက်သိပ်ညီတယ်။ သုံးကားရှိပြီ မေရီမြင့်နဲ့။

**ကြည်စိုးထွန်း** ။ ။ ချောချောလေးနဲ့ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး** ။ ။ မက်မဆုံးလေးနဲ့ ဒီမျက်ခုံးလေးက ကလီကလီ မာယာကြာခြည်.. သီချင်းလေးက မေရီမြင့်နဲ့ မာယာကြာခြည်က ပိုလိုက် တယ်။ သူ့ဇာတ် plot ကတစ်မျိုး။ မေရီမြင့်က အညာနဲ့ အနွဲ့နဲ့၊ မေရီမြင့်က ရုပ်ရည်နဲ့ သူ့ရဲ့ structure နဲ့ ပေါ့ဆရာရယ်၊ သူ့ရဲ့အလှအပနဲ့ သူကညို့မှာ။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး** ။ ။ ဇာတ်လမ်းအရပေါ့နော် ကျွန်တော်ကသူဌေးသား ဆိုတော့ အဲဒီမှာ ကြည်ကြည်ဌေးနဲ့ ပြောင်းရိုက်တယ်။

**ကြည်စိုးထွန်း** ။ ။ ဩော်။

**မင်းသားကြီးမြင့်စိုး** ။ ။ အဲဒီ "မာယာကြာခြည်" မှာ ပြောင်းရိုက်တဲ့အတွက် "မာယာကြာခြည်" က ဆေးရောင်စုံတစ်ပိုင်းလည်းပါတယ် ဆရာရဲ့။

ကြည်စိုးထွန်း ။ ။ ပါသေးတာလား။

**မင်းသားကြီးမြင့်စိုး** ။ ။ ဟုတ်တယ်။ အဲဒီမှာ ကြည်ကြည်ဌေးက သူက စက်သီးပေါ်က ပြုတ်ကျပြီးတော့ နောက်ဆုံးကျတော့ ဘုရားမှာဆုံးတာ။ ဘုရားမှာ သွားဆုံးတာ။ သူ့ဒီအနုပညာရထားတဲ့ငွေလေးနဲ့ သူကစုဆောင်း ပြီးတော့ ဘုရားလေးတည်တယ်။ ကျွန်တော်တို့ ဒါပညာလည်းရတာပေါ့ ဆရာရယ်၊ အနုပညာရှင်တွေက ကိုယ်ရတဲ့အခိုက်မှာ ကုသိုလ်ကောင်းမှုကို လုပ်စရာရှိတာ လုပ်ပေါ့ ဆရာရယ်။ လုပ်စရာရှိလို့မှမလုပ်ရင် အချိန်ကျတော့မှ လွန်သွားတော့မှ မလုပ်နိုင်တော့ဘူးပေါ့။

**ကြည်စိုးထွန်း** ။ ။ မှန်တာပေါ့။

**မင်းသားကြီးမြင့်စိုး** ။ ။ ကြည်ကြည်ဌေးက သူကလို့ရတဲ့ ပိုက်ဆံလေးနဲ့ စုဆောင်းပြီးတော့၊ ဘုရားတစ်ဆူတည်ပြီးတော့ ကုသိုလ်ကောင်းမှုလုပ်တဲ့ အတွက် သူဆေးရုံကဆင်းပြီး မျက်နှာပျက်သွားတာကိုး ဆရာရယ်။

**ကြည်စိုးထွန်း** ။ ။ ဩော် ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး** ။ ။ စက်သီးပေါ်ကကျတဲ့အတွက် မျက်နှာ ရုပ်ပျက်သွား တယ်။

**ကြည်စိုးထွန်း** ။ ။ ဒဏ်ရာ ဒဏ်ရာ။

**မင်းသားကြီးမြင့်စိုး** ။ ။ သူ့ချစ်သူ ကျွန်တော် မြင့်စိုးကို မမြင်ချင်တော့ဘူး။


ဦးဉာဏ


မြင့်စိုး

**ကြည်စိုးထွန်း** ။ ။ ဩော် သိပ်လှမှာနော်။

**မင်းသားကြီးမြင့်စိုး** ။ ။ ဒီ 2nd တန်း 3rd တန်း 4th တန်းဟာ. ရုံတိုင်းရုံတိုင်း မှာ။

**ကြည်စိုးထွန်း** ။ ။ စောမူလေးကလည်း ချစ်စရာလေးနော်။

မင်းသားကြီးမြင့်စိုး ။ ။ ဟုတ်တယ်ဆရာ ပြောပြဦးမယ်ဆရာ။ တစ်လော တုန်းက ကျွန်တော် မအူပင်နယ်ဘက်မှာ ရွာတွေမှာ ဟောပြောပွဲသွားတယ်။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး** ။ ။ သွားတော့ အဲဒီက ပုဂ္ဂိုလ်တွေက "မာယာကြာ ခြည်" ထဲက မြင့်စိုးဟုတ်လား၊ ဟုတ်ပါတယ်ဆိုတော့။ ဟိုတုန်းက ကျွန်တော် က စတိုင်ပေါ့ ကျကျနဲ့ ဂျာကင်ကြီးတွေ လှလှပပဝတ်တာပေါ့၊ ကျားခေါင်းတွေ ဘာတွေနဲ့ ဝတ်တာပေါ့။ ဝတ်တော့ အဲဒီ "မာယာကြာခြည်" ထဲက ဇာတ်လမ်း လေး အဖြစ်အပျက်လေး ပြောပါဦးတဲ့။


မေရီမြင့်


ကြည်ကြည်ဌေး


စောမူ


မေရီမြ


ဂျင်းဖောမယ်


မေနန်းနွယ်

**မင်းသားကြီးမြင့်စိုး** ။ ။ ကျွန်တော်က သူဌေးသား။ အလှအပနဲ့ ညုတော့မှ သူဌေးသားကို သူစွဲလမ်းမှာ။

**ကြည်စိုးထွန်း** ။ ။ ပါသွားမှာ ။

**မင်းသားကြီးမြင့်စိုး** ။ ။ အဲဒီမှာဇာတ်လမ်း နဂိုကမူရင်း။

**ကြည်စိုးထွန်း** ။ ။ ဩော် အဓိက သိပ်အရေးကြီးတာပေါ့နော်။

**မင်းသားကြီးမြင့်စိုး** ။ ။ အရေးကြီးတာ။သို့သော်လည်း "မာယာကြာခြည်" ရိုက်လို့မှ ကားလေး ပေလေးနည်းနည်းကျတော့မှ မေရီမြင့်က ဆုံးသွားပါ လေရော။

**ကြည်စိုးထွန်း** ။ ။ ဩော် ငယ်ငယ်လေးနဲ့နော် (၂၇)လားမသိဘူး ။

**မင်းသားကြီးမြင့်စိုး** ။ ။ အမ်း. ဟုတ်တယ် ။

**ကြည်စိုးထွန်း** ။ ။ အသက်တော်တော်ငယ်တာပဲ။

**မင်းသားကြီးမြင့်စိုး** ။ ။ မေရီမြင့် ဆုံးသွားတယ်၊ မေရီမြင့်ဆုံးသွားတဲ့ အတွက် ဇာတ်လမ်းတွေ အကုန်လုံးပြောင်းပစ်ရတယ်။

**ကြည်စိုးထွန်း** ။ ။ ဩော် အဲဒီလိုဖြစ်သွားတယ်။

**မင်းသားကြီးမြင့်စိုး** ။ ။ ကြည်ကြည်ဌေးနဲ့ ပြောင်းရိုက်တယ်...။

**ကြည်စိုးထွန်း** ။ ။ ဩော် ကြည်ကြည်ဌေးကတော့ အဲ့ဒီလို ဟိုဒင်းကျ တော့ မေရီမြင့်လောက်တော့ attractive မရှိဘူး။ သို့သော်အနုပညာမှာ စွယ်စုံရထားတယ်။ မှန်ပါတယ် ဒါတော့မှန်ပါတယ်။

**မင်းသားကြီးမြင့်စိုး** ။ ။ ဆိုတော့ ကြည်ကြည်ဌေး ဒါရိုက်တာကသိတယ် ဆရာတို့လိုပေါ့ ဆရာရယ်...။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး** ။ ။ ဒါရိုက်တာက ကျွန်တော့် ဆရာပြောဖူးတယ် ဒါရိုက်တာလုပ်တဲ့သူက Actorရဲ့ အရည်အချင်းကို သိရမယ်ကွတဲ့...။

**ကြည်စိုးထွန်း** ။ ။ သိရမှာပေါ့ သိရမှာပေါ့။

**မင်းသားကြီးမြင့်စိုး** ။ ။ သိတော့မှ အရည်အချင်းကို ဖော်ထုတ်တတ် ရမယ်တဲ့။

**ကြည်စိုးထွန်း** ။ ။ ဒါပေါ့ ဒါပေါ့။

**မင်းသားကြီးမြင့်စိုး** ။ ။ ကျွန်တော့်ဆရာတွေက ပြောဖူးတယ် ကျွန်တော် အဲဒီမှာပညာရတာပေါ့။ ဒါရိုက်တာ ဦးဉာဏက ဟုတ်ပြီတဲ့ ခုနကဆရာပြောတဲ့ ပဒေသာဖလင်း ဦးထွန်းလင်းကို ဇာတ်လမ်းတွေပြောင်းမယ်။ အလှအပ အကအနေနဲ့ ပဒေသာတွေပြောင်းမယ်။

**ကြည်စိုးထွန်း** ။ ။ ဩော် သူကျွမ်းတဲ့ဟာကို သူကလှည့်ပြီး ထည့်ပေး တာပေါ့။

**မင်းသားကြီးမြင့်စိုး** ။ ။ ကြည်ကြည်ဌေးကို ကချေသည်မ လုပ်လိုက်တယ် ကချေသည်မ စက်သီးပြတ်ကျမယ်။ မတန်တော့ဘူးပေါ့ ဆရာရယ်။ မတန်တော့တစ်ခါတည်း သူဆေးရုံကဆင်းတာ နဲ့ သူတည်ခဲ့တဲ့ ဘုရားစေတီလေးကို သွားတယ်။ အဲဒီစေတီမှာ သူကသွားပြီး တော့ ဆုံးတယ်၊ သေသွားတယ်။ ကျွန်တော်က ဆေးရုံကို လိုက်တယ်၊ ဆေးရုံ မှာလိုက်တယ်၊ ဆေးရုံမှာမမီဘူး။ သွားလိုက်ပြန်လိုက်နဲ့ ဘယ်မှာ ကျွန်တော် လည်း အရူးတစ်ပိုင်းဖြစ်သွားတယ်ပေါ့ ဆရာရယ်။ နောက်ဆုံးကျတော့ ကျွန်တော်က ကြည်ကြည်ဌေးကို ပြန်စဉ်းစားတယ်ပေါ့။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး** ။ ။ ကြည်ကြည်ဌေးသည် အနုပညာ အောင်မြင်တဲ့ အခါတုန်းက အများကြီး အလှူတွေလုပ်ခဲ့တယ်။ ဒါန၊ သီလ၊ ဘာဝနာတွေ ဆောက်တည်ခဲ့တယ်။ လုပ်ခဲ့တဲ့အတွက် သူ့ရဲ့ ကုသိုလ်ကောင်းမှုကြောင့် တစ်ခုခုတော့ အဲ နတ်ပြည်နတ်ရွာတော့ ရောက်နေလောက်ပြီ။ ကျွန်တော် စဉ်းစားလိုက်တာ နတ်ပြည်ကို ပြလိုက်တယ်။ နတ်ပြည်မှာ ကြည်ကြည်ဌေးက မင်းသမီး နတ်သမီးသွားဖြစ်နေတဲ့ပုံ –။

**ကြည်စိုးထွန်း** ။ ။ ဩော် ကာလာနဲ့လား။

**မင်းသားကြီးမြင့်စိုး** ။ ။ အမ်း ဇာတ်လမ်းထဲ ကာလာနဲ့။

**ကြည်စိုးထွန်း** ။ ။ ဩော် ဆေးရောင်စုံ၊ ကျွန်တော်ဒီနေရာ ဖြတ်ပြော ရရင်တော့ မင်းသားကြီးရေ ဒီပဒေသာဖလင်းကနေပြီးတော့ ဦးထွန်းလင်းတို့ ကလည်း ဘာကျန်နေလဲဆိုတော့ ခုနက ကျွန်တော်ပြောတဲ့ 'နန်းတွင်းအရေး တော်ပုံ'။

**မင်းသားကြီးမြင့်စိုး** ။ ။ ဟုတ်။

**ကြည်စိုးထွန်း** ။ ။ သူက ဆေးရောင်စုံလေ။ ဒီအတွက် ကျွန်တော်ထင် တယ် ဒီဇာတ်လမ်းကလည်း အံဝင်တော့။

**မင်းသားကြီးမြင့်စိုး** ။ ။ အစပေါ့။

**ကြည်စိုးထွန်း** ။ ။ အမ်း ဒီမှာစမ်းတာပေါ့။

**မင်းသားကြီးမြင့်စိုး** ။ ။ အဲဒီမှာ သူက ဂျပန်မှာသွားဆေးရတာ၊

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး** ။ ။ အဲဒီမှာ စောမူက ကျွန်တော့်ကို သူကမိဘပေးစားတဲ့ မင်းသမီးပေါ့လေ။

**ကြည်စိုးထွန်း** ။ ။ ဩော် စောမူကလည်း ပါသေးတယ်နော် ။

**မင်းသားကြီးမြင့်စိုး** ။ ။ စောမူလည်းပါတယ်။ ဟုတ်ကဲ့ စောမူက ပြုစုပေးတဲ့ ပုံလေးနဲ့ ကျွန်တော်က ပြန်စဉ်းစားလိုက်တော့ အဲဒီကြည်ကြည်ဌေး နတ်ပြည် ရောက်နေတဲ့ အခန်းလေးနဲ့ ဇာတ်သိမ်းတယ်။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။

မင်းသားကြီးမြင့်စိုး ။ ။ ဆေးရောင်စုံပေါ့ ဆရာရယ်၊ အဲဒီကားက ပိုက်ဆံ အတော်ရတယ်။

**ကြည်စိုးထွန်း** ။ ။ ဩော်။

**မင်းသားကြီးမြင့်စိုး** ။ ။ အဲဒီထဲမှာ အဘိုးကြီးတစ်ယောက်ကနေပြီးတော့ ပုတီးစိပ်တယ် ဆရာရယ်။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး** ။ ။ ပုတီးတစ်လုံးဒေါက်ခနဲကျ အပျိုမြင်ရင်ငေါက်ခနဲ။ ဆိုတော့ အဲဒီဥစ္စာလေးပြောပါဦးပေါ့ သူတို့က။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး** ။ ။ ကျွန်တော်က ပြောချင်တာက တခြားတွေ။ သူတို့က တော့ ရုပ်ရှင်ရိုက်တဲ့ အတွေ့အကြုံလေးတွေကို ပြန်ပြောစေချင်တယ် ။ အဲဒီ "မာယာ ကြာခြည်" ကိုမမေ့ကြဘူး သူတို့။

**ကြည်စိုးထွန်း** ။ ။ အဲဒါပြီးတဲ့နောက်ကျတော့ "မေသရဖူ"၊

**မင်းသားကြီးမြင့်စိုး** ။ ။ ဟုတ်ကဲ့။

**ကြည်စိုးထွန်း** ။ ။ ဟုတ်လား "မေသရဖူ" လား။

**မင်းသားကြီးမြင့်စိုး** ။ ။ ဟုတ်တယ် အဲဒီမှာ ပဒေသာဖလင်းက သဘောကျ ပြီးတော့ ကျွန်တော် ဆက်တိုက်ကားတွေ ရိုက်သွားတယ်။ "မေသရဖူ" မှာတော့ မေရီမြကို ဦးတည်ပြီးတော့ "မေသရဖူ" အမျိုးသမီး စွမ်းဆောင် နိုင်တယ်ဆိုတဲ့အကြောင်းပေါ့ ဆရာရယ်။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး** ။ ။ အမျိုးသမီးက တစ်ခါတည်း။

**ကြည်စိုးထွန်း** ။ ။ ဦးဉာဏက အဲဒီ idea တွေ သိပ်ကောင်းတယ်။

**မင်းသားကြီးမြင့်စိုး** ။ ။ လောကကြီးမှာ အမျိုးသမီးက စွမ်းဆောင်နိုင်တာ တွေရှိပါတယ်။

**ကြည်စိုးထွန်း** ။ ။ ဟုတ်တယ်။

**မင်းသားကြီးမြင့်စိုး** ။ ။ သူက သူ့ရဲ့ဇနီး မေရီမြကို တင်ပြီးရိုက်တယ်။

ကြည်စိုးထွန်း ။ ။ အမျိုးသမီးတွေရဲ့ စွမ်းဆောင်နိုင်မှုကို ဦးစားပေးပြီး တော့ ရိုက်တဲ့ ဦးဉာဏရဲ့ idea တွေပေါ့နော်။

**မင်းသားကြီးမြင့်စိုး** ။ ။ ဦးဉာဏ သိပ်ကောင်းတာပဲ။

**ကြည်စိုးထွန်း** ။ ။ ဟာ.သိပ်ကောင်းတာ တကယ့်ကို ဘယ်လိုခေါ်မလဲ ခေတ်မီနေတာပဲ၊ ဒီနေ့ထိခေတ်မီတယ် ဦးဉာဏရဲ့.....။

**မင်းသားကြီးမြင့်စိုး** ။ ။ ဟာ သိပ်မီတယ် အတွေးအခေါ် သိပ်ကောင်းတယ်။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့ အဲဒီထဲမှာ ဂျင်းဖောမယ်တို့၊ ယုဝတီ. ဂျင်းဖောမယ်တို့ မေနန်းနွယ်တို့ ပါသေးတယ်နော်။

**မင်းသားကြီးမြင့်စိုး** ။ ။ မေနန်းနွယ်ပါတယ်။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့ မင်းသမီးအသစ်တွေပေါ့။

မင်းသားကြီးမြင့်စိုး ။ ။ ဟုတ်တယ် အဲဒီ "မေသရဖူ" ရိုက်ပြီးတော့ အတွေ့ အကြုံ ဆရာ့ကိုသတိရတုန်း ပြောပြဦးမယ်။ "မှောင်ထဲက မေ" ဆိုတာ ရိုက် တယ်။ **(ဆက်လက်ဖော်ပြပါမည်)**

# ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ ပြဋ္ဌာန်း

*ယမန်နေ့မှအဆက်*

## ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ

ဇယား(၅)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ - အခွန်အကောက် | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ထောက်ပံ့ငွေရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီရငွေ | ကြွေးမြီ - ထုတ်ချေးငွေအတွက်ပြန်ရငွေ | ကြွေးမြီ - ချေးယူရငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှရငွေ | စုဆောင်းငွေမှရငွေ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ |
| ၁ | အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနလက်အောက်ရှိ လူမှုဖူလုံရေးအဖွဲ့ | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | | | ၁၄၈,၀၀၀.၀၀၀ | | | | | | | | | ၁၄၈,၀၀၀.၀၀၀ |
| | ပေါင်း | | | | ၁၄၈,၀၀၀.၀၀၀ | | | | | | | | | ၁၄၈,၀၀၀.၀၀၀ |

## ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ

ဇယား(၆)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ - သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ - ထုတ်ချေးငွေ | ကြွေးမြီ - ချေးယူရငွေအတွက်ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနလက်အောက်ရှိ လူမှုဖူလုံရေးအဖွဲ့ | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | ၅၉,၇၇၃.၂၁၉ | | | ၆,၅၇၀.၀၁၁ | | | | | ၆၆,၃၄၃.၂၃၀ |
| | ပေါင်း | | ၅၉,၇၇၃.၂၁၉ | | | ၆,၅၇၀.၀၁၁ | | | | | ၆၆,၃၄၃.၂၃၀ |

## နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

ဇယား(၇)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ - အခွန်အကောက် | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ထောက်ပံ့ငွေရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီရငွေ | ကြွေးမြီ - ထုတ်ချေးငွေအတွက်ပြန်ရငွေ | ကြွေးမြီ - ချေးယူရငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှရငွေ | စုဆောင်းငွေမှရငွေ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ |
| ၁ | စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | | | ၈၉၅,၅၀၇.၈၄၂ | | | | ၂,၇၆၇.၂၇၁ | | ၃၂,၈၁၄.၅၂၅ | ၂၀,၅၀၀.၀၀၀ | | ၉၅၁,၅၈၉.၆၃၈ |
| ၂ | ပြန်ကြားရေးဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | ၎င်း | | | ၁၇,၄၁၃.၀၂၄ | | | | | | | | | ၁၇,၄၁၃.၀၂၄ |
| ၃ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | ၎င်း | | | ၂၇၉,၃၉၅.၈၆၆ | | | | ၃၄,၂၆၀.၀၇၀ | | ၇၈၃,၉၂၈.၇၇၉ | | | ၁,၀၉၇,၅၈၄.၇၁၅ |
| ၄ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | ၎င်း | | | ၃၅၈,၄၇၃.၄၇၅ | | | | | | | | | ၃၅၈,၄၇၃.၄၇၅ |
| ၅ | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | ၎င်း | | | ၆,၃၉၄,၈၅၂.၈၁၃ | | | | ၁၀,၃၈၈.၅၈၄ | | ၂၅၆,၇၈၆.၅၉၁ | ၉,၇၅၄.၆၈၂ | | ၆,၆၇၁,၇၈၂.၆၇၀ |
| | ပေါင်း | | | | ၇,၉၄၅,၆၄၃.၀၂၀ | | | | ၄၇,၄၁၅.၉၂၅ | | ၁,၀၇၃,၅၂၉.၈၉၅ | ၃၀,၂၅၄.၆၈၂ | | ၉,၀၉၆,၈၄၃.၅၂၂ |

## နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

ဇယား(၈)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ - သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ - ထုတ်ချေးငွေ | ကြွေးမြီ - ချေးယူရငွေအတွက်ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | ၈၂၃,၉၉၀.၆၇၈ | | | ၁၀၇,၄၀၅.၅၇၄ | ၂၀,၉၈၅.၅၀၀ | ၁၄၅,၈၂၆.၀၆၄ | | | ၁,၀၉၈,၂၀၇.၈၁၆ |
| ၂ | ပြန်ကြားရေးဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | ၎င်း | ၁၂,၁၀၃.၇၀၆ | | | ၄၃၇.၉၄၃ | | | | | ၁၂,၅၄၁.၆၄၉ |
| ၃ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | ၎င်း | ၂၇၂,၀၇၃.၅၈၄ | | | ၁,၀၁၅,၉၆၀.၀၄၇ | | ၁၂၅,၉၀၉.၅၉၉ | | | ၁,၄၁၃,၉၄၃.၂၃၀ |
| ၄ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | ၎င်း | ၃၅၄,၉၅၉.၂၃၈ | | | ၃,၉၄၇.၉၄၁ | | | | | ၃၅၈,၉၀၇.၁၇၉ |
| ၅ | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | ၎င်း | ၆,၃၉၀,၈၆၁.၂၀၈ | | | ၅၂၂,၄၁၈.၀၂၃ | | ၂၆၆,၂၀၈.၄၃၈ | | | ၇,၁၇၉,၄၈၇.၆၆၉ |
| | ပေါင်း | | ၇,၈၅၃,၉၈၈.၄၁၄ | | | ၁,၆၅၀,၁၆၉.၅၂၈ | ၂၀,၉၈၅.၅၀၀ | ၅၃၇,၉၄၄.၁၀၁ | | | ၁၀,၀၆၃,၀၈၇.၅၄၃ |

*(ဆက်လက်ဖော်ပြပါမည်)*

# ၂၀၂၀ ပြည့်နှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေပြဋ္ဌာန်း

*ယမန်နေ့မှအဆက်*

| စဉ် | အထူးကုန်စည် အမျိုးအစား | တန်ဖိုးအဆင့် | အခွန်နှုန်း |
|---|---|---|---|
| | ( ၃ ) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၁၂၀၀၁ ကျပ်မှ ကျပ် ၁၃၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၃၇၄၇ ကျပ် |
| | ( ဎ ) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၁၃၀၀၁ ကျပ်မှ ကျပ် ၁၄၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၄၀၄၆ ကျပ် |
| | (ဏ) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၁၄၀၀၁ ကျပ် မှ ကျပ် ၁၅၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၄၃၄၆ ကျပ် |
| | (တ) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၁၅၀၀၁ ကျပ်နှင့် အထက်တန်ဖိုး၏ အဆင့် ဖြစ်လျှင် | တစ်လီတာ ၆၀ ရာခိုင်နှုန်း |
| ၉ | ဘီယာအမျိုးမျိုး။ | | ၆၀ ရာခိုင်နှုန်း |
| ၁၀ | (က) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ကျပ် ၇၅၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၈၇ ကျပ် |
| | ( ခ ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၇၅၁ ကျပ်မှ ကျပ် ၁၅၀၀အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၂၆၄ ကျပ် |
| | ( ဂ ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၁၅၀၁ ကျပ်မှ ကျပ် ၂၂၅၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၄၃၈ ကျပ် |
| | (ဃ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၂၂၅၁ ကျပ် မှ ကျပ် ၃၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၆၁၅ ကျပ် |
| | ( င ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၃၀၀၁ ကျပ် မှ ကျပ် ၃၇၅၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၇၉၁ ကျပ် |
| | ( စ ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၃၇၅၁ ကျပ် မှ ကျပ် ၄၅၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၉၆၆ ကျပ် |
| | (ဆ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၄၅၀၁ ကျပ် မှ ကျပ် ၆၀၀၀ အထိ အဆင့် ဖြစ်လျှင် | တစ်လီတာ ၁၂၂၉ ကျပ် |
| | ( ဇ ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၆၀၀၁ ကျပ် မှ ကျပ် ၇၅၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၁၅၈၀ ကျပ် |
| | ( ဈ ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၇၅၀၁ ကျပ်မှ ကျပ် ၉၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၁၉၃၁ ကျပ် |
| | (ည) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၉၀၀၁ ကျပ်မှ ကျပ် ၁၀၅၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၂၂၈၂ ကျပ် |
| | ( ဋ ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၁၀၅၀၁ ကျပ် မှ ကျပ် ၁၃၅၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၂၈၀၈ ကျပ် |
| | ( ဌ ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၁၃၅၀၁ ကျပ် မှ ကျပ် ၁၆၅၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၃၅၁၀ ကျပ် |
| | ( ဍ ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၁၆၅၀၁ ကျပ် နှင့် အထက်အဆင့်ဖြစ်လျှင် | တစ်လီတာ တန်ဖိုး၏ ၅၀ရာခိုင်နှုန်း |
| ၁၁ | သစ်လုံး၊ သစ်ခွဲသားများ။ | | ၅ ရာခိုင်နှုန်း |
| ၁၂ | (က) Double Cab 4 Door Pickup မှ အပ ၁၅၀၁ CC မှ ၂၀၀၀ CC အထိ ဗင်ကားများ၊ ဆလွန်း၊ဆီဒင်နှင့် ဝက်ဂွန်(Estate Wagon)ကားများ၊ ကူပေး(Coupe) ကားများ။ | | ၁၀ရာခိုင်နှုန်း |
| | ( ခ ) Double Cab 4 Door Pickup မှ အပ ၂၀၀၁ CC မှ ၄၀၀၀ CC အထိ ဗင်ကားများ၊ ဆလွန်း၊ ဆီဒင်နှင့် ဝက်ဂွန်(Estate Wagon)ကားများ၊ ကူပေး(Coupe) ကားများ။ | | ၃၀ရာခိုင်နှုန်း |
| | ( ဂ ) Double Cab 4 Door Pickup မှ အပ ၄၀၀၁ CC နှင့် အထက်ဗင်ကားများ၊ ဆလွန်း၊ ဆီဒင်နှင့် ဝက်ဂွန်(Estate Wagon) ကားများ၊ ကူပေး (Coupe) ကားများ။ | | ၅၀ရာခိုင်နှုန်း |
| ၁၃ | ရေနံဆီ၊ ဓာတ်ဆီ၊ ဒီဇယ်ဆီ၊ ဂျက်လေယာဉ်ဆီ။ | | ၅ ရာခိုင်နှုန်း |
| ၁၄ | သဘာဝဓာတ်ငွေ့။ | | ၈ ရာခိုင်နှုန်း |

( ခ ) အောက်ပါအထူးကုန်စည်များကို ပြည်ပသို့တင်ပို့ရောင်းချသူသည် ယင်းရောင်းရငွေအပေါ်ယှဉ်တွဲဖော်ပြပါ အခွန်နှုန်းများအတိုင်း အထူးကုန်စည်ခွန် ကျသင့်စေရမည်။ ဖော်ပြပါအထူးကုန်စည်များမှတစ်ပါး ကျန်အထူးကုန်စည်များကို ပြည်ပသို့ တင်ပို့ခြင်းအတွက် အထူးကုန်စည်ခွန် မကျသင့်စေရ။ အခွန်ကျသင့်သည့် အထူးကုန်စည်ကို ပြည်ပသို့ တင်ပို့ရောင်းချခြင်းအတွက် ကျသင့်အထူးကုန်စည်ခွန်မှ ကုန်စည်ကို ဝယ်ယူစဉ်၊ တင်သွင်းစဉ်၊ ထုတ်လုပ်စဉ်က ပေးဆောင်ခဲ့သည့် အထူးကုန်စည်ခွန်ကို သတ်မှတ်ချက်များနှင့်အညီ ခုနှိမ်ရမည်-

| စဉ် | ကုန်စည်အမျိုးအစား | အခွန်နှုန်း |
|---|---|---|
| ၁ | သစ်လုံး၊ သစ်ခွဲသားများ။ | ၁၀ ရာခိုင်နှုန်း |

၁၂။ ဤဥပဒေအရ အခွန်ကျသင့်သည့် အထူးကုန်စည်များအနက် သမဝါယမကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍများက ပြည်တွင်း၌ထုတ်လုပ်ရောင်းချသည့် ဆေးရွက်ကြီး၊ ဆေးပေါ့လိပ်နှင့် ဆေးပြင်းလိပ် ထုတ်လုပ်ရောင်းချခြင်းအတွက် နှစ်တစ်နှစ်အတွင်း ထုတ်လုပ်ရောင်းရငွေ စုစုပေါင်းကျပ်သိန်း ၂၀၀ တိတိ ထက်မပိုလျှင် အထူးကုန်စည်ခွန် စည်းကြပ်ခြင်းမပြုရ။

၁၃။ ဤဥပဒေ၏ အခန်း(၅)တွင် ဖော်ပြပါရှိသော စကားရပ်များ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်သည် အထူးကုန်စည်ခွန်ဥပဒေတွင် ဖော်ပြထားသည့်အတိုင်း ဖြစ်စေရမည်။

## အခန်း (၆)
## ကုန်သွယ်လုပ်ငန်းခွန်

၁၄။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ ပုဒ်မ ၆ အရ ယင်းဥပဒေ၏ နောက်ဆက်တွဲဇယားများကို အောက်ပါအတိုင်း ပြဋ္ဌာန်းလိုက်သည်-

### ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ နောက်ဆက်တွဲဇယားများ

(က) အောက်ဖော်ပြပါကုန်စည်တစ်မျိုးမျိုးနှင့် စပ်လျဉ်း၍ ကုန်သွယ်လုပ်ငန်းခွန်မကျသင့်စေရ-

| စဉ် | ကုန်စည်အမျိုးအမည် |
|---|---|
| **စားသောက်ကုန်စည်များ** | |
| ၁ | စပါး၊ ဆန်၊ ဆန်ကွဲ၊ ဖွဲနု၊ ဖွဲကြမ်း၊ စပါးခွံ၊ ဂျုံစေ့၊ ဂျုံဖွဲနု၊ ဂျုံဖွဲကြမ်း၊ အစေ့ထုတ်ပြောင်းနှင့် ပြောင်းစေ့အမျိုးမျိုး။ |
| ၂ | ပဲလုံးအမျိုးမျိုး၊ ပဲခြမ်းအမျိုးမျိုး၊ ပဲမှုန့်အမျိုးမျိုး၊ ပဲဖွဲ၊ ပဲခွံများ၊ မြေပဲတောင့်၊ မြေပဲဆန်၊ နှမ်း၊ ပန်းနှမ်း၊ မြေပဲဖတ်၊ နှမ်းဖတ်၊ ဝါစေ့ဆီဖတ်၊ ဖွဲနုဆီဖတ်စသည့် ဆီကြိတ်ပြီး အဖတ်များ။ |
| ၃ | ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ အာလူး၊ ဟင်းခတ်အမွှေးအကြိုင်များဖြစ်သော အရွက်အသီး၊ အစေ့အခေါက်များ၊ ဟင်းခတ်မဆလာ၊ ငရုတ်သီး၊ ငရုတ်သီးမှုန့်၊နနွင်း၊ နနွင်းမှုန့်၊ ချင်း၊ မန်ကျည်းမှည့်၊ ဆားအမျိုးမျိုး။ |
| ၄ | သစ်သီးစိမ်းအမျိုးမျိုး၊ ဟင်းသီးဟင်းရွက်များ။ |
| ၅ | လက်ဖက်စို၊ လက်ဖက်ခြောက်၊ လက်ဖက်အချိုခြောက်၊ ပြုပြင်ထုပ်ပိုးထားသည့် လက်ဖက်ခြောက်အမျိုးမျိုး။ |
| ၆ | ငါးစို၊ ပုစွန်စို၊ အသားစိုနှင့် ကြက်ဥ၊ ဘဲဥစသည့် ဥအမျိုးမျိုး။ |
| ၇ | ပဲဆီ၊ နှမ်းဆီ။ |
| ၈ | ကြံ၊ သကြား၊ ထန်းလျက်၊ ကြံသကာ၊ ပဲနို့၊ နို့နှင့် နို့ထွက်ပစ္စည်းအမျိုးမျိုး၊ နို့ဆီ၊ နို့စိမ်း၊ နို့မှုန့်အမျိုးမျိုး၊ ဒိန်ချဉ် (နွားနို့၊ ကျွဲနို့နှင့် ဆိတ်နို့များမှ ထုတ်လုပ်ထားခြင်းမရှိသည့် နို့အစားထိုးထုတ်ကုန်များနှင့် Creamer များ ပါဝင်ခြင်းမရှိပါ)။ |
| ၉ | ငံပြာရည်အမျိုးမျိုး၊ ငါးခြောက်၊ ပုစွန်ခြောက်အမျိုးမျိုး၊ ငါးချဉ်၊ ပုစွန်ချဉ်အမျိုးမျိုး၊ ပုစွန်ဖွဲ၊ ငါးပေါင်းမှုန့်၊ ငါးပိအမျိုးမျိုး။ |
| **စိုက်ပျိုးရေးနှင့်မွေးမြူရေးဆိုင်ရာကုန်စည်များ** | |
| ၁၀ | ပိုးစာရွက်၊ ပိုးအိမ်။ |
| ၁၁ | သက်ရှိတိရစ္ဆာန်၊ ငါး၊ ပုစွန်များ၊ ကုန်းနေသတ္တဝါများ၊ ရေနေသတ္တဝါများ၊ ကုန်းတစ်ပိုင်းရေတစ်ပိုင်းနေသတ္တဝါများ၊ယင်းတို့၏ဥများ၊ သားလောင်းများ၊ သားပေါက်များ၊ မျိုးစိတ်များ၊ ရေတွင်ပေါက်ဖွားသည့် အပင်များနှင့် မျိုးစေ့များ၊ အပင်ပေါက်များ၊ ရေညှိရေမှော်များ။ |
| ၁၂ | စိုက်ပျိုးရေးလုပ်ငန်းများတွင် အပင်များကြီးထွားသန်မာပြီး သီးပွင့်မှုအားကောင်းစေရန် အသုံးပြုသောမြေဆီ၊ ဓာတ်မြေဩဇာအပါအဝင် မြေဩဇာအမျိုးမျိုး၊ လယ်ယာစိုက်ပျိုးရေးသုံး ပိုးသတ်ဆေးအမျိုးမျိုး၊ ပေါင်းသတ်ဆေးအမျိုးမျိုး၊ မှို၊ ဗက်တီးရီးယား၊ နီမတုတ်များနှင့် အခြားရောဂါကျရောက်မှုမရှိစေရေး စိုက်ပျိုးရေးသုံး ရောဂါကာကွယ်ဆေးနှင့် ရောဂါသတ်ဆေးအမျိုးမျိုး၊ မွေးမြူရေးသုံး ခြံဖျန်းဆေးအမျိုးမျိုး (အိမ်သုံးခြင်ဆေး၊ စပရေး၊ ကြွက်သတ်ဆေးများ မပါဝင်)၊ တိရစ္ဆာန်၊ ငါး၊ ပုစွန်သုံးဆေးဝါးများနှင့်ကာကွယ်ဆေးများ (စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ လက်မှတ်ရရှိပြီး ဆေးဝါးနှင့် ကာကွယ်ဆေးများ အပါအဝင်နှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ထုတ်ပေးသည့် ထောက်ခံချက်ရရှိထားသော ဆေးဝါးများအပါအဝင်)၊ တိရစ္ဆာန်၊ ငါး၊ ပုစွန်အစာ ထုတ်လုပ်ရန် ကုန်ကြမ်း၊ ကုန်ချောပစ္စည်းများ (အိမ်မွေးတိရစ္ဆာန်များအတွက် အသုံးပြုသောတိရစ္ဆာန် အစားအစာများ မပါဝင်)။ |
| ၁၃ | ဆီအုန်း၊ နေကြာစေ့၊ ဝါစေ့၊ ဖရုံစေ့၊ ဖရဲစေ့၊ သီဟိုဠ်စေ့၊ ကွမ်းသီး၊ ကွမ်းသီးခွံ၊ သီးနှံများ၏ မျိုးကောင်းမျိုးသန့်၊ မျိုးစေ့၊ မျိုးပင်များ။ |
| ၁၄ | ဝါကုန်ကြမ်း၊ ဝါအမျိုးမျိုး၊ ဖာလာ၊ သနပ်ခါးနှင့် အခြားနေရာတွင် သီးခြားဖော်ပြထားခြင်းမရှိသည့် လယ်ယာကိုင်းကျွန်း ဥယျာဉ်ထွက်ကုန်များ၊ အုန်းဆီ (စားအုန်းဆီ မဟုတ်)။ |
| ၁၅ | အုန်းဆံချည်ခင်။ |
| ၁၆ | ထင်း၊ ဝါး၊ ကြိမ်အကြမ်းအချော၊ ထင်းအစားထိုးလောင်စာတောင့်။ |
| **ကျောင်းသုံး၊ ရုံးသုံးကုန်စည်များ** | |
| ၁၇ | ချိပ်များ၊ တံဆိပ်ခေါင်းအမျိုးမျိုး (အခွန်အမှတ်တံဆိပ် အပါအဝင်)။ |
| ၁၈ | နိုင်ငံတော်အလံ။ |
| ၁၉ | ကျောက်သင်ပုန်း၊ ကျောက်တံ၊ မြေဖြူ၊ ခဲတံလုပ်ရန်ခဲဆံ။ |
| ၂၀ | ကျောင်းသုံးစာအုပ်အမျိုးမျိုး၊ အခြေခံကျောင်း၊ တက္ကသိုလ်၊ ကောလိပ် အသီးသီးတွင် အသုံးပြုနိုင်သည့် ပညာအခြေပြု၊ အတတ်ပညာအခြေပြု စာအုပ်အမျိုးမျိုး၊ ဗလာစာအုပ်၊ ပုံဆွဲစာအုပ်အမျိုးမျိုး၊ သုတရသစာအုပ်၊ မဂ္ဂဇင်း၊ စာစောင်နှင့် သတင်းစာအမျိုးမျိုး၊ ယင်းစာအုပ်စာပေများ ထုတ်လုပ်ရန် စက္ကူများ (40 gsm မှ 80 gsm အတွင်းသာ)၊ ခဲတံအမျိုးမျိုး၊ ပေတံအမျိုးမျိုး၊ ခဲဖျက်အမျိုးမျိုး၊ ချွန်စက်အမျိုးမျိုး။ |

*ဆက်လက်ဖော်ပြပါမည်*

# ဘရာဇီးနိုင်ငံရှိ အကျဉ်းထောင်များနှင့် လူငယ်ထိန်းသိမ်းရေးစခန်းများတွင် ကိုဗစ်- ၁၉ ကူးစက်မှုမြင့်မားနေ

ဘရာဆီးလီးယား စက်တင်ဘာ ၃

**ဘရာဇီးနိုင်ငံရှိ အကျဉ်းထောင်များနှင့် လူငယ်ထိန်းသိမ်းရေးစခန်းများတွင် ကိုဗစ်-၁၉ ကူးစက်မှု မြန်မြန်ဆန်ဆန် ဖြစ်ပွားလျက်ရှိပြီး အကျဉ်းသားပေါင်း ၃၃၀၀၀ နီးပါးတို့တွင် ကိုဗစ်-၁၉ ဗိုင်းရပ်စ် စစ်ဆေးတွေ့ရှိခဲ့ကြောင်း စက်တင်ဘာ ၂ ရက်တွင် နိုင်ငံတော်တရားရေးဌာနက သတင်းထုတ်ပြန်ခဲ့သည်။**



ဘရာဇီးနိုင်ငံတွင် ကျန်းမာရေးဝန်ထမ်းများက ပြည်သူတစ်ဦးကို နှာခေါင်းစည်း ဝေငှပေးနေစဉ်။

### ကူးစက်မှုနှုန်းမြင့်

အကျဉ်းထောင်များတွင် ကိုဗစ်- ၁၉ ကူးစက်ခံရသည့် အကျဉ်းသားစုစုပေါင်း ၂၉၄၀၃ ဦးရှိပြီး ရောဂါကူးစက်မှုကြောင့် သေဆုံးသူ ၁၈၃ ဦးရှိကာ ပြီးခဲ့သည့်တစ်လအကြာကထက် ရောဂါကူးစက်မှုနှုန်း ၅၀ ဒသမ ၆ ရာခိုင်နှုန်း ရှိလာခဲ့သည်။ လူငယ်ထိန်းသိမ်းရေး စခန်းများတွင် ရောဂါကူးစက်ခံရသူ အရေအတွက် စုစုပေါင်းမှာ ၃၅၉၃ ဦး ဖြစ်ပြီး ၃၃ ဒသမ ၉ ရာခိုင်နှုန်း ရှိလာခဲ့ကြောင်း သိရသည်။

### စစ်ဆေးတွေ့ရှိ

ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေးရိုးရှိ အကျဉ်းထောင်၌ ပြီးခဲ့သည့် ဧပြီလမှစတင်ကာ အကျဉ်းသားတစ်ဦး ပထမအကြိမ် ကိုဗစ်- ၁၉ ကူးစက်ခံရမှုကို စစ်ဆေးတွေ့ရှိခဲ့သည်။ တရားဝင် သတင်းအချက်အလက်များအရ ဘရာဇီးနိုင်ငံသည် ကမ္ဘာပေါ်တွင် သုံးခုမြောက် အကျဉ်းသားအရေအတွက် အများဆုံးနိုင်ငံတစ်ခုဖြစ်ပြီး အကျဉ်းသားပေါင်း ၇၇၃၀၀၀ ကျော်အထိ ရှိကြောင်း သိရသည်။

### ခပ်ခွာခွာနေထိုင်ရန် အဆင်မပြေ

အကျဉ်းထောင်များတွင် လူဦးရေထူထပ်မှုကြောင့် တစ်ဦးနှင့် တစ်ဦး ခပ်ခွာခွာနေထိုင်ရန် အဆင်မပြေသည့်အတွက် အကျဉ်းသားများအကြား ကိုဗစ်- ၁၉ ကူးစက်ခံရမှု မြန်မြန်ဆန်ဆန် တိုးလာရခြင်းဖြစ်ကြောင်း ကျွမ်းကျင်သူများက ပြောကြားခဲ့သည်။

ဘရာဇီးနိုင်ငံတွင် တစ်နိုင်ငံလုံး ကိုဗစ်- ၁၉ ကူးစက်ခံရသူ အရေအတွက် စုစုပေါင်း ၃၉၉၇၈၆၅ ဦးအထိ ရှိလာပြီး ရောဂါကြောင့် သေဆုံးသူ အရေအတွက် ၁၂၃၇၈၀ ဦး ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဖော်ပြသည်။

ဆင်ဟွာ

# အိန္ဒိယဝန်ကြီးချုပ် နာရင်ဒရာမိုဒီ၏ တွစ်တာအကောင့် တိုက်ခိုက်ခံရ

နယူးဒေလီ စက်တင်ဘာ ၃




အိန္ဒိယဝန်ကြီးချုပ်မိုဒီ၏ တိုက်ခိုက်ခံရသော တွစ်တာအကောင့်ကို တွေ့ရစဉ်။

အိန္ဒိယဝန်ကြီးချုပ် နာရင်ဒရာမိုဒီ၏ ကိုယ်ပိုင်ဝက်ဘ်ဆိုက်မှ တွစ်တာအကောင့်ကို စက်တင်ဘာ ၃ ရက်က ဖောက်ထွင်းခိုးယူတိုက်ခိုက်မှုပြုလုပ်ခဲ့ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဖော်ပြလိုက်သည်။

မိမိတို့အနေဖြင့် အဆိုပါလုပ်ဆောင်ချက်ကို သတိထားနေကြောင်းနှင့် တိုက်ခိုက်ခံရသည့် အကောင့်ကို ပြန်လည်ရယူနိုင်ရန် လုပ်ဆောင်လျက်ရှိကြောင်းနှင့် ယင်းကိစ္စကို စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်သွားမည် ဖြစ်ကြောင်း တွစ်တာ ပြောရေးဆိုခွင့်ရှိသူ၏ ပြောကြားချက်ကို ကိုးကားကာ ဒေသတွင်းမီဒီယာက ဖော်ပြခဲ့သည်။

ယခုအချိန်တွင် မိမိတို့အနေဖြင့် တိုက်ခိုက်ခံရသော နောက်ထပ်အကောင့်များကို သတိမပြုမိသေးကြောင်း ၎င်းကဆက်လက် ပြောကြားလိုက်သည်။

ဖောက်ထွင်းတိုက်ခိုက်ခံရသော အကောင့်က ဝန်ကြီးချုပ်၏ ထောက်ခံသူများကို အမျိုးသား သဘာဝဘေး လျော့ပါးရေးရန်ပုံငွေအတွက် ပါဝင်လှူဒါန်းရန် သတင်းအချက်အလက်များပေးပို့ထားကြောင်း သိရသည်။

အဆိုပါ အကောင့်ကို ၂၀၁၁ ခုနှစ် မေလက စတင်အသုံးပြုခဲ့ပြီး ထောက်ခံအားပေးသူ ၂ ဒသမ ၅ သန်း ရှိကြောင်း သိရသည်။

သို့သော်လည်း အဆိုပါ သတင်းအချက်အလက်ပို့စ်များကို ယခုအခါ ဖယ်ရှားရှင်းလင်းလိုက်ပြီ ဖြစ်သည်။

အဆိုပါကိစ္စနှင့် ပတ်သက်ပြီး ဝန်ကြီးချုပ်ရုံးက မှတ်ချက်တစ်စုံတစ်ရာပြုခြင်း မရှိသေးချေ။

ဆင်ဟွာ

# ကာကွယ်ဆေးထုတ်လုပ်ဖြန့်ဝေရာတွင် နိုင်ငံတကာနှင့်အတူ ပူးပေါင်းပါဝင်ရန် အမေရိကန်ငြင်းဆန်

ဝါရှင်တန် စက်တင်ဘာ ၃

ကိုဗစ်-၁၉ ကာကွယ်ဆေး ထုတ်လုပ်မှုနှင့် လူထုအတွင်း ဖြန့်ဝေရန်အတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးနှင့်အတူ နိုင်ငံတကာက ကြိုးပမ်းဆောင်ရွက်နေမှုများတွင် အမေရိကန်အနေဖြင့် ပူးပေါင်းပါဝင်လိမ့်မည် မဟုတ်ကြောင်း သမ္မတထရမ့်အစိုးရအဖွဲ့က ပြောကြားလိုက်သည်။

ဘေးကင်းစိတ်ချရပြီး ထိရောက်မှုရှိသည့် ကိုဗစ်- ၁၉ ကာကွယ်ဆေးကို နိုင်ငံအများအပြားသို့ ဖြန့်ဝေပေးနိုင်ရန် ကမ္ဘာတစ်ဝန်းရှိ နိုင်ငံအများအပြားက ကာကွယ်ဆေးထုတ်လုပ်သည့် ကုမ္ပဏီများနှင့်အတူ ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ကိုဗစ်- ၁၉ ကာကွယ်ဆေး ကမ္ဘာတစ်ဝန်းလက်ခံရရှိရေး ဝန်ဆောင်မှုတွင် ပူးပေါင်းပါဝင်ရန် နိုင်ငံပေါင်း ၁၇၀ ကျော်က ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

သို့ရာတွင် အဆိုပါ ကာကွယ်ဆေး ဖြန့်ဝေရေးအစီအစဉ်၌ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး ပါဝင်နေသည့်အတွက် အမေရိကန်ပြည်ထောင်စုအနေဖြင့် နိုင်ငံတကာနှင့်အတူ ပူးပေါင်းပါဝင်မည် မဟုတ်ကြောင်းနှင့် ယင်းကိစ္စအတွက် အဖွဲ့အစည်းပေါင်းများစွာ၏ ချုပ်ကိုင်ခြင်းကို ခံလိမ့်မည် မဟုတ်ကြောင်း အိမ်ဖြူတော်ပြောရေးဆိုခွင့်ရှိသူ ဂျပ်ဒီရီက ပြောကြားခဲ့သည်။

အကယ်၍ အမေရိကန်နိုင်ငံက ကာကွယ်ဆေးကို ပထမဆုံး ထုတ်လုပ်နိုင်ခဲ့ပြီး အစွမ်းထက်ဆုံးသော ကာကွယ်ဆေးကို ၎င်း၏နိုင်ငံသားများအတွက်သာ ဖြန့်ဝေပေးခဲ့မည်ဆိုပါက အမေရိကန်နိုင်ငံသား အများစုအနေဖြင့် ကာကွယ်ဆေးမရရှိသည့် အခြားနိုင်ငံများမှ ရောဂါကူးစက်ခံခဲ့ရလျှင် ခံနိုင်ရည်မရှိမည်ကို စိုးရိမ်ပူပန်မိကြောင်း ဆေးဘက်ကျွမ်းကျင်သူ ပညာရှင်များက ပြောကြားခဲ့သည်။

ပြီးခဲ့သည့် ဧပြီလအတွင်းက အမေရိကန်ပြည်ထောင်စုသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးသို့ ငွေကြေးထည့်ဝင်မှုကို ရပ်ဆိုင်းရန် ဆုံးဖြတ်ချက်ချခဲ့ရာ ကပ်ရောဂါထိန်းချုပ်ရေးတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ လုပ်ဆောင်နိုင်စွမ်းနှင့် နိုင်ငံတကာ၏ ပူးပေါင်းဆောင်ရွက်မှုကို ထိခိုက်စေခဲ့သည်။

ဆင်ဟွာ



အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်

## ကိုဗစ်- ၁၉ ကြောင့် ဖိလစ်ပိုင်နိုင်ငံတွင် အလုပ်လက်မဲ့ပမာဏ ၄ ဒသမ ၆ သန်းအထိ ရှိလာ

မနီလာ စက်တင်ဘာ ၃

ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် စီးပွားရေးထိခိုက်ကျဆင်းမှုဖြစ်ပွားနေသည့် ဖိလစ်ပိုင်နိုင်ငံတွင် ၂၀၂၀ ပြည့်နှစ် ဇူလိုင်လအတွင်း အလုပ်လက်မဲ့ဦးရေ ၄ ဒသမ ၆ သန်းအထိ ရှိလာခဲ့ကြောင်း ဖိလစ်ပိုင်အစိုးရ၏ နောက်ဆုံးရစစ်တမ်းအချက်အလက်များအရ သိရသည်။

၂၀၂၀ ပြည့်နှစ် ဇူလိုင်လတွင် ဖိလစ်ပိုင်နိုင်ငံ၏ အလုပ်လက်မဲ့နှုန်းမှာ ၁၀ ရာခိုင်နှုန်းဖြစ်ပြီး ယင်းပမာဏသည် ပြီးခဲ့သည့်နှစ်အလားတူအချိန်ကထက် မြင့်တက်ခဲ့ခြင်းဖြစ်ကြောင်း၊ သို့ရာတွင် ၂၀၂၀ ပြည့်နှစ် ဧပြီလအတွင်းက အလုပ်လက်မဲ့ပမာဏနှင့်စာလျှင် လျော့နည်းကြောင်း ဖိလစ်ပိုင်အမျိုးသား စာရင်းအင်းပညာရှင်ဒန်နစ် မက်ပါက ပြောသည်။ ၂၀၂၀ ပြည့်နှစ် ဧပြီလတွင် ဖိလစ်ပိုင်နိုင်ငံ၏ အလုပ်လက်မဲ့ပမာဏ ၁၇ ဒသမ ၇ ရာခိုင်နှုန်းရှိသည်။

အသက် ၁၅ နှစ်နှင့်အထက် ဖိလစ်ပိုင်ပြည်သူများအကြား အလုပ်လက်မဲ့အရေအတွက်မှာ ၂၀၂၀ ပြည့်နှစ် ဇူလိုင်လတွင် ၄ ဒသမ ၆ သန်းအထိ ရှိပြီး ပြီးခဲ့သည့်နှစ် အလားတူအချိန်ကထက် ၂ ဒသမ ၂ သန်း မြင့်တက်လာကြောင်း မက်ထရိုမနီလာမြို့တစ်ခုတည်း၌ပင်လျှင် အလုပ်လက်မဲ့ပြည်သူ ၈၂၉၀၀၀ အထိ ရှိကြောင်း ဖိလစ်ပိုင်အမျိုးသား စာရင်းအင်းပညာရှင် မက်ပါက ပြောကြားသည်။

ဆင်ဟွာ

## တိုင်ဖွန်းမုန်တိုင်း ဟိုင်ရှန် အင်အားကောင်းလာပြီး ဂျပန်နိုင်ငံ အနောက်တောင်ပိုင်းဆီသို့ ချဉ်းကပ်လာ

တိုကျို စက်တင်ဘာ ၃

တိုင်ဖွန်းမုန်တိုင်း ဟိုင်ရှန်သည် အင်အားကောင်းလာပြီး ဂျပန်နိုင်ငံတောင်ပိုင်းရှိ ပင်လယ်ပြင်ကို ဖြတ်ကျော်လာလျက်ရှိကြောင်း သိရသည်။ အင်အားပြင်း မုန်တိုင်းသည် လာမည့် စက်တင်ဘာ ၆ ရက်နှင့် ၇ ရက်အတွင်း ဂျပန်နိုင်ငံ အနောက် တောင်ပိုင်းဆီသို့ ချဉ်းကပ် ရောက်ရှိလာမည်ဟု ခန့်မှန်းထားကြောင်း ဂျပန် မိုးလေဝသ အေဂျင်စီက ပြောကြားခဲ့သည်။

စက်တင်ဘာ ၃ ရက် ညနေပိုင်းတွင် တိုင်ဖွန်းမုန်တိုင်း ဟိုင်ရှန်သည် တစ်နာရီလျှင် ၂၀ ကီလိုမီတာ အမြန်နှုန်းဖြင့် အနောက်ဘက်သို့ ဦးတည် ရွေ့လျားလျက်ရှိသည်။ မုန်တိုင်းဗဟို လေထုဖိအားမှာ ၉၇၀ ဟက်တိုပါစကယ်ရှိပြီး တစ်နာရီလျှင် လေတိုက်နှုန်း ၁၈၀ ကီလိုမီတာနှင့်အထက်ရှိကြောင်း သိရသည်။

တိုင်ဖွန်းမုန်တိုင်းသည် မြောက်ဘက်အရပ်ဆီသို့ ပြန်လှည့်လာကာ အိုကီနာဝါခရိုင် ဒိုင်တိုဂျီမာဒေသဆီ ချဉ်းကပ်လာမည်ဟု ခန့်မှန်းထားသည်။ လာမည့် စက်တင်ဘာ ၅ ရက်တွင် အိုကီနာဝါခရိုင်နှင့် ကာဂိုရှီမာခရိုင် အမာမီဒေသတို့၌ လေတိုက်နှုန်း တစ်နာရီလျှင် ၁၈၀ ကီလိုမီတာနှင့် အထက်ရှိနိုင်ကြောင်း ခန့်မှန်းထားသည်။

အင်န်အိတ်ချ်ကေ

# တိုင်ဖွန်း မေဆက်ခ် တောင်နှင့်မြောက်ကိုရီးယားနိုင်ငံတို့ကို ဝင်ရောက်တိုက်ခတ်ခဲ့သောကြောင့် တစ်ဦးသေဆုံး

**ဘူဆန် (တောင်ကိုရီးယား) စက်တင်ဘာ ၃**

အင်အားပြင်းမုန်တိုင်းတစ်ခုသည် တောင်ကိုရီးယားနိုင်ငံနှင့် မြောက်ကိုရီးယားနိုင်ငံတို့ကို ဝင်ရောက်တိုက်ခတ်ခဲ့ရာ တောင်ကိုရီးယားနိုင်ငံတွင် အနည်းဆုံးလူတစ်ဦး သေဆုံးခဲ့ကြောင်းနှင့် မြောက်ကိုရီးယားနိုင်ငံတွင်လည်း ဆိပ်ကမ်းကို ဖြတ်၍ ဖောက်ထားသော လမ်းများအားလုံး ရေနစ်မြုပ်ကုန်ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဖော်ပြလိုက်သည်။

တိုင်ဖွန်း မေဆက်ခ်သည် ဘူဆန်တောင်ဘက်ကမ်းရိုးတန်းကို တစ်နာရီလျှင် ၁၄၀ ကီလိုမီတာ (၈၇ မိုင်) နှုန်းဖြင့်တိုက်ခတ်ခဲ့ပြီး မီးပွိုင့်များ၊ သစ်ပင်များကို လဲကျစေကာ လမ်းများကိုလည်း ရေမြုပ်စေခဲ့သည်။

မုန်တိုင်းကြောင့် ပြင်းထန်သော လေပြင်းများသည် တောင်ကိုရီးယားနိုင်ငံ ဘူဆန်ရှိ တိုက်ခန်းတစ်ခန်း၏ ပြတင်းပေါက်ကို ထိုးခွဲခဲ့ပြီးနောက် အမျိုးသမီးတစ်ဦးကိုလည်း သေစေခဲ့သည်။ ထို့အပြင် တောင်ပိုင်းဒေသများနှင့် ဂျေဂျူကျွန်းတွင်လည်း လူပေါင်း ၂၂၀၀ ကို ယာယီနားခိုရာနေရာများသို့ ပြောင်းရွှေ့ပေးခဲ့ပြီးနောက် အိမ်ခြေပေါင်း ၁၂၀၀၀ ခန့် မီးများပြတ်တောက်ခဲ့ရသည်။

မုန်တိုင်းသည် ဂျပန်ပင်လယ်ပြင်ကိုဖြတ်ပြီး အနောက်ဘက်သို့ ဆက်လက်ရွေ့လျားသွားကာ မြောက်ကိုရီးယားနိုင်ငံ ကင်ချက်ကို ဝင်ရောက်ခဲ့သည်။

အခြေခံအဆောက်အအုံများ ခိုင်ခံ့မှုအားနည်းသောကြောင့် မြောက်ကိုရီးယားနိုင်ငံသည် သဘာဝဘေးအန္တရာယ်၏ သက်ရောက်မှုကို ပိုမိုကြီးမားစွာ ခံစားရနိုင်ခြေရှိကြောင်းနှင့် တောင်များနှင့် တောင်ကုန်းများတွင် သစ်တောများ ပြုန်းတီးလျက်ရှိသောကြောင့် ရေကြီးမှုဘေးအန္တရာယ်နှင့်လည်း ပိုမိုရင်ဆိုင်ရနိုင်သည်။

မုန်တိုင်းသည် မြောက်ကိုရီးယားနိုင်ငံသို့ မိုးသည်းထန်စွာရွာသွန်းမှုနှင့်အတူ ဝင်ရောက်လာခဲ့ပြီး အရှေ့ဘက် ကမ်းရိုးတန်း ဝမ်ဆန်ဆိပ်ကမ်းမြို့တွင် ၁၅ နာရီကြာ ရွာသွန်းခဲ့သော မိုးရေချိန်သည် ၃၈၅ မီလီမီတာအထိ ရောက်ရှိခဲ့သည်။

ပြုံယမ်းနိုင်ငံပိုင်မီဒီယာက မုန်တိုင်းအခြေအနေကို တိုက်ရိုက်ထုတ်လွှင့်ပြသသော လိုက်ဖ်ဗီဒီယိုနှင့်အတူ အမြင့်ဆုံး သတိထားနေထိုင်ရန် တိုက်တွန်းပြောကြားလိုက်သော်လည်း နောက်ပိုင်းတွင် မုန်တိုင်းသည် အားပျော့သွားပြီး တရုတ်နိုင်ငံဘက်သို့ ရွေ့လျားသွားသောကြောင့် တိုင်ဖွန်းသတိပေးချက်များကို ပြန်လည်ဖယ်ရှားခဲ့သည်။

မုန်တိုင်းကြောင့် ဂျပန်နိုင်ငံတွင်လည်း ကယ်ဆယ်ရေးသမားများသည် လူ ၄၃ ဦးနှင့်အတူ နွား ၅၈၀၀ တင်ဆောင်လာသော ကုန်တင်သင်္ဘောတစ်စင်းကို ရှာဖွေလျက်ရှိသည်။ ဂျပန်ကမ်းခြေစောင့်တပ်ဖွဲ့က ယခုအချိန်အထိ လူတစ်ဦးသာရှာဖွေတွေ့ရှိသေးကြောင်းနှင့် ရှာဖွေမှုတွင် သင်္ဘောလေးစင်းနှင့် လေယာဉ်များ ပူးပေါင်းပါဝင်လျက်ရှိသည်။

မေဆက်ခ်သည် ကိုရီးယားကျွန်းဆွယ်ကို တစ်ပတ်အတွင်း ဝင်ရောက်တိုက်ခိုက်ခဲ့သည့် ဒုတိယမြောက် တိုင်ဖွန်းမုန်တိုင်း ဖြစ်သည်။ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းသည် လွန်ခဲ့သော သီတင်းပတ်က တိုင်ဖွန်း ဘာဗီဝင်ရောက်တိုက်ခိုက်ခဲ့သော နေရာများသို့ သွားရောက်လေ့လာခဲ့ပြီး ပျက်စီးမှုများ မျှော်မှန်းထားသည်ထက်နည်းသောကြောင့် စိတ်သက်သာခဲ့ကြောင်း သိရသည်။



တိုင်ဖွန်း မေဆက်ခ်ကြောင့် တောင်ကိုရီးယားနိုင်ငံ အရှေ့ပိုင်းဆိပ်ကမ်းမြို့ဖြစ်သည့် ဂန်နန်မြို့ရှိ ရေမြုပ်နေသော လမ်းတစ်ခုကို ဖြတ်ကူးနေသော အမျိုးသားတစ်ဦးကို စက်တင်ဘာ ၃ ရက်က တွေ့ရစဉ်။

ထို့အပြင်မိုးလေဝသ ပညာရှင်များက နောက်ထပ်မုန်တိုင်းတစ်ခုဖြစ်သည့် တိုင်ဖွန်းဟိုင်ရှန်သည် ကိုရီးယားကျွန်းဆွယ်ကို ချဉ်းကပ်လာပြီး တနင်္လာနေ့တွင် တစ်နာရီလျှင် ၁၄၄ ကီလိုမီတာ (၈၉ မိုင်) နှုန်းဖြင့် ဝင်ရောက်တိုက်ခတ်နိုင်ကြောင်း ခန့်မှန်းထားသည်။ **အေအက်ဖ်ပီ**

# ထိုင်းနိုင်ငံတွင် ကိုဗစ်-၁၉ ကြောင့် စီးပွားရေး ထိခိုက်မှုဒဏ်ခံစားရသည့် ပြည်သူများအတွက် အစိုးရက ထောက်ပံ့ငွေပေးအပ်ရန် ပြင်ဆင်

**ဘန်ကောက် စက်တင်ဘာ ၃**

ထိုင်းနိုင်ငံတွင် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် စီးပွားရေးထိခိုက်မှုဒဏ်ခံစားရသည့် ထိုင်းပြည်သူ ၁၅ သန်းကို ငွေသား ဘတ်သုံးထောင်စီပေးအပ်ရန်အတွက် ထိုင်းဘတ်ငွေ ၄၅ ဘီလီယံ သုံးစွဲရန် အစိုးရက ပြင်ဆင်နေကြောင်း သိရသည်။

ယင်းအစီအစဉ်အရ ပြည်တွင်းစီးပွားရေးကဏ္ဍတွင် ထိုင်းဘတ်ငွေ ၉၀ ဘီလီယံခန့် ဖြည့်သွင်းကာ ပြည်တွင်းသုံးစွဲမှုကို မြှင့်တင်ရန် မျှော်မှန်းထားကြောင်း သိရသည်။ ဘဏ္ဍာရေးဝန်ကြီးဌာနက အဆိုပြုခဲ့သည့် အဆိုပါ စီးပွားရေးလှုံ့ဆော်မှုအစီအစဉ်ကို ကိုဗစ်-၁၉ ကြောင့် စီးပွားရေးထိခိုက်မှုအခြေအနေဆိုင်ရာ စီမံကွပ်ကဲမှုအဖွဲ့ အစည်းအဝေးက အတည်ပြုလိုက်ကြောင်း ထိုင်းနိုင်ငံအမျိုးသား စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်ရေးကောင်စီရုံး ဒုတိယအထွေထွေအတွင်းရေးမှူး ဒါနူချာ



ထိုင်းနိုင်ငံ၌ ဝန်ထမ်းတစ်ဦးကို အပူချိန်တိုင်းတာနေစဉ်။

ပီချာယာနန်က စက်တင်ဘာ ၂ ရက်တွင် ပြောကြားခဲ့သည်။

စီးပွားရေးလှုံ့ဆော်မှု ရန်ပုံငွေအစီအစဉ်အရ စားသုံးကုန်များ ဝယ်ယူရန် ထောက်ပံ့ငွေဘတ် ၃၀၀၀ စီကို အစိုးရက ပြည်သူများသို့ ပေးအပ်မည်ဖြစ်ကြောင်း သိရသည်။

ပြည်သူများအနေဖြင့် ငွေကြေးလက်ခံမှုအတွက် စာရင်းပေးရန် လိုအပ်မည်ဖြစ်ကာ ထောက်ပံ့ငွေကို Pao Tang app ၏ G- wallet အက်ပလီကေးရှင်းမှ တစ်ဆင့် လွှဲပြောင်းပေးမည် ဖြစ်ကြောင်း မစ္စတာ ဒါနူချာက ပြောကြားခဲ့သည်။ **ဘန်ကောက်ပို့စ်**

# ပြင်သစ်ဝန်ကြီးချုပ် အလုပ်အကိုင်ပေါင်း ၁၆၀၀၀၀ ဖန်တီးပေးမည်

**ပါရီ (ပြင်သစ်) စက်တင်ဘာ ၃**

ပြင်သစ်ဝန်ကြီးချုပ် ဂျန်ကက်စတက်က ၎င်း၏အစိုးရသည် ကိုဗစ်- ၁၉ ရိုက်ခတ်မှုခံစားခဲ့ရသော စီးပွားရေးအတွက် အကြီးမားဆုံး ငွေကြေးသုံးစွဲမှုအစီအစဉ်တစ်ရပ်ကို စတင်ရန်ပြင်ဆင်သည့်အနေဖြင့် လာမည့်နှစ်တွင် အလုပ်အကိုင်ပေါင်း ၁၆၀၀၀၀ ဖန်တီးပေးရန် စက်တင်ဘာ ၃ ရက်က ကတိပြုပြောကြားလိုက်သည်။

ပြင်သစ်အစိုးရသည် ကိုဗစ်- ၁၉ ကြောင့် ထိခိုက်မှုများကို ကုစားရန် ယူရိုဘီလီယံ ၁၀၀ (အမေရိကန်ဒေါ်လာ ၁၂၀ ဘီလီယံ) လျာထားသလို နေ့စဉ် ကိုဗစ်- ၁၉ ကူးစက်မှု အရေအတွက်သည်လည်း နောက်တစ်ကြိမ်ပြန်လည်များပြားလာခဲ့ကြောင်း သိရသည်။ အကြီးမားဆုံးငွေကြေးသုံးစွဲမှုနှင့် အခွန်များကို ပယ်ဖျက်ပေးမှုအပါအဝင် ကိုဗစ်- ၁၉ ကြောင့် ထိခိုက်မှုများကို ကုစားရာတွင် စုစုပေါင်းအသုံးပြုသည့် ငွေပမာဏသည် လွန်ခဲ့သော ဆယ်စုနှစ်ကျော်က တွေ့ဆုံရင်ဆိုင်ခံစားခဲ့ရသည့် ကမ္ဘာ့ဘဏ္ဍာငွေအကျပ်အတည်းကာလက အသုံးပြုသည့် ငွေပမာဏထက် လေးဆပိုများကြောင်း သိရသည်။

ပြန်လည်ကုစားမည့်အစီအစဉ်သည် လာမည့် ၂၀၂၁ခုနှစ်တွင် အလုပ်အကိုင်ပေါင်း ၁၆၀၀၀၀ ကို ဖန်တီးပေးနိုင်မည်ဟု မျှော်လင့်ကြောင်း ဝန်ကြီးချုပ်က အာရ်တီအယ်လ်ရုပ်သံသို့ ပြောကြားလိုက်သည်။

စီးပွားရေးကို ပြန်လည်စတင်ရန်နှင့် အလုပ်လက်မဲ့နှုန်းကို တိုက်ဖျက်ရေးသည် အစီအစဉ်၏ အရေးကြီးဆုံး ရည်ရွယ်ချက်ဖြစ်ကြောင်း ဝန်ကြီးချုပ်က ဆက်လက် ပြောကြားလိုက်သည်။ ယခုဖော်ပြသည့် ဘတ်ဂျက်မြှင့်တင်ရေးအစီအစဉ်သည် ဇူလိုင်လက အတည်ပြုခဲ့သော ဥရောပသမဂ္ဂ၏ ယူရို ၇၅၀ အစီအစဉ်နှင့် သီးခြားစီဖြစ်ကြောင်း သိရသည်။ **အေအက်ဖ်ပီ**

# ဂျပန်ဝန်ကြီးချုပ်နေရာ ယှဉ်ပြိုင်ရန် ကိုယ်စားလှယ်လောင်းသုံးဦး အပြိုင်အဆိုင်ကြိုးစားလျက်ရှိ

**တိုကျို စက်တင်ဘာ ၃**

ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနေရာတွင် အစားထိုးနိုင်ရန် ဂျပန်အာဏာရပါတီ၏ ဥက္ကဋ္ဌနေရာအတွက် ဝင်ရောက်ယှဉ်ပြိုင်သူ သုံးဦးသည် ပါတီဥပဒေပြုသူများ၏ ထောက်ခံမှုရရှိရန် အပြိုင်ကြိုးစားနေကြကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် စက်တင်ဘာ ၃ ရက်က ဖော်ပြလိုက်သည်။ လစ်ဘရယ်ဒီမိုကရက်တစ်ပါတီသည် ၎င်း၏ ဥက္ကဋ္ဌသစ်ကို စက်တင်ဘာ ၁၄ ရက်တွင် ဆန္ဒမဲပေးရွေးချယ်မည်ဖြစ်သည်။ ဂျပန်ဝန်ကြီးချုပ်နေရာယှဉ်ပြိုင်မည့်သူများသည် လာမည့်အင်္ဂါနေ့တွင် ၎င်းတို့၏ တရားဝင်မဲဆွယ်စည်းရုံးမှုများ စတင်နိုင်ကြောင်း သိရသည်။

စက်တင်ဘာ ၃ ရက်က အစိုးရအဖွဲ့အတွင်းရေးမှူးချုပ် ဆူဂါ ယိုရှီဟီဒဲသည် တိုကျိုရှိ ဟိုတယ်တစ်ခု၌ ပြုလုပ်သော အစည်းအဝေးတွင် ၎င်းကိုထောက်ခံသူများအား မိန့်ခွန်းပြောကြားခဲ့သည်။

လစ်ဘရယ်ဒီမိုကရက်တစ်ပါတီ မူဝါဒရေးရာ အကြီးအကဲနှင့် ယခင်နိုင်ငံခြားရေးဝန်ကြီးဟောင်း ကီရှီးဒါး ဖူမီယိုက တိုကျိုတွင် ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ဥက္ကဋ္ဌနေရာယှဉ်ပြိုင်မှုအတွက် ၎င်း၏မူဝါဒများကို ကြေညာလိုက်သည်။

၎င်းအနေဖြင့် အလယ်အလတ်ဝင်ငွေရှိသည့် လူများအတွက် စီးပွားရေးမူဝါဒများကို တိုးမြှင့်ရန် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ အနည်းဆုံး လုပ်ခလစာတိုးမြှင့်ရေးနှင့် ပညာရေးနှင့် အိမ်ရာအသုံးစရိတ်များ လျှော့ချရေးတို့ကို လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ ထို့အပြင် ကျေးလက်ဒေသများတွင် ဒစ်ဂျစ်တယ်နည်းပညာများကို တိုးမြှင့်အသုံးပြုရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားလိုက်သည်။

အီရှီဘား ရှီဂီရုသည် ယခင် လစ်ဘရယ်ဒီမိုကရက်တစ်ပါတီ အတွင်းရေးမှူးချုပ်နှင့် ယခင် ကာကွယ်ရေးဝန်ကြီးဖြစ်သည်။ စက်တင်ဘာ ၃ ရက်နှောင်းပိုင်းတွင် အီရှီဘားအနေဖြင့် လစ်ဘရယ် ဒီမိုကရက်တစ်ဥပဒေသများထံ



ဂျပန်ဝန်ကြီးချုပ်နေရာယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်းသုံးဦး။

သွားရောက်ထောက်ခံမှုရရှိအောင်နှင့် ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးရေးရုံးကို ဟိုတယ်တစ်လုံးတွင် ဖွင့်လှစ်နိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းထောက်များကို ပြောကြားလိုက်သည်။ **အင်န်အိတ်ချ်ကေ**

## မန္တလေးတိုင်းဒေသကြီးအတွင်း တရားမဝင်အနှိုပ်ခန်းဖွင့်လှစ်လုပ်ကိုင်သူများအား အရေးယူ

**မန္တလေး စက်တင်ဘာ ၃**

ပြင်ဦးလွင်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းအဖွဲ့သည် ယမန်နေ့ နံနက် ၁ နာရီ ၄၅မိနစ်က ပြင်ဦးလွင်မြို့နယ် ရပ်ကွက်ကြီး (၁၀) တင်ဦးကျော်လမ်း သိင်္ဂီလမ်းသွယ်အတွင်းရှိ နေအိမ်တွင် တရားမဝင် အနှိပ်ခန်း ဖွင့်လှစ်လုပ်ကိုင်နေသည့် အိမ်ရှင်ဒေါ်နန်ဂျာ (၄၀ နှစ်) နှင့် အမျိုးသမီးနှစ်ဦး၊ လာရောက်အနှိပ်ခံသူ အမျိုးသား တစ်ဦးတို့ကို ဖမ်းဆီးရမိခဲ့သည်။

အလားတူ ယနေ့ နံနက် ၁ နာရီက ချမ်းအေးသာစံမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့သည် ချမ်းအေးသာစံမြို့နယ် ကဥ္စဏမဟီ ရပ်ကွက် ၇၆ လမ်း၊ ၃၀x၃၁ လမ်းကြား ဧည့်ရိပ်မွန်ရှိ တရားမဝင်အနှိပ်ခန်းကို သွားရောက်စစ်ဆေးရာ အမျိုးသမီး ငါးဦးနှင့် လာရောက်အနှိပ်ခံသူ အမျိုးသား နှစ်ဦးတို့ကို တွေ့ရှိဖမ်းဆီးရမိခဲ့သည်။

ထို့အတူ ယနေ့ နံနက် ၁ နာရီခွဲက အောင်ပင်လယ်နယ်မြေရဲစခန်း၊ စက်မှုနယ်မြေ ရဲစခန်း၊ မြစ်ငယ်နယ်မြေရဲစခန်းတို့မှ တပ်ဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့သည် အမရပူရမြို့နယ် မင်းရွာကျေးရွာ ၆၇ လမ်းရှိ နေအိမ်တွင် တရားမဝင် အနှိပ်ခန်းကို ဝင်ရောက်ရှာဖွေရာ အလုပ်သမားအမျိုးသား သုံးဦး၊ အမျိုးသမီး ရှစ်ဦးနှင့် လာရောက် အနှိပ်ခံသူ အမျိုးသား ၁၀ ဦးတို့ကို တွေ့ရှိဖမ်းဆီးရမိသဖြင့် သက်ဆိုင်ရာ နယ်မြေရဲစခန်းများက ဖမ်းဆီးရမိသူများအား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**မန်းကိုယ်ပွား**

## ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး စည်းကမ်းမလိုက်နာသည့် KTV ဆိုင်များအား အရေးယူ

**ရန်ကုန် စက်တင်ဘာ ၃**

ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုအား ထိန်းချုပ် တားဆီးနိုင်ရန်အလို့ငှာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် လုပ်ငန်းကော်မတီက KTV / Night Club များ ဖွင့်လှစ်ခြင်းမပြုရန် ထုတ်ပြန်ထားသည့် အမိန့်နှင့် ညွှန်ကြားချက်အား လိုက်နာခြင်းမရှိဘဲ ဖွင့်လှစ်လုပ်ကိုင်နေသည့် ဗဟန်းမြို့နယ် သာသနာ့ရိပ်သာရပ်ကွက် ဆရာစံလမ်းအမှတ် (၂၄) ရှိ LAX KTV ဆိုင်နှင့် ဒဂုံမြို့သစ် မြောက်ပိုင်းမြို့နယ်(၄၅)ရပ်ကွက် ပြည်ထောင်စုလမ်းအမှတ် (၁၁၁/ ၁၁၂) ရှိ Privacy KTV ဆိုင်တို့အား ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးမှ ရဲတပ်ဖွဲ့ဝင်များက ယမန်နေ့ ညပိုင်းတွင် ဝင်ရောက်စစ်ဆေးခဲ့သည်။

ထိုသို့ စစ်ဆေးရာ LAX KTV ဆိုင်မှ မန်နေဂျာ ကျော်မျိုးထွန်းနှင့် ဆိုင်ဝန်ထမ်းများ၊ လာရောက်သီဆိုသူ အမျိုးသား တစ်ဦး၊ စုစုပေါင်း ခြောက်ဦး၊ Privacy KTV ဆိုင်မှ မန်နေဂျာ ကျော်ယု (ခ) အောင်ကျော်လင်းနှင့် ဆိုင်ဝန်ထမ်းများ၊ လာရောက်သီဆိုသူများ စုစုပေါင်း ၃၈ ဦး တို့ကို စစ်ဆေးတွေ့ရှိခဲ့သဖြင့် အဆိုပါ KTV ဆိုင် နှစ်ဆိုင်မှ ဆိုင်ပိုင်ရှင်နှစ်ဦးနှင့် မန်နေဂျာနှစ်ဦးတို့ကို သက်ဆိုင်ရာရဲစခန်းများ၌ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေဖြင့် အရေးယူခဲ့သည်။

ထို့ပြင် ယမန်နေ့က ရန်ကုန်တိုင်းဒေသကြီးအတွင်း ညမထွက်ရအမိန့်အား ဖောက်ဖျက်ကျူးလွန်သူ အမျိုးသား ၆၁၈ ဦးနှင့် အမျိုးသမီး ၂၉ ဦး စုစုပေါင်း ၆၄၇ ဦး၊ မော်တော်ယာဉ် ၁၁၁ စီး၊ ဆိုင်ကယ် ၁၈ စီးတို့ကို ဖမ်းဆီးအရေးယူခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**

## မြန်မာမိန်းကလေး ခုနစ်ဦးအား တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားရန် စီစဉ်ခဲ့သူများကို လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေနှင့် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာဥပဒေအရ အရေးယူ

**နေပြည်တော် စက်တင်ဘာ ၃**

မြန်မာမိန်းကလေး ခုနစ်ဦးအား တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားရန် စီစဉ်ခဲ့သူများကို လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေနှင့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေများအရ မူဆယ်ခရိုင် တရားရုံးက အလုပ်နှင့် ထောင်ဒဏ် ၁၅ နှစ်စီနှင့် ကလေးသူငယ် တရားခံအား ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေအရ သင်တန်းကျောင်းသို့ သုံးနှစ် ပို့အပ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နေ မဝင်းမြတ်နွယ်(မိ)၊ သံတွဲမြို့နေ မစန္ဒာမ (တိမ်းရှောင်)၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်နေ မလှလှဝင်း (ခ) လှရေ (မိ)၊ ရှမ်းပြည်နယ် မူဆယ်မြို့နေ ထွန်းဝင်းသိန်း (ခ) မောင်မောင်ရှည် (မိ) တို့သည် မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့နေ မ - - - (၃၃ နှစ်)၊ မ - - - (၂၀ နှစ်)၊ လှိုင်သာယာမြို့နယ် ကျုံစုရွာနေ မ - - - (၁၈ နှစ်)၊ စစ်တွေမြို့နေ မ - - - (၁၉ နှစ်)၊ မ - - - (၁၈ နှစ်)၊ မ - - - (၂၀ နှစ်)၊ မြောက်ဦးမြို့နေ မ - - - (၁၉ နှစ်) တို့ ခုနစ်ဦးအား တရုတ်နိုင်ငံတွင် တရုတ်ယောကျ်ားများထံ ရောင်းစားရန် စီစဉ်ခဲ့မှုအတွက် မူဆယ်မြို့မရဲစခန်းက လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေဖြင့် အမှုဖွင့်လှစ်ခဲ့ပြီး မူဆယ်ခရိုင် တရားရုံးသို့ တရားစွဲ တင်ပို့ခဲ့ရာ ဩဂုတ် ၃၁ ရက်တွင် တရားခံ မလှလှဝင်း (ခ) လှရေနှင့် ထွန်းဝင်းသိန်း (ခ)မောင်မောင်ရှည်တို့ကို လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေအရ အလုပ်နှင့် ထောင်ဒဏ် ၁၅ နှစ်စီ၊ ကလေးသူငယ် တရားခံ မဝင်းမြတ်နွယ် (ခ) ငယ်ငယ် အား ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ဥပဒေအရ မန္တလေးမြို့ အမျိုးသမီးသက်မွေး အတတ်ပညာ သင်တန်းကျောင်းသို့ သုံးနှစ်ပို့အပ်စေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**


လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့

မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့

စက်တင်ဘာလ ၁၃ ရက်




၂၀၂၀ ပြည့်နှစ်၊ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့၏ရည်ရွယ်ချက်(၄)ရပ်

- ❖ လူကုန်ကူးမှု တိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်၍ နိုင်ငံသားအားလုံး ပူးပေါင်းဆောင်ရွက်ရန်။
- ❖ လူကုန်ကူးမှုဆိုင်ရာအသိပညာများ ပြည်သူလူထုအတွင်း စိမ့်ဝင်ပျံ့နှံ့စေရန်။
- ❖ လူကုန်ကူးခံရသူများအား စာနာနားလည်ခြင်းဖြင့် ကာကွယ်စောင့်ရှောက်နိုင်ရန်။
- ❖ လူကုန်ကူးမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များအားလုံးတွင် ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန်။


○ *ကျောဖုံးမှ*

၂၀၂၀-၂၁ ဘောလုံးရာသီ ပရီမီယာလိဂ်၌ မန်ယူအသင်း၏ အဖွင့်ပွဲစဉ်အဖြစ် စက်တင်ဘာ ၁၉ ရက်တွင် ယှဉ်ပြိုင်ကစားမည့် ခရစ္စတယ်လ်ပဲလေ့စ်အသင်းနှင့် ပွဲစဉ်တွင် ပါဝင်လာဖွယ်ရှိနေသည်။

မန်ယူအသင်းနှင့် စာချုပ်ချုပ်ဆိုပြီးနောက် ဗန်ဒီဘိခ်က "သမိုင်းအစဉ်အလာကြီးမားတဲ့ မန်ယူအသင်းမျိုးကို ပြောင်းရွှေ့ခွင့်ရတာဟာ မယုံကြည်နိုင်စရာ အခွင့်အရေးကောင်းတစ်ခုဖြစ်တယ်" ဟု ပြောသည်။ မန်ယူအသင်းသည် ဗန်ဒီဘိခ် အနေဖြင့် အိုင်းယက်စ်အသင်းဖော်ဟောင်းဖြစ်သူ နော်ရီဝတ်ဆင်ခဲ့သည့် ကျောနံပါတ် ၃၄ ကို ဝတ်ဆင်ကစားသွားမည်ဟု အတည်ပြုထုတ်ပြန်ခဲ့သည်။ နော်ရီသည် ၂၀၁၇ ခုနှစ် ချစ်ကြည်ရေးခြေစမ်းပွဲ၌ အိုင်းယက်စ်အသင်းတွင် ပါဝင်ကစားခဲ့စဉ် နှလုံးခုန်နှုန်းမမှန်သည့် ဝေဒနာကို ခံစားခဲ့ရပြီး ကွင်းထဲတွင် လဲကျခဲ့သူဖြစ်သည်။

မန်ယူအသင်းသည် အပြောင်းအရွှေ့ကို ဆက်လက်လုပ်ဆောင်သွားဖွယ်ရှိနေပြီး ဒေါ့မွန်အသင်းမှ ဆန်ချိုကို ခေါ်ယူရန် ဆက်လက်ကြိုးပမ်းသွားဖွယ်ရှိနေသည်။ ထို့အပြင် အသက် (၂၄ နှစ်) အရွယ် ဂျက်ဂရီရယ်လစ်ကို ခေါ်ယူရန်အတွက်လည်း အက်စ်တွန်ဗီလာအသင်းနှင့် ဆွေးနွေးမှု ပြုလုပ်လျက်ရှိကြောင်း သိရသည်။ ဂရီရယ်လစ်သည် ဆိုးလ်ရှား ခေါ်ယူမည့် ကစားသမားစာရင်းတွင် အဓိကပစ်မှတ်အဖြစ် ရှိနေဆဲဖြစ်ပြီး ဗီလာအသင်းက အဆိုပါ ကစားသမားအတွက် ပြောင်းရွှေ့ကြေး ပေါင်သန်း ၈၀ တောင်းဆိုသွားဖွယ်ရှိကြောင်း သိရသည်။

**အောင်ဇော်**

## ညမထွက်ရအမိန့် လိုက်နာရန်ပျက်ကွက်သူများအား အလုပ်မဲ့ ထောင်ဒဏ် တစ်လစီ ပြစ်ဒဏ်ချမှတ်

**မန္တလေး စက်တင်ဘာ ၃**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ကိုဗစ်-၁၉ရောဂါ ကူးစက်ပြန့်ပွားမှု မဖြစ်ပေါ်စေရေးနှင့် ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အထောက်အကူဖြစ်စေရန်အတွက် နေ့စဉ် ည ၁၂ နာရီမှ နံနက် ၄ နာရီအတွင်း ညမထွက်ရအမိန့်ကို ထုတ်ပြန်ထားရာ အဆိုပါအမိန့်အား လိုက်နာရန် ပျက်ကွက်သူ ၅၇ ဦးကို အလုပ်မဲ့ထောင်ဒဏ် တစ်လစီချမှတ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ညမထွက်ရအမိန့်ကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများမှ ထပ်ဆင့်အမိန့်ထုတ်ပြန်ထားရှိပြီး တာဝန်ရှိသူများက နေ့စဉ်ကြပ်မတ်ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၃၁ ရက် ည ၁၂ နာရီမှ စက်တင်ဘာ ၁ ရက် နံနက် ၄ နာရီအတွင်း ချမ်းအေးသာစံမြို့နယ်တွင် ၁၃ ဦး၊ အောင်မြေသာစံမြို့နယ်တွင် ကိုးဦး၊ မဟာအောင်မြေမြို့နယ်တွင် ၁၀ ဦး၊ ချမ်းမြသာစည်မြို့နယ်တွင် တစ်ဦး၊ ပြည်ကြီးတံခွန်မြို့နယ်တွင် ကိုးဦး၊ အမရပူရမြို့နယ်တွင် ရှစ်ဦးနှင့် ပုသိမ်ကြီး မြို့နယ်တွင် ခုနစ်ဦး စုစုပေါင်း ၅၇ ဦးတို့ကို ညမထွက်ရအမိန့် ဖောက်ဖျက်မှုဖြင့် ဖမ်းဆီး၍ သက်ဆိုင်ရာ မြို့နယ်တရားရုံးများသို့ တရားစွဲတင်ပို့ခဲ့ရာ အလုပ်မဲ့ ထောင်ဒဏ် တစ်လစီ ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

**သန်းဇော်မင်း (ပြန်/ဆက်)**

## ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၃**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး စက်တင်ဘာ ၂ ရက်တွင် မန္တလေး-မူဆယ်ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၄၃၂ စီး၊ သွင်းကုန် ၃၉၁ စီး၊ ရန်ကုန်- မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၂၂၃ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၂ ရက် တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု တစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၀ ဒသမ ၃၆၀ သန်းတန်ဖိုးရှိ တရားမဝင်ကန့်သတ်ကုန်ပစ္စည်းဖြစ် သည့် 8.6 Beer (500 ml) (1x24) (30 Pkgs) ကို ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပြည်မြို့တွင် ဆိုင်ကယ်မျိုးစုံ ၂၄ စီး ခိုးယူသူ ခြောက်ဦး ဖမ်းဆီးရမိ

**ပြည် စက်တင်ဘာ ၃**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့တွင် ဆိုင်ကယ်မျိုးစုံ ၂၄ စီး ခိုးယူသူ ခြောက်ဦးကို ဩဂုတ်လနောက်ဆုံးပတ်က ဖမ်းဆီးရမိကြောင်း ခရိုင်ရဲတပ်ဖွဲ့မှူးရုံးထံမှ သိရသည်။

ပြည်ခရိုင် ရဲတပ်ဖွဲ့မှူးရုံးမှ ရဲအုပ် မျိုးမင်းအောင် ဦးစီးတပ်ဖွဲ့ဝင်များသည် ဩဂုတ် ၂၈ ရက်က ပြည်-အောင်လံကားလမ်းဘေး ယာခင်းများဘက်သို့ သွားသည့် မြေနီလမ်းပေါ်တွင် အောင်ကိုကိုနှင့် အောင်မျိုးနိုင်တို့ နှစ်ဦးအား ဆိုင်ကယ်တစ်စီးနှင့်အတူ မသင်္ကာဖွယ်တွေ့ရှိရ၍ စစ်ဆေးရာ ပြည်မြို့နယ် မြောက်နဝင်းကျေးရွာဘက်မှ ခိုးယူခဲ့ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် အမှတ် (၃) နယ်မြေစခန်း၌ အမှုဖွင့်ဖမ်းဆီးခဲ့သည်။

၎င်းတို့နှစ်ဦးအား စစ်ဆေးရာ ပြစ်မှုကျူးလွန်ရာတွင် ပါဝင်သည့် ဇင်ကိုဝင်း၊ ဇော်မျိုးလွင်၊ သက်ပိုင်ဦးနှင့် ကျော်ဌေးအောင် (ခ) သာပြောင်အပါအဝင် ခြောက်ဦးတို့ကို ၎င်းတို့ခိုးယူခဲ့သည့် ဆိုင်ကယ်မျိုးစုံ ၂၄ စီးနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိခဲ့သဖြင့် ဥပဒေနှင့်အညီ အရေးယူထားကြောင်း ပြည်ခရိုင် ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

**ခရိုင် (ပြန်/ဆက်)**




မော်တော်ဆိုင်ကယ်နောက်တွင်
လူစီးထိုင်ခုံမပါလျှင် လူပို့မတင်ရ။
ထိုင်ခုံပါလျှင် တစ်ဦးထက် ပိုမတင်ရ။
ဆိုင်ကယ်စီးသူ၏ ရှေ့တွင် မည်သူမျှမတင်ရ။


❖ *ကျောဖုံးမှ*

ပါဝင်နိုင်ခြင်းမရှိသောကြောင့် ပွဲထွက်လူစာရင်းကို အပြောင်းအလဲအချို့ပြုလုပ်ခဲ့သည်။ ယခုပွဲတွင် ရတနာပုံအသင်းသည် ပွဲစကတည်းက ဖိကစား နိုင်သော်လည်း ထိရောက်သည့် တိုက်စစ်ဆင်မှုမတွေ့ခဲ့ ရဘဲ အဝေးကန်ချက်များဖြင့်သာ အချိန်ကုန်ခဲ့ရသည်။ အား/ကာသိပ္ပံအသင်းသည် တန်ပြန်တိုက်စစ်ကိုသာ အားပြုကစားခဲ့ပြီး ၅၅ မိနစ်တွင် တစ်လုံးတည်းသောအနိုင်ဂိုးရခဲ့ကာ လင်းထက်စိုးက သွင်းယူခဲ့သည်။ အောင်သူ၊ မောင်မောင်စိုးနှင့် ဝင်းနိုင်စိုးတို့ အခွင့်အရေးများ အသုံးမချနိုင်၍ ရတနာပုံအသင်း ရှုံးပွဲကြုံတွေ့ကာ ဒုတိယအကျော့တွင် နှစ်ပွဲဆက် အရေးနိမ့်ခဲ့ရခြင်း ဖြစ်သည်။

YUSC ကွင်း၌ ကျင်းပသည့်ပွဲတွင် ဟံသာဝတီအသင်းက Southern အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ဇယားထိပ်ဆုံးမှ ဟံသာဝတီအသင်း နိုင်ပွဲဆက်ခဲ့သော်လည်း ၇၅ မိနစ်တွင်ရရှိသည့် ပယ်နယ်တီဂိုးကြောင့် အမှတ်ပြည့်ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ ပွဲစဉ် (၁၂) တွင် ရှေ့ဝတီကို သရေကစားခဲ့သည့် Southern အသင်း ရှုန်းကန်ခဲ့သော်လည်း နှစ်ကျော့စလုံး အရှုံးပေးခဲ့ရသည်။ ဟံသာဝတီအသင်းအတွက် အနိုင်ဂိုးကို ဒိုနယ်က ပယ်နယ်တီမှတစ်ဆင့် သွင်းယူခဲ့သည်။ ပဒ္မာကွင်း၌ကျင်းပသည့်ပွဲတွင် ရှေ့ဝတီအသင်းက မကွေးအသင်းကို ငါးဂိုးပြတ်အနိုင်ရခဲ့ပြီး ဒုတိယနေရာတွင် ဆက်လက်ရပ်တည်နေသည်။ ရှေ့ဝတီအသင်းအတွက် အနိုင်ဂိုးများကို ၂၁ မိနစ်တွင် သန်းထက်အောင်၊ ၇၄၊ ၈၂ မိနစ်တွင် ကောင်းမြတ်သူ၊ မိနစ် ၈၀ တွင် ဆာဆက်နှင့် ၈၄ မိနစ်တွင် ရာဇာအောင်တို့က သွင်းယူခဲ့သည်။

ဒုတိယနေ့ကို စက်တင်ဘာ ၄ ရက် **(ယနေ့)** တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး သုဝဏ္ဏကွင်း၌ စစ်ကိုင်းအသင်းနှင့် ရန်ကုန်အသင်း၊ YUSC ကွင်း၌ ရခိုင်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

## အထွေထွေရွေးကောက်ပွဲကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပမည်

- မဲစာရင်းတွင် မိမိအမည်ပါရှိမှသာ မဲပေးခွင့်ရရှိနိုင်မည်။
- ပြည့်စုံမှန်ကန်သော မဲဆန္ဒရှင်စာရင်းရရှိရန်အတွက် အိမ်ထောင်စုတစ်ခုလျှင် အနည်းဆုံး တစ်ဦး မပျက်မကွက် လာရောက်ကြည့်ရှု စစ်ဆေးခြင်းဖြင့် ပူးပေါင်းကူညီဆောင်ရွက်သွားကြရန်။
- မဲပေးခွင့် မဆုံးရှုံးစေရန် ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းများ ဆောင်ရွက်ကြရန်။

**ရွေးကောက်ပွဲ ကျင်းပရန်**

**၆၅ ရက်သာ**

**လိုတော့သည်။**

## ပြည်တွင်းရှိ သက်ဆိုင်ရာမဲဆန္ဒနယ် ပြင်ပရောက် မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးခြင်း

✤ သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်း အကြီးအမှူးများသည် မိမိတို့ဌာန တည်ရှိရာ သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် ဆက်သွယ်၍ ပုံစံ (၁၅) များကို တောင်းခံသွားရန်၊

✤ သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်း အကြီးအမှူးများသည် မဲဆန္ဒရှင်များက ဖြည့်သွင်းပြီးသည့် ပုံစံ (၁၅) များကို သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ ၂၆-၈-၂၀၂၀ ရက် အရောက်ပေးပို့သွားရန်၊

✤ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသည် ကြိုတင်ဆန္ဒမဲလက်မှတ်နှင့် စာအိတ်များကို သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်းများသို့ ၇-၁၀-၂၀၂၀ ရက် အရောက်ပေးပို့ရန်၊

✤ သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်းများတွင် ၈-၁၀-၂၀၂၀ ရက်မှ ၂၁-၁၀-၂၀၂၀ ရက်အတွင်း သင့်လျော်သည့်ရက်၌ ကြိုတင်ဆန္ဒမဲပေးနိုင်ရေး ဆောင်ရွက်ရန်၊

✤ ဆန္ဒပြုပြီး ကြိုတင်ဆန္ဒမဲလက်မှတ်ပါ စာအိတ်များကို သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ ၈-၁၁-၂၀၂၀ ရက်နေ့ ညနေ ၄ နာရီထက် နောက်မကျဘဲ အရောက်ပေးပို့သွားရန်။

**သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၉ ( ဆ ) အရ ရွေးကောက်ပွဲတစ်ခုခုတွင် မိမိဆန္ဒမဲပေးပိုင်ခွင့်ရှိသော လွှတ်တော်မဲဆန္ဒနယ်အတွက် တစ်ကြိမ်ထက်ပို၍ ဆန္ဒမဲပေးခြင်း မပြုရ။ ကျူးလွန်ပါက တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်း ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံရနိုင်သည်။**

## ရွေးကောက်ပွဲအတွက် ရန်ကုန်တိုင်းဒေသကြီး၌ မဲရုံပေါင်း ၅၉၀၀ ကျော် ဖွင့်လှစ်မည်

**ရန်ကုန် စက်တင်ဘာ ၃**

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပချိန်တွင် ပြည်သူများ မဲပေးနိုင်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီး အတွင်း၌ မဲရုံပေါင်း ၅၉၀၀ ကျော် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲထံမှ သိရသည်။

**မဲရုံထပ်တိုးချဲ့ ဆောင်ရွက်**

ထို့ပြင် အရန်မဲရုံများ စီစဉ်ထားမှုနှင့်ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးကျော်မိုးကြည်က "မဲရုံပေါင်း ၅၉၀၀ ကျော် ရှိတဲ့အနက် ကျွန်တော်တို့အနေနဲ့ ကိုဗစ်-၁၉ ရောဂါနဲ့ ပတ်သက်ပြီး Social distancing လုပ်ရမယ်ဆိုရင် အရန်မဲရုံအနေနဲ့ မဲရုံ ၂၀၀ ကျော် ထပ်ပြီး ဆောင်ရွက်ထားတာ ရှိပါတယ်။ လိုအပ်ရင် အဆိုင်းခွဲတာတွေလည်း ဆောင်ရွက်ပါမယ်။ မြေပြင်အနေအထားအရ အဆိုင်းခွဲလို့မရဘူးဆိုရင် မဲရုံထပ်တိုးချဲ့ပြီး ဆောင်ရွက်မှာပါ" ဟု ပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ မသန်စွမ်း မဲပေးခွင့်ရှိသူဦးရေ ၄၀၀၀၀ နီးပါးရှိကြောင်း၊ မဲရုံများ စတင်ရွေးချယ်စဉ်မှစ၍ အထပ်မြင့်များတွင် စီစဉ်ခြင်းမပြုဘဲ မြေပြင်အထပ်များတွင်သာ စီစဉ်ထားကြောင်း၊ အမြင်အာရုံချို့တဲ့သူများ၊ နားမကြားသူများ ၃၀ နှင့်အထက်ရှိပါက မဲပေးနိုင်ရေးအတွက် အစီအစဉ်များ သီးသန့်သတ်မှတ်ထားကြောင်း သိရသည်။

**ကူညီဆောင်ရွက်ပေး**

မဲရုံများ ထပ်မံတိုးချဲ့နိုင်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဆောင်သော မဲစာရင်းပြည့်စုံမှန်ကန်ရေး ပံ့ပိုးကူညီရေးအဖွဲ့က ကူညီဆောင်ရွက်ပေးနိုင်ရန်လည်း စီစဉ်ထားကြောင်းနှင့် ရန်ကုန်တိုင်းဒေသကြီးတွင် အသက် ၁၈ နှစ်ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ဦးရေမှာ ၅၆ သိန်းကျော်ရှိကာ ပထမဆုံးအကြိမ် အသက် ၁၈ နှစ်ပြည့်၍ မဲပေးပိုင်ခွင့်ရှိသူမှာ ခုနစ်သိန်းခန့်ရှိကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**

## ဒီးမော့ဆိုမြို့နယ်တွင် ဆန္ဒမဲပေးပိုင်ခွင့် မဆုံးရှုံးစေရေး နိုင်ငံသားစိစစ်ရေးကတ်ပြားစိစစ်ဆောင်ရွက်

**ဒီးမော့ဆို စက်တင်ဘာ ၃**

၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ၌ အသက် (၁၈)နှစ်ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတိုင်း မဲပေးပိုင်ခွင့် မဆုံးရှုံးစေရေး သစ္စာစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား စိစစ်ဆောင်ရွက်ခြင်းကို ယနေ့ နံနက်ပိုင်းက ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ် စံပြ(၆)မိုင်ကျေးရွာ ခန်းမဆောင်၌ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကွင်းဆင်းဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ကယားပြည်နယ် ဦးစီးမှူးရုံးမှ ပြည်နယ် ဦးစီးမှူး ဦးစန်းဝေနှင့် ခရိုင်ဦးစီးမှူး ဦးကျော်မောင်ထွန်းတို့က ကြည့်ရှုစစ်ဆေးပြီး အသက် (၁၈)နှစ် ပြည့်ပြီးသော နိုင်ငံသားတိုင်း နိုင်ငံသား စိစစ်ရေးကတ်ပြား ရရှိကိုင်ဆောင်ပြီး လာမည့် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲပေးပိုင်ခွင့် မဆုံးရှုံးစေရန် ဌာနမှ Norwegian Refugee Council (NRC) နှင့် ပူးပေါင်း၍ ကျေးရွာအရောက် ကွင်းဆင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကွင်းဆင်း ဆောင်ရွက်ချိန်တွင် ပြည်သူများအနေဖြင့် ပူးပေါင်းပါဝင်ပေးစေလိုကြောင်း ပြောကြားသည်။

**စိစစ်ဆောင်ရွက်ပေး**

ထို့နောက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူးရုံးမှ ဦးစီးမှူး ဦးမြင့်ဇော်နှင့် ဝန်ထမ်းများ၊ NRC မှ တာဝန်ရှိသူများက မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ပေးပို့ထားသည့် မဲစာရင်းတွင် ပါဝင်ပြီး ကိုင်ဆောင်လက်မှတ် ဖော်ပြထားခြင်းမရှိသူ ၅၁ ဦးအား စိစစ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ရီရယ်(ပြန်/ဆက်)**

## ရွေးကောက်ပွဲများသည်-

➤ ဒီမိုကရေစီ၏ အခြေခံဖြစ်သည်။

➤ ဒီမိုကရေစီ ရှင်သန်စေရေး၏ ရေသောက်မြစ်ဖြစ်သည်။

➤ ဒီမိုကရေစီဖြစ်ထွန်းရေး၏ ပင်စည်ပင်မ ဖြစ်သည်။

## ပြည်သူ့ဆန္ဒနှင့်အညီ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲဆီသို့ . . .



# လိုအပ်ချက်မရှိစေရန် ပံ့ပိုးပေးသွားမည်

ပြည်သူများအနေဖြင့်လည်း ဝိုင်းဝန်းကူညီပံ့ပိုးပေးကြမည်ဟု ယုံကြည်ပါကြောင်း၊ ယင်းမှာ အင်အားပင်ဖြစ်ပါကြောင်း၊ နိုင်ငံ မချမ်းသာသော်လည်း မိမိတို့ပြည်သူများ၏ ရက်ရောသည့် စိတ်ဓာတ်သည် များစွာချမ်းသာပါကြောင်း၊ အရေးကြီးလျှင် သွေးစည်းလိုသည့် စိတ်ဓာတ်၊ ဝိုင်းဝန်းကူညီပံ့ပိုးလိုကြသည့် စိတ်ဓာတ်ရှိသည့်အတွက် ငွေကြေးအနေဖြင့် လုံလုံလောက်လောက် ပံ့ပိုးပေးနိုင်မည်ဖြစ်ကြောင်း၊ မိမိတို့ပြည်ထောင်စု တစ်စိတ်တစ်ပိုင်း ကျန်းမာရေးအတွက် လိုအပ်ချက်မရှိစေရန် ပံ့ပိုးပေးသွားမည် ဖြစ်ပါကြောင်း။

(Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဩဂုတ်လ ၂၈ ရက်နေ့က ရခိုင်ပြည်နယ်အတွင်း COVID–19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့်စပ်လျဉ်း၍ ဆောင်ရွက်နေသူများနှင့် အပြန်အလှန်ဆွေးနွေးသတင်းမှ ကောက်နုတ်ချက်)

## ကိုဗစ်–၁၉ ရောဂါပိုးရှိသူ ၁၁၆ ဦး ထပ်မံတွေ့ရှိ ရောဂါပိုးရှိသူ စုစုပေါင်း ၁၁၁၁ ဦး ရှိသွားပြီ

နေပြည်တော် စက်တင်ဘာ ၃

ယနေ့တွင် ကိုဗစ် – ၁၉ ရောဂါပိုးရှိသူ ၁၁၆ ဦးထပ်မံတွေ့ရှိသဖြင့် ယနေ့အထိ ရောဂါပိုးရှိသူ စုစုပေါင်း ၁၁၁၁ ဦး ရှိသွားပြီဖြစ်ကြောင်း၊ ရောဂါပိုးတွေ့ရှိသူ ၁၁၁၁ ဦးအနက် သေဆုံးသူ ခြောက်ဦး၊ ပိုးမတွေ့ရှိတော့သူ ၃၅၉ ဦး၊ ဆေးရုံမှဆင်းခွင့်ပြုခဲ့သူ ၃၅၆ ဦးနှင့် စက်တင်ဘာ ၂ ရက် မွန်းတည့် ၁၂ နာရီမှ စက်တင်ဘာ ၃ ရက် မွန်းတည့် ၁၂ နာရီအတွင်း စောင့်ကြည့်လူနာအသစ် ၈၂ ဦး ရှိကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ယနေ့ထုတ်ပြန်ချက်များအရ သတင်းရရှိသည်။

သတင်းစဉ်

### မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၁၆၄၂၆၆ | ၁၁၁၁ |

| ရောဂါပိုးကင်းစင်လာသူ | သေဆုံးသူ |
|---|---|
| ၃၅၉ | ၆ |

စောင့်ကြည့်လူနာ စုစုပေါင်း – ၇၆၈၅

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ – ၃၅၆ ဦး (အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ)

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဖော်ပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရခိုင် | ၄၉၇ | |
| ၂ | ရန်ကုန် | ၄၇၆ | ၅ |
| ၃ | ပဲခူး | ၃၉ | ၁ |
| ၄ | မွန် | ၂၁ | |
| ၅ | ချင်း | ၁၉ | |
| ၆ | မန္တလေး | ၁၁ | |
| ၇ | စစ်ကိုင်း | ၁၀ | |
| ၈ | ရှမ်း(တောင်) | ၈ | |
| ၉ | ကရင် | ၆ | |
| ၁၀ | တနင်္သာရီ | ၆ | |
| ၁၁ | မကွေး | ၄ | |
| ၁၂ | နေပြည်တော် | ၄ | |
| ၁၃ | ရှမ်း(မြောက်) | ၃ | |
| ၁၄ | ရှမ်း(ရှေ့) | ၃ | |
| ၁၅ | ကချင် | ၂ | |
| ၁၆ | ဧရာဝတီ | ၂ | |
| | စုစုပေါင်း | ၁၁၁၁ | ၆ |

❖ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား – ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၃-၉-၂၀၂၀ ရက်၊ ည (၈:၀၀) နာရီ

## ၃-၉-၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုအများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၆၂၉၄၂၇၆ | ၃၅၄၇၉၇၉ | ၁၉၀၀၄၉ |
| ၂။ | ဘရာဇီး | ၄၀၀၁၄၂၂ | ၃၂၁၀၄၀၅ | ၁၂၃၈၉၉ |
| ၃။ | အိန္ဒိယ | ၃၈၇၂၆၇၀ | ၂၉၈၄၄၆၇ | ၆၇၆၆၉ |
| ၄။ | ရုရှား | ၁၀၀၉၉၉၅ | ၈၂၆၉၃၅ | ၁၇၅၂၈ |
| ၅။ | ပီရူး | ၆၆၃၄၃၇ | ၄၈၀၁၇၇ | ၂၉၂၅၉ |
| ၆။ | ကိုလံဘီယာ | ၆၃၃၃၃၉ | ၄၇၉၅၆၈ | ၂၀၃၄၈ |
| ၇။ | တောင်အာဖရိက | ၆၃၀၅၉၅ | ၅၅၃၄၅၆ | ၁၄၃၈၉ |
| ၈။ | မက္ကဆီကို | ၆၁၀၉၅၇ | ၄၂၄၉၉၀ | ၆၅၈၁၆ |
| ၉။ | စပိန် | ၄၇၉၅၅၄ | စိစစ်ဆဲ | ၂၉၁၉၄ |
| ၁၀။ | အာဂျင်တီးနား | ၄၃၉၁၇၂ | ၃၂၂၄၆၁ | ၉၁၅၅ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၃- ၉ - ၂၀၂၀

| | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| ဖိလစ်ပိုင် | ၂၂၈၄၀၃ | ၁၅၉၄၅၇ | ၃၆၈၈ |
| အင်ဒိုနီးရှား | ၁၈၄၂၆၈ | ၁၃၂၀၅၅ | ၇၇၅၀ |
| စင်ကာပူ | ၅၆၉၀၈ | ၅၅၈၉၁ | ၂၇ |
| မလေးရှား | ၉၃၇၄ | ၉၀၈၃ | ၁၂၈ |
| ထိုင်း | ၃၄၂၇ | ၃၂၇၇ | ၅၈ |
| မြန်မာ | ၁၁၁၁ | ၃၅၉ | ၆ |
| ဗီယက်နမ် | ၁၀၄၆ | ၇၄၆ | ၃၅ |
| ကမ္ဘောဒီးယား | ၂၇၄ | ၂၇၁ | ၀ |
| ဘရူနိုင်း | ၁၄၅ | ၁၃၉ | ၃ |
| လာအို | ၂၂ | ၂၁ | ၀ |

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂-၉-၂၀၂၀) ရက်နေ့ ဓာတ်ခွဲစစ်ဆေးမှုများတွင် COVID-19 လူနာတွေ့ရှိမှု
(၃-၉-၂၀၂၀) ရက်နေ့၊ မွန်းတည့် (၁၂:၀၀)နာရီ

| လူနာ အမှတ်စဉ် | အသက် | ကျား/မ | နေရပ်လိပ်စာ | COVID-19 ရောဂါအတည်ပြု လူနာများ နှင့်ထိတွေ့မှု | ပြည်ပသို့ ခရီးသွား ရာဇဝင် ရှိ/ မရှိ | ဆေးကုသမှု ခံယူစေမည့် ဆေးရုံ | COVID-19 ဓာတ်ခွဲ အဖြေ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| 939 | ၂၇ နှစ် | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-450) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့နယ်) |
| 940 | ၂၄ နှစ် | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-447) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့နယ်) |
| 941 | ၄၈ နှစ် | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-449) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့နယ်) |
| 942 | ၈၃ နှစ် | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-449) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့နယ်) |
| 943 | ၁၅ နှစ် | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-449) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့နယ်) |
| 944 | ၇ နှစ် | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-449) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့နယ်) |
| 945 | ၃၄ နှစ် | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-446) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့နယ်) |
| 946 | ၃၅ နှစ် | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-446) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့နယ်) |
| 947 | ၆၆ နှစ် | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့နယ်) |
| 948 | ၅၅ နှစ် | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့နယ်) |
| 949 | ၅၈ နှစ် | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့နယ်) |
| 950 | ၂၈ နှစ် | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့နယ်) |
| 951 | ၃၅ နှစ် | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့နယ်) |
| 952 | ၂၉ နှစ် | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့နယ်) |
| 953 | ၃၅ နှစ် | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့နယ်) |
| 954 | ၄၇ နှစ် | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့နယ်) |
| 955 | ၃၉ နှစ် | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့နယ်) |
| *956 | ၁၆ နှစ် | ကျား | ကျောက်တော်မြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံ၊ ကျောက်တော်မြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ကျောက်တော်မြို့နယ်) |
| *957 | ၁၅ နှစ် | ကျား | ကျောက်တော်မြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံ၊ ကျောက်တော်မြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ကျောက်တော်မြို့နယ်) |
| 958 | ၂၇ နှစ် | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-726) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့နယ်) |
| 959 | ၂၀ နှစ် | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-727) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့နယ်) |
| 960 | ၄၀ နှစ် | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-727) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့နယ်) |
| 961 | ၃၁ နှစ် | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-727) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့နယ်) |
| 962 | ၃၂ နှစ် | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-628) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့နယ်) |
| 963 | ၆၄ နှစ် | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-437) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့နယ်) |
| 964 | ၂၀ နှစ် | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-471) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့နယ်) |
| 965 | ၄၁ နှစ် | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့နယ်) |
| 966 | ၃၄ နှစ် | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့နယ်) |
| 967 | ၄၆ နှစ် | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့နယ်) |
| 968 | ၃၁ နှစ် | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့နယ်) |
| 969 | ၄၇ နှစ် | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့နယ်) |
| 970 | ၃၂ နှစ် | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-771) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့နယ်) |
| 971 | ၂၇ နှစ် | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-771) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့နယ်) |
| 972 | ၂၃ နှစ် | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-771) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့နယ်) |
| 973 | ၃၄ နှစ် | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-771) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့နယ်) |
| 974 | ၃၆ နှစ် | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-771) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့နယ်) |
| 975 | ၂၈ နှစ် | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-771) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့နယ်) |
| 976 | ၃၈ နှစ် | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-620, 621) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့နယ်) |
| 977 | ၄ နှစ် | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-620, 621) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့နယ်) |
| 978 | ၅၇ နှစ် | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-528) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့နယ်) |
| 979 | ၃၃ နှစ် | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့နယ်) |
| 980 | ၃၄ နှစ် | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့နယ်) |
| 981 | ၃၀ နှစ် | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့နယ်) |
| 982 | ၂၉ နှစ် | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့နယ်) |
| 983 | ၂၃နှစ် | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-727) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့နယ်) |
| 984 | ၃၄ နှစ် | မ | ချောင်းဆုံမြို့နယ်၊ မွန်ပြည်နယ် | မရှိ | ရှိ (ထိုင်း) | ပြည်သူ့ဆေးရုံကြီး၊ မော်လမြိုင်မြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (မော်လမြိုင်မြို့နယ်) |
| 985 | ၂ နှစ် | မ | မော်လမြိုင်မြို့နယ်၊ မွန်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ မော်လမြိုင်မြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (မော်လမြိုင်မြို့နယ်) |
| 986 | ၃၀ နှစ် | မ | ကျိုက်ထိုမြို့နယ်၊ မွန်ပြည်နယ် | မရှိ | ရှိ (ထိုင်း) | ပြည်သူ့ဆေးရုံကြီး၊ မော်လမြိုင်မြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (မော်လမြိုင်မြို့နယ်) |
| 987 | ၄၇ နှစ် | မ | ချမ်းအေးသာဇံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | ရှိ (Case-788) | မရှိ | ကန်တော်နဒီဆေးရုံကြီး၊ မန္တလေးမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ချမ်းအေးသာဇံမြို့နယ်) |
| 988 | ၂၂ နှစ် | ကျား | ချမ်းအေးသာဇံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | ရှိ (Case-788) | မရှိ | ကန်တော်နဒီဆေးရုံကြီး၊ မန္တလေးမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ချမ်းအေးသာဇံမြို့နယ် |
| 989 | ၄၂ နှစ် | ကျား | မြင်းခြံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | ရှိ (Case-788) | မရှိ | ကန်တော်နဒီဆေးရုံကြီး၊ မန္တလေးမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (မြင်းခြံမြို့နယ်) |
| 990 | ၄၇ နှစ် | ကျား | ကျောက်ဖြူမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-603) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ကျောက်ဖြူမြို့နယ်) |
| 991 | ၅၁ နှစ် | ကျား | ကျောက်ဖြူမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-661) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ကျောက်ဖြူမြို့နယ်) |
| 992 | ၈၅ နှစ် | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့နယ်) |
| 993 | ၃၇ နှစ် | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-718) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့နယ်) |
| 994 | ၃၄ နှစ် | ကျား | မြောက်ဦးမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ခရိုင်ပြည်သူ့ဆေးရုံ၊ မြောက်ဦးမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (မြောက်ဦးမြို့နယ်) |
| 995 | ၃၁ နှစ် | မ | မြောက်ဦးမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ခရိုင်ပြည်သူ့ဆေးရုံ၊ မြောက်ဦးမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (မြောက်ဦးမြို့နယ်) |
| *996 | ၄၇ နှစ် | ကျား | လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | တပ်မတော် အသည်းရောဂါ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (လှိုင်မြို့နယ်) |
| *997 | ၃၄ နှစ် | ကျား | ကလောမြို့နယ်၊ ရှမ်းပြည်နယ် (တောင်) | မရှိ | မရှိ | အမှတ် (၂) တပ်မတော်ဆေးရုံ (ကုတင်- ၇၀၀) အောင်ပန်းမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ကလောမြို့နယ်) |
| 998 | ၃၂ နှစ် | မ | မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-741) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (လှိုင်မြို့နယ်) |
| 999 | ၂၄ နှစ် | မ | မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-741) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (လှိုင်မြို့နယ်) |
| 1000 | ၅၀ နှစ် | မ | ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-771) | မရှိ | COVID-19 ကုသရေးဌာန | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |

စာမျက်နှာ ၁၈ သို့

*စာမျက်နှာ ၁၇ မှ*

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| 1001 | ၅၇ နှစ် | ကျား | ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-771) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (လှိုင်မြို့နယ်) |
| 1002 | ၂၈ နှစ် | မ | ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-771) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (လှိုင်မြို့နယ်) |
| 1003 | ၅ နှစ် | မ | ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-771) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (လှိုင်မြို့နယ်) |
| 1004 | ၈ လ | ကျား | ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-771) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (လှိုင်မြို့နယ်) |
| 1005 | ၃၇ နှစ် | မ | တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-736) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (လှိုင်မြို့နယ်) |
| 1006 | ၄၅ နှစ် | ကျား | တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-736) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (လှိုင်မြို့နယ်) |
| 1007 | ၆၀ နှစ် | မ | တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-736) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (လှိုင်မြို့နယ်) |
| 1008 | ၄၈ နှစ် | မ | တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-736) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (လှိုင်မြို့နယ်) |
| 1009 | ၄၆ နှစ် | မ | တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-736) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (လှိုင်မြို့နယ်) |
| 1010 | ၆၅ နှစ် | မ | တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-736) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (လှိုင်မြို့နယ်) |
| *1011 | ၃၂ နှစ် | ကျား | သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (လှိုင်မြို့နယ်) |
| *1012 | ၃၇ နှစ် | ကျား | ထောက်ကြံ့မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (လှိုင်မြို့နယ်) |
| 1013 | ၂၅ နှစ် | မ | မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-378) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (လှိုင်မြို့နယ်) |
| 1014 | ၂၉ နှစ် | ကျား | လယ်ဝေးမြို့နယ်၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် | မရှိ | ရှိ (တရုတ်) | ခုတင်-၁၀၀၀ ဆံ့ပြည်သူ့ဆေးရုံကြီး၊ နေပြည်တော် | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ပုဗ္ဗသီရိမြို့နယ်) |
| 1015 | ၅၉ နှစ် | ကျား | မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (ရန်ကုန်ပြည်သူ့ဆေးရုံကြီး) |
| 1016 | ၃၆ နှစ် | မ | အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (ရန်ကုန်ပြည်သူ့ဆေးရုံကြီး) |
| 1017 | ၅၁ နှစ် | မ | တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (ရန်ကုန်ပြည်သူ့ဆေးရုံကြီး) |
| 1018 | ၂၂ နှစ် | မ | ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (ရန်ကုန်အရှေ့ပိုင်း ပြည်သူ့ဆေးရုံကြီး) |
| 1019 | ၂၅ နှစ် | ကျား | ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (ရန်ကုန်အရှေ့ပိုင်း ပြည်သူ့ဆေးရုံကြီး) |
| 1020 | ၇၃ နှစ် | မ | တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case- 901 ) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ၊ (သင်္ဃန်းကျွန်း ပြည်သူ့ဆေးရုံကြီး) |
| 1021 | ၂၈ နှစ် | မ | တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ၊ (သင်္ဃန်းကျွန်း ပြည်သူ့ဆေးရုံကြီး) |
| 1022 | ၁၈ နှစ် | မ | တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ၊ (သင်္ဃန်းကျွန်း ပြည်သူ့ဆေးရုံကြီး) |
| 1023 | ၄၆ နှစ် | မ | သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | ဝေဘာဂီ အထူးကုဆေးရုံကြီး | တွေ့ရှိ | စောင့်ကြည့်လူနာ၊ (သင်္ဃန်းကျွန်း ပြည်သူ့ဆေးရုံကြီး) |
| 1024 | ၂၈ နှစ် | မ | တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ၊ (သင်္ဃန်းကျွန်း ပြည်သူ့ဆေးရုံကြီး) |
| 1025 | ၃၆ နှစ် | ကျား | သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ၊ (သင်္ဃန်းကျွန်း ပြည်သူ့ဆေးရုံကြီး) |
| 1026 | ၂၆ နှစ် | ကျား | လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ၊ (အင်းစိန်ပြည်သူ့ဆေးရုံကြီး) |
| 1027 | ၃၂ နှစ် | ကျား | အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ၊ (အင်းစိန်ပြည်သူ့ဆေးရုံကြီး) |
| 1028 | ၃၈ နှစ် | ကျား | လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | ဝေဘာဂီ အထူးကုဆေးရုံကြီး | တွေ့ရှိ | စောင့်ကြည့်လူနာ၊ (အင်းစိန်ပြည်သူ့ဆေးရုံကြီး) |
| 1029 | ၂၉ နှစ် | ကျား | စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ၊ (အင်းစိန်ပြည်သူ့ဆေးရုံကြီး) |
| 1030 | ၃၀ နှစ် | ကျား | စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ၊ (အင်းစိန်ပြည်သူ့ဆေးရုံကြီး) |
| 1031 | ၃၁ နှစ် | ကျား | စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ၊ (အင်းစိန်ပြည်သူ့ဆေးရုံကြီး) |
| 1032 | ၃၀ နှစ် | မ | မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case- 789) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ၊ (အင်းစိန်ပြည်သူ့ဆေးရုံကြီး) |
| 1033 | ၂၃ နှစ် | ကျား | ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case- 885,889) | မရှိ | ဝေဘာဂီ အထူးကုဆေးရုံကြီး | တွေ့ရှိ | စောင့်ကြည့်လူနာ၊ (ဝေဘာဂီအထူးကုဆေးရုံကြီး) |
| 1034 | ၄၀ နှစ် | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-727) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့နယ်) |
| 1035 | ၄၅ နှစ် | ကျား | ဒိုက်ဦးမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး | မရှိ | ရှိ (ထိုင်း) | ပြည်သူ့ဆေးရုံကြီး၊ ပဲခူးမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ဒိုက်ဦးမြို့နယ်) |
| 1036 | ၃၇ နှစ် | ကျား | ဒိုက်ဦးမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး | မရှိ | ရှိ (ထိုင်း) | ပြည်သူ့ဆေးရုံကြီး၊ ပဲခူးမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ဒိုက်ဦးမြို့နယ်) |
| 1037 | ၅၁ နှစ် | မ | ဒိုက်ဦးမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး | မရှိ | ရှိ (ထိုင်း) | ပြည်သူ့ဆေးရုံကြီး၊ ပဲခူးမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ဒိုက်ဦးမြို့နယ်) |
| 1038 | ၄၀ နှစ် | မ | ဒိုက်ဦးမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး | မရှိ | ရှိ (ထိုင်း) | ပြည်သူ့ဆေးရုံကြီး၊ ပဲခူးမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ဒိုက်ဦးမြို့နယ်) |
| 1039 | ၂၅ နှစ် | ကျား | ဒိုက်ဦးမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး | မရှိ | ရှိ (ထိုင်း) | ပြည်သူ့ဆေးရုံကြီး၊ ပဲခူးမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ဒိုက်ဦးမြို့နယ်) |
| 1040 | ၂၅ နှစ် | ကျား | ဒိုက်ဦးမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး | မရှိ | ရှိ (ထိုင်း) | ပြည်သူ့ဆေးရုံကြီး၊ ပဲခူးမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ဒိုက်ဦးမြို့နယ်) |
| 1041 | ၂၃ နှစ် | မ | ဒိုက်ဦးမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး | မရှိ | ရှိ (ထိုင်း) | ပြည်သူ့ဆေးရုံကြီး၊ ပဲခူးမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ဒိုက်ဦးမြို့နယ်) |
| 1042 | ၃၄ နှစ် | မ | ဒိုက်ဦးမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး | မရှိ | ရှိ (ထိုင်း) | ပြည်သူ့ဆေးရုံကြီး၊ ပဲခူးမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ဒိုက်ဦးမြို့နယ်) |
| 1043 | ၂၁ နှစ် | မ | ဒိုက်ဦးမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး | မရှိ | ရှိ (ထိုင်း) | ပြည်သူ့ဆေးရုံကြီး၊ ပဲခူးမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ဒိုက်ဦးမြို့နယ်) |
| 1044 | ၄၇ နှစ် | ကျား | ဒိုက်ဦးမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး | မရှိ | ရှိ (ထိုင်း) | ပြည်သူ့ဆေးရုံကြီး၊ ပဲခူးမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ဒိုက်ဦးမြို့နယ်) |
| 1045 | ၃၂ နှစ် | ကျား | ဒိုက်ဦးမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး | မရှိ | ရှိ (ထိုင်း) | ပြည်သူ့ဆေးရုံကြီး၊ ပဲခူးမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ဒိုက်ဦးမြို့နယ်) |
| 1046 | ၃၀ နှစ် | မ | ဒိုက်ဦးမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး | မရှိ | ရှိ (ထိုင်း) | ပြည်သူ့ဆေးရုံကြီး၊ ပဲခူးမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ဒိုက်ဦးမြို့နယ်) |
| *1047 | ၂၇ နှစ် | ကျား | ဒိုက်ဦးမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ ပဲခူးမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ဒိုက်ဦးမြို့နယ်) |
| 1048 | ၃၂ နှစ် | ကျား | ဒိုက်ဦးမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး | မရှိ | ရှိ (ထိုင်း) | ပြည်သူ့ဆေးရုံကြီး၊ ပဲခူးမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ဒိုက်ဦးမြို့နယ်) |
| 1049 | ၂၃ နှစ် | မ | ဒိုက်ဦးမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး | မရှိ | ရှိ (ထိုင်း) | ပြည်သူ့ဆေးရုံကြီး၊ ပဲခူးမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ဒိုက်ဦးမြို့နယ်) |
| 1050 | ၂၉ နှစ် | မ | ဒိုက်ဦးမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး | မရှိ | ရှိ (ထိုင်း) | ပြည်သူ့ဆေးရုံကြီး၊ ပဲခူးမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ဒိုက်ဦးမြို့နယ်) |
| 1051 | ၃၄ နှစ် | ကျား | ဒိုက်ဦးမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး | မရှိ | ရှိ (ထိုင်း) | ပြည်သူ့ဆေးရုံကြီး၊ ပဲခူးမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ဒိုက်ဦးမြို့နယ်) |
| 1052 | ၃၁ နှစ် | ကျား | ဒိုက်ဦးမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး | မရှိ | ရှိ (ထိုင်း) | ပြည်သူ့ဆေးရုံကြီး၊ ပဲခူးမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ဒိုက်ဦးမြို့နယ်) |
| 1053 | ၂၂ နှစ် | ကျား | ဒိုက်ဦးမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး | မရှိ | ရှိ (ထိုင်း) | ပြည်သူ့ဆေးရုံကြီး၊ ပဲခူးမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ဒိုက်ဦးမြို့နယ်) |
| *1054 | ၇၀ နှစ် | ကျား | ဒိုက်ဦးမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ ပဲခူးမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ဒိုက်ဦးမြို့နယ်) |
| *1055 | ၆၄ နှစ် | မ | ဒိုက်ဦးမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ ပဲခူးမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ဒိုက်ဦးမြို့နယ်) |
| 1056 | ၄၃ နှစ် | ကျား | ဒိုက်ဦးမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး | မရှိ | ရှိ (ထိုင်း) | ပြည်သူ့ဆေးရုံကြီး၊ ပဲခူးမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ဒိုက်ဦးမြို့နယ်) |
| 1057 | ၃၀ နှစ် | ကျား | ဒိုက်ဦးမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး | မရှိ | ရှိ (ထိုင်း) | ပြည်သူ့ဆေးရုံကြီး၊ ပဲခူးမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ဒိုက်ဦးမြို့နယ်) |
| 1058 | ၄၂ နှစ် | မ | ဒိုက်ဦးမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး | မရှိ | ရှိ (ထိုင်း) | ပြည်သူ့ဆေးရုံကြီး၊ ပဲခူးမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ဒိုက်ဦးမြို့နယ်) |

*** ရခိုင်ပြည်နယ်အတွင်းရှိ ရောဂါပိုးကူးစက်ပြန့်ပွားလျက်ရှိသော မြို့နယ်များသို့ ခရီးသွားရာဇဝင်ရှိသဖြင့် အသွားအလာကန့်သတ်ထားရှိသူ**

# COVID-19 Call Center အချိန်ပြောင်းလဲဖွင့်လှစ်

**နေပြည်တော် စက်တင်ဘာ ၃**

COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြှင့် ဆောင်ရွက်ရန်အတွက် COVID-19 Call Center ကို ဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေး အော်ပရေတာလေးခု၊ Blue Ocean ကုမ္ပဏီတို့ ပူးပေါင်း၍ COVID-19 Call Center (ဖုန်းနံပါတ် ၂၀၁၉) အား ဧပြီ ၈ ရက်မှစ၍ နေ့စဉ် နံနက် ၈ နာရီမှ ည ၈ နာရီအထိ ရန်ကုန်မြို့၊ ဆေးသုတေသနဦးစီးဌာနတွင် ဆေးသုတေသန ဦးစီးဌာနမှ ဝန်ထမ်း ၄၃ ဦး၊ မြန်မာနိုင်ငံ ဆရာဝန်များအသင်းမှ စေတနာ့ဝန်ထမ်းဆရာဝန် ၁၇ ဦး စုစုပေါင်း ၆၀ ဖြင့် ဖွင့်လှစ်ထားရှိသည်။

ယခုအခါတွင် COVID - 19 Call Center ခေါ်ဆိုမှု အချိန်ကို နံနက် ၈ နာရီမှ ည ၈ နာရီအထိ(**အစား**) နံနက် ၉ နာရီမှညနေ ၅ နာရီအထိ ပြောင်းလဲဖွင့်လှစ်ထားကြောင်း သိရသည်။

**သတင်းစဉ်**

## မန်းရွှေစက်တော်၌ ဓာတ်လှေကားတာဝါနှင့် အတက်အဆင်းစင်္ကြံလမ်း တည်ဆောက်

**မင်းဘူး စက်တင်ဘာ ၃**

မင်းဘူးခရိုင် မန်းရွှေစက်တော်ဘုရား၌ ဓာတ်လှေကားတာဝါနှင့် အတက်အဆင်း စင်္ကြံ လမ်းကို ပြည်သူများ၏ နဝကမ္မ လှူဒါန်းငွေ ကျပ် ၁၃၄၈၉ သိန်း အသုံးပြု၍ တည်ဆောက်သွားမည်ဖြစ်ရာ စက်တင်ဘာ ၂ ရက်တွင် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာ အောင်မိုးညိုနှင့် တာဝန်ရှိသူများက ပန္နက်တင်ပေးကြသည်။

"ပထမအဆင့်အနေနဲ့ နှစ်ကျိပ်ရှစ်ဆူကနေ ကိုးခန်းကြီးအထိကို အမြင့် ပေ ၇၀ လောက်ရှိတဲ့ အဆင်းအတက် ဓာတ်လှေကားနှစ်စင်း တပ်ဆင်မယ်။ အခုလုပ်တာက ဓာတ်လှေကား တည်ဆောက်ဖို့ တာဝါနဲ့ စင်္ကြံလမ်း တည်ဆောက်ခြင်းလုပ်ငန်း ဖြစ်ပါတယ်။ လုပ်ငန်းကာလက ရှစ်လအတွင်း အပြီးတည်ဆောက်မှာပါ"ဟု ရွှေစက်တော်ဘုရား ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးခင်မောင်စိုးက ပြောသည်။

မကွေးတိုင်းဒေသကြီးလွှတ်တော်ကို တည်ဆောက်ခဲ့သည့် ကျော်သာကုမ္ပဏီက တာဝန်ယူ၍ တည်ဆောက်သွားမည်ဖြစ်ပြီး လုပ်ငန်းအပ်နှံသူ ဂေါပကအဖွဲ့က ဓာတ်လှေကားအိမ် နှစ်စင်းနှင့် ဆက်စပ်သည့် လျှပ်စစ်ပစ္စည်းများ၊ တည်ဆောက်ရေး၌လိုအပ်သည့် ကရိန်း သယ်ယူစရိတ်နှင့် ကုန်ကျစရိတ်များ၊ လုပ်ငန်းအရည်အသွေးဆိုင်ရာ QC Fees များကို ပံ့ပိုးပေးရမည် ဖြစ်သည်။

"အထက်စက်တော်ရာမှာ ကားပါကင် ကျဉ်းမြောင်းတဲ့အတွက် ပွဲတော်ရက်မှာ အဆင်းအတက် အခက်အခဲဖြစ်ရပါတယ်။ သက်ကြီးရွယ်အို၊ ကလေးသူငယ်တွေနဲ့ မသန်စွမ်းသူများကိုပါ လွယ်လင့်တကူ ဘုရားဖူးစေချင်တာကြောင့် ဒီလုပ်ငန်းကို ဆောင်ရွက်ဖြစ်တာပါ။ ဓာတ်လှေကားအိမ်နှစ်ခုအတွက်လည်း အလှူရှင်ပေါ်ပြီလို့ သိရပါတယ်"ဟု ဂေါပကအဖွဲ့ အတွင်းရေးမှူးက ဆက်ပြောသည်။

ဓာတ်လှေကားအတွက် ဒီဇိုင်းကို အင်ဂျင်နီယာ ဦးအောင်က အခမဲ့ရေးဆွဲပေးပြီး နေရာသတ်မှတ်ခြင်းကို ရွှေစက်တော်တစ်ခုလုံး၏ Master Plan ရေးဆွဲသည့် ဗိသုကာပညာရှင် ဦးခိုင်ဝင်းလတ်က စီစဉ်ပေးခဲ့ကြောင်း၊ ဓာတ်လှေကားလုပ်ငန်းများ ပြီးစီးလျှင် ကိုးခန်းကြီးမှ အထက် စက်တော်ရာအထိ ရွေ့လျားစက်လှေကား တပ်ဆင်ရန်လည်း လျာထားကြောင်း ဂေါပကအဖွဲ့မှ သိရသည်။

**ဇေယျာတုံ(မကွေး)**

## ရေဝတီတံတား (သရက်-အောင်လံ) သရက်ဘက်ခြမ်း ချဉ်းကပ်လမ်း မြေယာလျော်ကြေးပေးအပ်

**နေပြည်တော် စက်တင်ဘာ ၃**

ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာန သရက်မြို့နယ် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ရေဝတီတံတား(သရက်-အောင်လံ) သရက်ဘက်ခြမ်း ချဉ်းကပ်လမ်းဖောက်လုပ်ရာတွင် ပါဝင်သည့် တောင်သူများ၏ လယ်၊ ယာ၊ သီးနှံ၊ ဥယျာဉ်မြေ လျော်ကြေးပေးအပ်ပွဲကို သရက်မြို့ သာသနာ့ဗိမာန်၌ ယမန်နေ့က ကျင်းပသည်။

မကွေးတိုင်းဒေသကြီး ဆောက်လုပ်ရေး၊ ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီး ဦးတင်နွယ်ဦး၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်မျိုးလတ်နှင့် တာဝန်ရှိသူများက သက်ဆိုင်ရာတောင်သူများသို့ သီးနှံလျော်ကြေးပေးအပ်သည်။

ရေဝတီတံတား (သရက်-အောင်လံ) တံတားတစ်စင်းလုံး၏ စီမံကိန်း တန်ဖိုးမှာ ငွေကျပ် ၉၈ ဘီလီယံရှိပြီး ပင်မတံတားအရှည်မှာ ၇၄၅၆ ပေ ရှိသည်။

ဗဟိုလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့၏ ၂၀-၈-၂၀၂၀ ခွင့်ပြုချက်အရ သရက် ဘက်ခြမ်း ချဉ်းကပ်လမ်း လယ်၊ ယာ၊ ဥယျာဉ်မြေ ၄၀ ဒသမ ၁၉ ဧက အတွက် ကိုးပင်၊ စမ်းအိုင့်၊ သီးကုန်း ကျေးရွာများမှ တောင်သူ ၇၁ ဦးအား ငွေကျပ် ၁၅၅၄၀၉၈၆၀ ကို ပေးချေကြောင်း သိရသည်။

**ပေါက်ကလေး(သရက်)**




## တောင်သူလယ်သမားများသို့ အသိပေးနှိုးဆော်ချက်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တည်ဆောက်ထိန်းသိမ်းထားသော ရေလှောင်တမံအများစုတွင် (၂၀၂၀) ပြည့်နှစ် မိုးရာသီအတွင်း စီးဝင်ရေပမာဏမှာ ယခင်နှစ်များက ကာလတူပမာဏထက် နည်းပါးလျက်ရှိသည့်အတွက် သိုလှောင်ရေပမာဏမှာလည်း လျော့နည်းကျဆင်းလျက်ရှိပါသည်။

ထို့ပြင် ယခုနှစ် မိုးရာသီတွင် မိုးရွာသွန်းမှုနည်းပါးခြင်းကြောင့် ပုံမှန် မိုးစပါးစိုက်ပျိုးရေပေးဝေခြင်းအပြင် ယခင် မိုးစပါးစိုက်ပျိုးရေပေးဝေရန် မလိုအပ်သည့် မိုးကောင်းသောက်ဒေသများတွင်လည်း ဖြည့်စွက်ရေများ ပေးဝေနေရသည့် အခြေအနေများ ကြုံတွေ့နေရပါသဖြင့် ယခုနှစ်လျာထား မိုးစပါးစိုက်ကေများ ပြည့်မီစွာ ရေပေးဝေနိုင်ရန်နှင့် လာမည့်နွေစပါးရာသီတွင်လည်း ဆည်အတွင်း ကျန်ရှိသိုလှောင်ရေဖြင့် နွေစပါးနှင့် အခြားသီးနှံများ ယခင်နှစ် လျာထားပမာဏများအတိုင်း ပြည့်မီစွာ စိုက်ပျိုးရေပေးဝေနိုင်ရန်နှင့်သောက်သုံးရေလုံလောက်စွာ ပေးဝေနိုင်ရန်အတွက် ရေအသုံးချသူများအဖွဲ့များနှင့်အတူ ဆည်ရေကို စနစ်တကျ ချွေတာသုံးစွဲလျက်ရှိသည့်အပြင် အားလုံးသော တောင်သူလယ်သမားများနှင့် ပြည်သူများမှလည်း မိမိတို့ဝန်ကြီးဌာနအောက်ရှိ သက်ဆိုင်ရာဌာနများနှင့်အတူ ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

### အကူအညီ တောင်းခံနိုင်

ပြည်သူလူထုအနေဖြင့် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄) နာရီ ဖွင့်လှစ်ထားရှိသော Hot-line ဖုန်းများဖြစ်သည့် ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ အချိန်မရွေး ဆက်သွယ်သတင်းရယူ၊ အကူအညီတောင်းခံနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၃ - ၉ - ၂၀၂၀

### ရွှေ

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၃၁၁၅၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် ၁၃၀၇၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် ၁၂၃၄၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၃၁၁၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် ၁၃၀၇၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် ၁၂၃၄၄၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

### စက်သုံးဆီ

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၅၅၅/၅၈၅ | ကျပ် | ၅၈၅/၅၉၅ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၅၆၅/၆၀၀ | ကျပ် | ၆၀၀/၆၁၀ | ကျပ် |
| အောက်တိန်း ၉၂ | ၅၀၅/၅၃၅ | ကျပ် | ၅၆၅/၅၇၅ | ကျပ် |
| အောက်တိန်း ၉၅ | ၆၃၀/၆၅၀ | ကျပ် | ၆၉၀/၇၁၀ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

### နိုင်ငံတကာ ငွေကြေးများ

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၃၂၃ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၆၈ . ၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၇၁ . ၅၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၇၆၄ . ၉ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၂၄၅ . ၉ |
| သြစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၇၁ . ၃၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၁၉၃ . ၈၀ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၈ . ၀၉၅ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၁ . ၄၆ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၁၉ . ၁၄ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၂ . ၃၂၂ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

### စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၈၀၀ | ၉၉၀၀ | ၇၅၁ | ၇၄၀၄၉၀၀ |
| MTSH | ၃၆၅၀ | ၃၆၀၀ | ၃၃၆၉ | ၁၂၁၄၆၈၅၀ |
| MCB | ၈၀၀၀ | ၈၀၀၀ | ၁ | ၈၀၀၀ |
| FPB | ၂၁၅၀၀ | ၂၂၀၀၀ | ၃၂၂ | ၆၉၈၄၀၀၀ |
| TMH | ၂၇၅၀ | ၂၇၀၀ | ၄၀၉ | ၁၁၀၄၅၅၀ |
| EFR | ၃၀၀၀ | ၃၁၀၀ | ၂၆ | ၇၉၆၅၀ |

ခင်ရတနာ - စုစည်းသည်

မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | ဝင်းကျော် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ မြတ်မွန်ထွေး၊ |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| အငယ်တန်းသတင်းထောက်များ | - | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး |
| ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဇော်ပိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊** **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

၂၀၂၀ ပြည့်နှစ်အတွင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို ကျင်းပတော့မည်ဖြစ်ရာ အဆိုပါရွေးကောက်ပွဲကြီးနှင့် ပတ်သက်၍ ရွေးကောက်ပွဲဆိုင်ရာ အကြောင်းအရာများကို ပြည်သူများ သိရှိလေ့လာနိုင်ရန် ဖော်ပြပေးသွားပါမည်။ ဆောင်းပါးတွင်ပါရှိသည့် အကြောင်းအရာများသည် စာရေးသူ၏ အာဘော်သာဖြစ်ပါသည်။

(စာတည်းအဖွဲ့)



# ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲနှင့်အတူ (၃၆)
# အမည်စာရင်းတင်သွင်းလွှာများကို စိစစ်ခြင်းနှင့် အတည်ပြုကြေညာခြင်း

မောင်စာဂ

**၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် လွှတ်တော်အသီးသီးအတွက် သတ်မှတ်ကြေညာထားသည့် မဲဆန္ဒနယ်များတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများသည် ၂၀-၇-၂၀၂၀ ရက်နေ့မှစ၍ အမည်စာရင်းများ တင်သွင်းခဲ့ကြသည်။ သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများက လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်းတင်သွင်းလွှာများကို လက်ခံခြင်း၊ စိစစ်ခြင်းများ ပြုလုပ်ပြီးနောက် အတည်ပြုကြေညာခြင်းလုပ်ငန်းများကို ၃၀-၈-၂၀၂၀ (တနင်္ဂနွေနေ့) ရက်နေ့က ကြေညာခဲ့သည်။ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်းတင်သွင်းမှုနှင့် အတည်ပြုမှုအခြေအနေ မည်သို့ရှိသနည်း။ အနှစ်ချုပ်မျှဝေပါရစေ။**

**ကိုယ်စားလှယ်လောင်းအမည်စာရင်းတင်သွင်းမှု အခြေအနေ**

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် လွှတ်တော်အသီးသီးတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်းများကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ ဒေသ၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများတွင် ၂၀-၇-၂၀၂၀ ရက်နေ့မှ ၇-၈-၂၀၂၀ ရက်နေ့အထိ တင်သွင်းခဲ့ကြသည်။ တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်လောင်းများအတွက် အမည်စာရင်းတင်သွင်းခြင်းကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများတွင် အမည်စာရင်းတင်သွင်းခဲ့ကြသည်။

လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းမှုအခြေအနေမှာ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်တွင် ၁၉၄၈ ဦး၊ အမျိုးသားလွှတ်တော်မဲဆန္ဒနယ်တွင် ၉၈၈ ဦး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်တွင် ၃၈၈၀၊ တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ်တွင် ၂၁၄ ဦး စုစုပေါင်း ၇၀၃၀ တို့ အမည်စာရင်းတင်သွင်းခဲ့သည်။

**အမည်စာရင်းတင်သွင်းလွှာကိုပြန်လည်ရုပ်သိမ်းခြင်း**

လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းပြီးနောက် အကြောင်းအမျိုးမျိုးကြောင့် အမည်စာရင်းတင်သွင်းလွှာရုပ်သိမ်းသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများမှာ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်တွင် ခုနစ်ဦး၊ အမျိုးသားလွှတ်တော်မဲဆန္ဒနယ်တွင် ခြောက်ဦး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်တွင် ၁၂ ဦး၊ တိုင်းရင်းသားလူမျိုးလွှတ်တော်မဲဆန္ဒနယ်တွင် တစ်ဦး စုစုပေါင်း ၂၆ ဦးရှိသည်။

**အမည်စာရင်းတင်သွင်းလွှာများကိုစိစစ်ခြင်း**

ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်လောင်းအဖြစ် အမည်စာရင်းတင်သွင်းထားသူ၏ အမည်စာရင်း တင်သွင်းလွှာသည် သတ်မှတ်ချက်များနှင့် ညီညွတ်မှု ရှိ/မရှိ၊ လက်ခံရန် သင့်/မသင့်ကို သတ်မှတ်ထားသည့်အတိုင်း ပြည်ထောင်စုနယ်မြေရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ၊ သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းကော်မရှင်အဖွဲ့ခွဲ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကော်မရှင်အဖွဲ့ခွဲ သို့မဟုတ် ခရိုင်ကော်မရှင်အဖွဲ့ခွဲက စိစစ်သည်။ တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်လောင်းအတွက် အမည်စာရင်းတင်သွင်းလွှာကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများက စိစစ်သည်။ စိစစ်ခြင်းလုပ်ငန်းကို ၁၀-၈-၂၀၂၀ ရက်နေ့မှ ၁၇-၈-၂၀၂၀ ရက်နေ့အတွင်း ဆောင်ရွက်သည်။

**ကန့်ကွက်နိုင်ခွင့်ရှိခြင်း**

သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲက စိစစ်သည့်အချိန်တွင် သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် အမည်စာရင်းတင်သွင်းထားသူသည် မိမိတင်ပြလိုသော အထောက်အထားများကို တင်ပြခွင့်ရှိသည်။ သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် အမည်စာရင်းတင်သွင်းထားသူသည် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်မရှိကြောင်း သို့မဟုတ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် အရည်အချင်းများနှင့် ပြည့်စုံခြင်းမရှိကြောင်းကို ထိုကိုယ်စားလှယ်လောင်း ရွေးကောက်ခံမည့် မဲဆန္ဒနယ်မှ ယှဉ်ပြိုင်ရွေးကောက်ခံသည့် ကိုယ်စားလှယ်လောင်းတစ်ဦးဦးက လုံလောက်သော အထောက်အထားများတင်ပြ၍ သတ်မှတ်ထားသည့်အတိုင်း ကန့်ကွက်နိုင်သည်။ လုံလောက်သော အထောက်အထားများ တင်ပြနိုင်ခြင်း မရှိပါက ကန့်ကွက်၍မရပါ။
[သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၂၅ (က)၊ (ခ) ]

**မည်သည့်အခါပယ်ခွင့်ရှိခြင်း**

သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသည် အမည်စာရင်းတင်သွင်းလွှာများကို စိစစ်ရာတွင် မိမိကော်မရှင်အဖွဲ့ခွဲကဖြစ်စေ၊ ရွေးကောက်ပွဲဥပဒေပုဒ်မ ၂၅ (ခ) အရ ယှဉ်ပြိုင်ရွေးကောက်ခံသည့် သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးဦးက လုံလောက်သော အထောက်အထားများတင်ပြ၍ ကန့်ကွက်သောကြောင့်ဖြစ်စေ အောက်ပါအကြောင်းတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ခိုင်လုံသော အထောက်အထားတွေ့ရှိပါက အမည်စာရင်းတင်သွင်းလွှာကို ပယ်နိုင်သည်-
[နည်းဥပဒေ ၂၇]

> **“လွှတ်တော် သုံးရပ်ပေါင်းအနေဖြင့် နိုင်ငံရေးပါတီကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်လောင်း ၆၆၈၉ ဦးနှင့် တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်း ၂၈၀ ဖြစ်၍ စုစုပေါင်း ၆၉၆၉ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်”**

(က) လွှတ်တော်ကိုယ်စားလှယ်လောင်း၏ အမည်စာရင်းတင်သွင်းလွှာတွင် ဖော်ပြထားသော အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် သို့မဟုတ် အမျိုးသားမှတ်ပုံတင်ကတ်ပြားအမှတ်တို့သည် သက်ဆိုင်ရာမဲစာရင်းတွင် ပါရှိသော အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် သို့မဟုတ် အမျိုးသားမှတ်ပုံတင်ကတ်ပြားအမှတ်တို့နှင့် ကိုက်ညီမှုမရှိခြင်း၊

(ခ) အမည်စာရင်းတင်သွင်းလွှာကို လိမ်လည်ပြုလုပ်တင်သွင်းခြင်း၊

(ဂ) လွှတ်တော်ကိုယ်စားလှယ်လောင်းသည် ရွေးကောက်ပွဲဥပဒေအရ ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် မရှိသူဖြစ်ခြင်း သို့မဟုတ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် အရည်အချင်းများနှင့် ပြည့်စုံသူမဟုတ်ခြင်း၊

(ဃ) အမည်စာရင်းတင်သွင်းရာတွင် လည်းကောင်း၊ ရွေးကောက်ပွဲဝင်ခွင့် အာမခံငွေပေးသွင်းရာတွင်လည်းကောင်း ရွေးကောက်ပွဲနည်းဥပဒေများနှင့်အညီ ဆောင်ရွက်ရန် ပျက်ကွက်ခြင်း၊

**အပယ်ခံရသူဦးရေ**

လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းလွှာများကို သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများက ၁၀-၈-၂၀၂၀ ရက်နေ့မှ ၁၇-၈-၂၀၂၀ ရက်နေ့ အတွင်း စိစစ်မှုလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။ သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများက မိမိတို့၏စိစစ် တွေ့ရှိချက်အရ အမည် စာရင်းတင်သွင်းလွှာများကို ပယ်ကြောင်း ဆုံးဖြတ်ခဲ့သည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများရှိသကဲ့သို့ ယှဉ်ပြိုင်အရွေးခံသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများက အထောက်အထား ခိုင်လုံစွာဖြင့် ကန့်ကွက်သဖြင့် ပယ်ကြောင်း ဆုံးဖြတ်ခဲ့သည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများလည်း ရှိသည်။

သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက ချမှတ်သည့်အမိန့်အပေါ် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ အယူခံတင်သွင်းခဲ့သည်များလည်း ရှိသည်။ အယူခံမှုကိုစိစစ်သည့် ကော်မရှင်အဖွဲ့ခွဲက မူလကော်မရှင်အဖွဲ့ခွဲ၏ အမိန့်ကို အတည်ပြုခြင်း သို့မဟုတ် ပြင်ဆင်အမိန့်ချမှတ်ခြင်းများလည်း ရှိသည်။

ထိုကဲ့သို့ စိစစ်ဆုံးဖြတ်ချက်များအရ အမည်စာရင်းတင်သွင်းလွှာများကို အပယ်ခံရသည့် လွှတ်တော်ကိုယ်စားလှယ်လောင်း စုစုပေါင်း ၃၅ ဦး ရှိသည်။

**ဥပဒေပုဒ်မ ၅၃ အရ ဆောင်ရွက်ခြင်း**

သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၂၇ (ခ) တွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၏ အဆုံးအဖြတ်သည် ပုဒ်မ ၅၃ ပါ ပြဋ္ဌာန်းချက်မှတစ်ပါး အပြီးအပြတ်ဖြစ်စေရမည်ဟု ပြဋ္ဌာန်းထားသည်။ အဆိုပါ ပြဋ္ဌာန်းချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၅၃ အရ ပြန်လည်စိစစ်ပေးရန် လျှောက်ထားသူ ငါးဦး၊ ပြည်ထဲရေးဝန်ကြီးဌာန၏ စိစစ်ပြန်ကြားချက်အရ သက်ဆိုင်ရာလွှတ်တော် ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၈(ခ)၊ ၁၀ (င) တို့နှင့် ငြိစွန်းလျက်ရှိသော်လည်း သက်ဆိုင်ရာ ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲက အမည်စာရင်းတင်သွင်းလွှာကို လက်ခံထားသူ တစ်ဦးရှိကြောင်း တွေ့ရှိရသဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၅၃ အရ သက်ဆိုင်ရာ အမှုတွဲစာရွက်စာတမ်းများကို တောင်းယူစိစစ်ပြီး ၂၈-၈-၂၀၂၀ ရက်နေ့နှင့် ၃၁-၈-၂၀၂၀ ရက်နေ့များတွင် ဆုံးဖြတ်ချက်အမိန့်များ ချမှတ်ခဲ့ပြီးဖြစ်သည်။

နိုင်ငံရေးပါတီကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်ရန် အမည်စာရင်းတင်သွင်းသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများအနက် မူလပါတီမှ နုတ်ထွက်ခွင့်မရသေးသူ ရှစ်ဦးပါဝင်နေကြောင်း တွေ့ရှိရသဖြင့် နိုင်ငံသားတစ်ယောက်၏ ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် မဆုံးရှုံးစေရန်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၅၃ အရ ပြန်လည်စိစစ်ပြီး လွှတ်တော်ကိုယ်စားလှယ်လောင်း ခြောက်ဦးကို ယင်းတို့၏ လျှောက်ထားတင်ပြချက်အရ တစ်သီးပုဂ္ဂလအဖြစ် ပြောင်းလဲသတ်မှတ်ကြောင်း ဆုံးဖြတ်ချက် အမိန့်ချမှတ်ပေးခဲ့သည်။

**အတည်ပြုကြေညာခြင်း**

လွှတ်တော်အလိုက် အတည်ပြုလွှတ်တော်ကိုယ်စားလှယ်လောင်းများပါဝင်မှု အခြေအနေမှာ ပြည်သူ့လွှတ်တော်တွင် နိုင်ငံရေးပါတီကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်လောင်း ၁၈၆၃ ဦးနှင့် တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်း ၇၁ဦး ဖြစ်၍ စုစုပေါင်း ၁၉၃၄ ဦး ရှိသည်။ အမျိုးသားလွှတ်တော်တွင် နိုင်ငံရေးပါတီကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်လောင်း ၉၄၇ ဦးနှင့် တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်း ၂၉ ဦး ဖြစ်၍ စုစုပေါင်း ၉၇၆ ဦး ရှိသည်။ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်တွင် နိုင်ငံရေးပါတီကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်လောင်း ၃၇၀၀ နှင့် တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်း ၁၄၇ ဦး ဖြစ်၍ စုစုပေါင်း ၃၈၄၇ ဦး ရှိသည်။ တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ်တွင် နိုင်ငံရေးပါတီကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်လောင်း ၁၇၉ ဦး နှင့် တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်း ၃၃ ဦး ဖြစ်၍ စုစုပေါင်း ၂၁၂ ဦးဖြစ်သည်။ လွှတ်တော် သုံးရပ်ပေါင်းအနေဖြင့် နိုင်ငံရေးပါတီကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်လောင်း ၆၆၈၉ ဦးနှင့် တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်း ၂၈၀ ဖြစ်၍ စုစုပေါင်း ၆၉၆၉ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြမည် ဖြစ်သည်။

**ပြိုင်ပွဲခရီးစတင်ကြရပါတော့မည်**

လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် အတည်ပြုကြေညာခြင်းခံရသူများသည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲတွင် ပါဝင် ယှဉ်ပြိုင်ကြရပါတော့မည်။ ရွေးကောက်ပွဲပြိုင်ပွဲခရီး စတင်ကြရပါတော့မည်။ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ကလည်း လွှတ်တော်ကိုယ်စားလှယ်လောင်းများအတွက် မဲဆွယ်စည်းရုံးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ကြေညာပေးရပါတော့မည်။ အားလုံးသော လွှတ်တော်ကိုယ်စားလှယ်လောင်းများ ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ကြရပါတော့မည်။

အထူးအားဖြင့် လွှတ်တော်ကိုယ်စားလှယ်လောင်း အသီးသီးက ဆိုင်ရာမဲရုံများတွင် ထားရှိမည့် မဲရုံကိုယ်စားလှယ်များ၊ အကူကိုယ်စားလှယ်များ ခန့်ထားနိုင်ရေး စိစစ်ရွေးချယ်ကြရန် အရေးကြီးပါသည်။ မဲဆွယ်စည်းရုံးရေးလုပ်ငန်းများကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရင်း မိမိတို့ခန့်အပ်သွားမည့် မဲရုံကိုယ်စားလှယ်၊ အကူကိုယ်စားလှယ်များကို ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးသင်တန်းများ စီစဉ်ပို့ချသွားကြရန် လိုအပ်မည်ဟု ထင်မြင်မိကြောင်းပါ။

- မဲဆွယ်စည်းရုံးရေးလုပ်ငန်းများ သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်နိုင်ကြပါစေ၊
- အားကိုးထိုက်သော မဲရုံကိုယ်စားလှယ်၊ အကူကိုယ်စားလှယ်များ ခန့်ထားဆောင်ရွက်နိုင်ကြပါစေ၊
- လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ ပြိုင်ပွဲခရီး ချောမောအောင်မြင်ကြပါစေ။

# ဝါဆိုလန်း Waso Learn

## ကျောင်းသားတိုင်း မဖြစ်မနေ အသုံးပြုသင့်သည့် Mobile Applications

**Covid-19 ကာလ ကလေးများ အိမ်မှာ မိသားစုနဲ့အတူ လေ့လာဖို့၊ ကျောင်းတွေမှာ စာသင်မပြတ်စေဖို့ ဝါဆိုလန်းကို သုံးကြပါစို့**






### စွန့်ဦးတီထွင်လုပ်ငန်း ကမ္ဘာ့ဖလား (မြန်မာနိုင်ငံအဆင့်) EWC 2020 National Winner ဆုကို Waso Learn – ဝါဆိုလန်းမှ ရရှိ

Myanmar Young Entrepreneurs Association (MYEA) အသင်းမှစီစဉ်ခဲ့သည့် စွန့်ဦးတီထွင်လုပ်ငန်းကမ္ဘာ့ဖလား (Entrepreneurship World Cup 2020) ကို မြန်မာနိုင်ငံတစ်ဝှမ်းလုံးမှ လုပ်ငန်းရှင်ပေါင်း ၁၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ Waso Learn - ဝါဆိုလန်း မှ EWC 2020 Myanmar National Winner အဖြစ် ရွေးချယ်ခံခဲ့ရသည့်အတွက် အထူးပင် ဝမ်းမြောက်ဂုဏ်ယူမိပါသည်။ Waso Learn သည် ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ၊ ဆော်ဒီအာရေးဗျနိုင်ငံတွင် ကျင်းပမည့် Global EWC 2020 Top 100 Global Finalist ရွေးချယ်ပွဲနှင့် ထိုမှတစ်ဆင့် Entrepreneurship World Cup 2020 ကမ္ဘာ့ဖလားပွဲတို့တွင် မြန်မာနိုင်ငံ ကိုယ်စားပြုဝင်ရောက်ယှဉ်ပြိုင်သွားမည် ဖြစ်ပါသည်။

**အတန်းတစ်တန်း စာသင်နှစ်တစ်နှစ်လုံးစာ**

Waso Learn G1-9

Waso Learn G10-12

| | | |
|---|---|---|
| မူလတန်း | - | ၅၀၀၀ ကျပ် (ဘာသာစုံ) |
| အလယ်တန်း | - | ၅၀၀၀ ကျပ် (ဘာသာစုံ) |
| အထက်တန်း | - | ၉၀၀၀ ကျပ် (ဘာသာစုံ) |

သင်ရိုးကုန် သင်ခန်းစာတိုင်းကို သင်ကြားပေးထားသည်။

ဝါဆိုလန်းမှာ အခြေခံပညာ Grade 1 မှ Grade 11 အထိ ဘာသာစုံ သင်ခန်းစာများကို ဆရာ၊ ဆရာမများက တစ်ဦးချင်းအနီးကပ် သင်ကြားပေးနေသလို ကြိုတင် ရိုက်ကူးထားတဲ့ ဗီဒီယို သင်ခန်းစာများဖြင့် လေ့လာနိုင်ပါသည်။ အက်ပလီကေးရှင်းကို Google play store နှင့် Huawei AppGallery တို့မှာ Download လုပ်ပြီး အကောင့်ဖွင့်၍လေ့လာနိုင်မည် ဖြစ်ပါသည်။ ဘာသာစုံ ဗီဒီယို သင်ခန်းစာများကို အပြည့်အဝ လေ့လာနိုင်ရန် အတန်း တစ်တန်းအတွက် တစ်နှစ်စာ ပရီမီယမ် ကြေး ပေးသွင်းပြီး လေ့လာနိုင်ပါသည်။

Waso Learn Mobile Applications ကို တစ်နိုင်ငံလုံးမှာရှိတဲ့ အစိုးရ စာသင်ကျောင်းတွေက ဆရာ၊ ဆရာမများနဲ့ ဘုန်းတော်ကြီးသင် ပညာရေး ကျောင်းများ၊ ပရဟိတ ကျောင်းများမှာ သင်ကြားပြသပေးနေသော ဆရာ၊ ဆရာမများအတွက် အခမဲ့ အသုံးပြုနိုင်အောင် စီစဉ်လှူဒါန်းပေးနေပါသည်။



အောင်ချစ်ခင်
Managing Director

Covid-19 ကာလ မတ်လကုန် ကျွန်တော်တို့ Strategy First University က သင်တန်းတွေ ပိတ်ရတဲ့အချိန်မှာ SFUx ဆိုတဲ့ Online ကနေ ဗီဒီယိုနဲ့ သင်ကြားမှုတွေကို စတင်ခဲ့ပါတယ်။ (၂) လအတွင်း မှာ ကျောင်းသား၊ ကျောင်းသူ ထောင်ကျော်ရဲ့ အားပေးမှုကို ရရှိတဲ့အခါ ကျောင်းတွေ ပိတ်ထားရတဲ့ အခြေခံပညာအတန်းတွေအတွက်လည်း တစ်ခုခုလုပ်ပေးဖို့ စဉ်းစားမိပါတယ်။ ဒီလိုနဲ့ ကလေးတွေ ပညာရေးအတွက် Waso Learn - ဝါဆိုလန်း Application ကို လူမှုအကျိုးပြုလုပ်ငန်းတစ်ခု အနေနဲ့ ဇွန်လဆန်းမှာ စတင်ဖြစ်ခဲ့ပါတယ်။ အစက အင်္ဂလိပ်စာ ကျွမ်းကျင်ရေးအတွက် တစ်ဘာသာ ကိုပဲ လုပ်ပေးဖို့ စဉ်းစားခဲ့ပါတယ်။ ကျောင်းတွေ မဖွင့်နိုင်တဲ့အတွက် ဘာသာစုံအတန်းစုံလုပ်ပေးပါလို့ မိဘတွေ၊ ဆရာတွေက တောင်းဆိုကြတဲ့အတွက် ဝါဆိုလန်းက အခုလို ဆောင်ရွက်ဖြစ်ခဲ့ပါတယ်။ Grade 1 မှ 11 အထိ ဘာသာရပ် (၇၇) ခု၊ နာရီ (၁၅၀၀) ကျော်စာ သင်ကြားရေး ဗီဒီယိုတွေကို ယခုလိုကာလမှာ ထုတ်လုပ်ရတာ အခက်အခဲပေါင်းများစွာ ရင်ဆိုင်ရပါတယ်။ ဒါပေမယ့် အိမ်မှာနေရင်း ကျောင်းစာတွေကို မလစ်ဟင်းစေရအောင် Home based learning ထိရောက်စွာလုပ်နိုင်ဖို့ ရည်မှန်းပြီး ဆရာမ (၄၃) ဦး နှင့် ရိုက်ကူးတည်းဖြတ်မှုဝန်ထမ်းဦးရေ (၁၀၇) ဦးဖြင့် လုပ်ငန်းဆောင်ရွက်လျက်ရှိပါတယ်။ ပြောင်းလဲထားတဲ့ သင်ရိုးညွှန်းတမ်း၊ နည်းစနစ်သစ်များ နှင့်အတူ မြန်မာ့ ပညာရေးတိုးတက်ဖို့ကိုလည်း တစ်ဖက်တစ်လမ်းကနေ အကောင်းဆုံး ကူညီပေးနိုင်ဖို့ ကျွန်တော်တို့ ကြိုးစားနေပါတယ်။ ကျောင်းသား ဗဟိုပြုသင်ကြားရေးစနစ်အရ အိမ်မှာ သင်ယူမှုနဲ့ ကျောင်းမှာ လက်တွေ့လုပ်ရှားမှုတွေ ပေါင်းစပ်နိုင်ရင် ဆရာ၊ ဆရာမ များအတွက်လည်း များစွာ အထောက်အကူ ပေးနိုင်မယ်လို့ ယုံကြည်ပါတယ်။ နိုင်ငံအဝှမ်း ဆရာ၊ ဆရာမ (၄) သိန်းကျော်အတွက်လည်း ဘာသာရပ်ပေါင်းစုံကို နှစ်စဉ်ကြေးပေးစရာမလိုဘဲ အခမဲ့ အသုံးပြုနိုင်အောင် Waso Teachers App ကိုလည်း စီစဉ်ပေးနေပါတယ်။ ကျောင်းသားများအတွက်လည်း အထူးသက်သာတဲ့ နှုန်းထားများနဲ့ တစ်နိုင်ငံလုံး သုံးနိုင်အောင် စီစဉ်ပေးထားပါတယ်။ အခုလို ကြိုးစားနေတဲ့အချိန်မှာ EWC 2020 မြန်မာနိုင်ငံချန်ပီယံအဖြစ် ရွေးချယ်ခံခဲ့အတွက် ရရှိခဲ့တဲ့အတွက် ခွန်အားဖြစ်စေပါတယ်။ MYEA အသင်းကြီးနဲ့တကွ ယုံကြည်စွာ ရွေးချယ်ပေးခဲ့ကြတဲ့ ဒိုင်လူကြီးများကိုလည်း ကျေးဇူးအထူးတင်ရှိပါတယ်။ Entrepreneurship World Cup မှာ နိုင်ငံကို ကိုယ်စားပြုပြီး ဆက်လက်ယှဉ်ပြိုင်သွားပါမယ်။ ဝါဆိုလန်းကို အသုံးပြုပြီး တစ်နိုင်ငံလုံး ကျောင်းသား၊ ကျောင်းသူများ တစ်ပြေးညီ ထိရောက်စွာ သင်ယူနိုင်ဖို့ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။




**EWC 2020**
**National Award Winner**








## နေပြည်တော်စည်ပင်သာယာရေးကော်မတီ
## တိရစ္ဆာန်ဆေးကုနှင့်သားသတ်ရုံများဌာန
## အသား(ဝက်၊ အမဲ၊ ဆိတ်)ထုတ်လုပ်ရောင်းချခွင့်အား ဈေးခုံအများစနစ်ဖြင့် လျှောက်ထားနိုင်ကြောင်း ကြော်ငြာခြင်း

၁။ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွက်တိရစ္ဆာန်ဆေးကုနှင့်သားသတ်ရုံများဌာနမှကြီးကြပ်ဆောင်ရွက်လျက်ရှိသော အသား(ဝက်၊ အမဲ၊ ဆိတ်)ထုတ်လုပ်ရောင်းချခွင့်အား ဈေးခုံအများစနစ်ဖြင့် အောက်ဖော်ပြပါဈေးခုံနေရာ (၂၀)ခုအား ဈေးခုံအများစနစ်ဖြင့် လျှောက်ထားလုပ်ကိုင်ခွင့်ပြုမည်ဖြစ်ပါသည်-

| စဉ် | ဈေးခုံအမည် | အရေအတွက် |
|---|---|---|
| (က) | အသားထုတ်ရောင်းချခွင့်(ဝက်)ဈေးခုံနေရာ | (၉)ခု |
| (ခ) | အသားထုတ်လုပ်ရောင်းချခွင့်(အမဲ)ဈေးခုံနေရာ | (၄)ခု |
| (ဂ) | အသားထုတ်လုပ်ရောင်းချခွင့်(ဆိတ်)ဈေးခုံနေရာ | (၇)ခု |
| | စုစုပေါင်း | (၂၀)ခု |

၂။ အသား(ဝက်၊ အမဲ၊ ဆိတ်)ထုတ်လုပ်ရောင်းချခွင့်အား ဈေးခုံအများစနစ်ဖြင့် လုပ်ကိုင်လိုသူများသည် ၄-၉-၂၀၂၀ရက်မှ ၉-၉-၂၀၂၀ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ တိရစ္ဆာန်ဆေးကုနှင့်သားသတ်ရုံများဌာနသို့ ဈေးခုံလုပ်ကိုင်ခွင့် လျှောက်လွှာများထုတ်ယူပြီး လာရောက်တင်သွင်းလျှောက်ထားနိုင်ကြောင်းနှင့် ဈေးခုံနယ်မြေသတ်မှတ်ချက်များ၊ စည်းကမ်းချက်များအား လျှောက်လွှာနှင့်အတူ အခမဲ့လာရောက်ထုတ်ယူနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

၃။ အသေးစိတ်စုံစမ်းသိရှိလိုပါက တိရစ္ဆာန်ဆေးကုနှင့် သားသတ်ရုံများဌာန၊ ဖုန်း-၀၆၇-၄၃၂၄၉၃သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဈေးခုံများနေရာချထားမှုကြီးကြပ်ရေးအဖွဲ့**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ မှန်ချောင်း(အထက) တက္ကသိုလ်ဝင်တန်းမှ (ဘ) စောလယ်စေး ၇/ကတခ(နိုင်)၀၃၀၉၇၁၏သား စောစေးအယ်ခရိမူး၏ အမည်မှန်မှာ စောစေးအယ်ခရစ်မူး ဖြစ်ပါသည်။ **စောစေးအယ်ခရစ်မူး**

## အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ ဖဒိုမြို့၊ အထက၊ (၂)ရပ်ကွက်ကျောင်း(ဘ)စောရယ်ဂျီဟိန်း၇/ကတခ(နိုင်) ၁၉၂၃၉၁၏သား Grade(1)မှ စောချစ်စမ်းမောင် အမည်မှန်မှာ စောကျော်ထွန်းဦး ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၁ယ/၈၆၈၈၀ Honda Click 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးသက်ထူးအောင် ၉/အမဇ(နိုင်)၀၅၀၁၁၁ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၃ယ/၃၇၆၆၂ ယာဉ်လက်ဝယ်ရှိသူ ဒေါ်သီတာထွန်း ၁၀/မဒန(နိုင်)၁၅၇၉၁၉ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 84/1158 ယာဉ်လက်ဝယ်ရှိသူ ဒေါ်နွဲ့နွဲ့ရီ ၁၀/မလမ(နိုင်)၀၄၁၆၂၀ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၆ယ/၁၄၈၄၅ ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းပြည့်စုံ ၁၀/ခဆန(နိုင်)၁၂၈၀၁၃ က (ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး(မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၃ယ/၄၇၂၂၂ ယာဉ်လက်ဝယ်ရှိသူ ဦးသက်ထွဋ်ဇော် ၇/ပမန(နိုင်)၁၉၇၀၇၇ က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး(မော်လမြိုင်မြို့)**

## နှစ်ဦးသဘောတူ တရားဝင်ကွာရှင်းပြတ်စဲပြီးစီးခြင်း

ပြည်မြို့၊ ဆံတော်ရပ်၊ နဂါးလိန်တန်းလမ်းနေ ဦးဆောင်း၏သား ကိုဇော်ဌေးလင်း ၈/မတန(နိုင်)၀၄၂၆၁၂ နှင့် ပြည်မြို့၊ ရွာဘဲရပ်ကွက်၊ နဝဒေးလမ်းနေ ဦးသန်းရွှေ၏ သမီး မမာမာလွင် ၇/ပမန(နိုင်) ၁၀၄၈၇၇တို့သည် စိတ်သဘောထားချင်း မတိုက်ဆိုင် ပါသဖြင့် ၁၈-၃-၂၀၁၉ရက်တွင် အကြင်လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းပြတ်စဲပြီး ဖြစ်ပါကြောင်း။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မမာမာလွင်**
**၇/ပမန(နိုင်) ၁၀၄၈၇၇**

## ခင်ပွန်းအဖြစ်မှ မသက်ဆိုင်ပါကြောင်း

ကျွန်မ ဒေါ်သင်းသင်းခိုင် ၉/ကဆန(နိုင်)၁၁၅၂၇၂၏ ခင်ပွန်း ဦးဇော်ဝမ်း ၉/ညဥန(နိုင်)၁၃၅၇၂၁သည် ကျွန်မအား အကြိမ်ကြိမ် စိတ်ဆင်းရဲအောင်ပြုလုပ်ပြီး မိမိသဘောဆန္ဒအတိုင်း နေအိမ်မှ ဆင်းသွားသည့်အတွက် ခင်ပွန်းအဖြစ်မှ မသက်ဆိုင်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သင်းသင်းခိုင်**

## အမည်မှန်

နေပြည်တော်၊ ပျဉ်းမနားမြို့၊ လမ်းပြကြယ်စင် ကိုယ်ပိုင်အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မိရွှေဇင်၏ အမည်မှန်မှာ မအိရွှေစင် ၉/ပမန(နိုင်)၂၉၆၄၀၃ ဖြစ်ပါကြောင်း။

**မအိရွှေစင်**

## တစ်ဦးတည်းဖြစ်ကြောင်း

ထီးချိုင့်မြို့နယ်၊ ကြက်တတောင်ကျေးရွာနေ (ဘ)ဦးတင်ဌေး၏သမီး ဒေါ်ရင်ရင်နုနှင့် ဒေါ်ယဉ်ယဉ်နုသည် အမည်နှစ်မျိုး ကွဲလွဲနေသော်လည်း တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်ရင်ရင်နု(ခ)ဒေါ်ယဉ်ယဉ်နု**

## ဖခင်အမည်မှန်

သထုံမြို့၊ အထက မရမ်းကုန်းနဝမတန်းမှ မဇင်မာအေး၏ ဖခင်အမည်မှန်မှာ ဦးပြေ ၁၀/သထန(နိုင်)၀၄၁၉၃၅ ဖြစ်ပါကြောင်း။

**ဦးပြေ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 22W/20831 Kenbo-125 ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်မြင့် ၉/မထလ(နိုင်)၀၂၂၅၇၃ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မိတ္ထီလာခရိုင်)**

## ပျောက်ဆုံးကြောင်း

ကျွန်တော်များ MYANMAR APEX MINING CO.,LTD၏ ပို့ကုန်သွင်းကုန်မှတ်ပုံတင် လက်မှတ်(101715809)သည် လုပ်ငန်း လုပ်ဆောင်စဉ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၃၀၇၉၀၈၄**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9B/7084 ၏ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ကျောက်ဆည်)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ်1K/6086 ၏ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရွှေဘို)**

## ကြော်ငြာစာ
## (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃)
## ကလေးခရိုင်တရားရုံးတော်
## ၂၀၂၀ပြည့်နှစ် တရားမအထွေထွေမှုအမှတ်-၁၀
## ကွယ်လွန်သူ ဦးသိုင်ထွာမာ နှင့် ဒေါ်ရိုကိမ်းမီးတို့၏ ကျန်ရစ်သော ပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးမြို့၊ စမ်းမြို့ရပ်ကွက်၊ နယ်မြေ(၇)တွင် နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးသိုင်ထွာမာနှင့် ဒေါ်ရိုကိမ်းမီးတို့၏ ကျန်ရစ်သောပစ္စည်းများအပေါ် အမွေထိန်းစာလက်မှတ်ထုတ်ပေးပါမည့်အကြောင်းနှင့် ဦးဗျက်ကြုံနိုင်က အမွေဆက်ခံခြင်း အက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၀ပြည့်နှစ် စက်တင်ဘာ ၂၁ရက် (၁၃၈၂ခုနှစ် တော်သလင်းလဆန်း ၅ ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးသိုင်ထွာမာနှင့် ဒေါ်ရိုကိမ်းမီးတို့၏ ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့(လာရောက် ဆိုင်ဆိုရန် သင့်လျော်မည်ဟုထင်မြင်လျှင်)ဆိုခဲ့သော ၂၀၂၀ပြည့်နှစ် စက်တင်ဘာ၂၁ရက် (၁၃၈၂ခုနှစ်တော်သလင်းလဆန်း ၅ရက်) ၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်မထုတ်ပေးမီ မှတ်တမ်းများကိုကြည့်ရှုရန် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ-၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိပျက်ကွက်ခဲ့လျှင် ရုံးတော်က ဦးဗျက်ကြုံနိုင်၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည် ဖြစ်သည်။

၂၀၂၀ပြည့်နှစ် စက်တင်ဘာ၂ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(သိန်းထိုက်ဦး)**
**ခရိုင်တရားသူကြီး**
**ကလေးခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဥတ္တရခရိုင်၊ ပုဗ္ဗသီရိမြို့နယ်၊ အောင်သာယာရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၃၂/ပေါင်းလောင်း-၂၊ မြေကွက်အမှတ်(၄၀၈၄)၊ ဧရိယာ(၀ဒသမ ၀၅၅) ဧကရှိ ဒေါ်ငွန်းကြာန်း အမည်ပေါက် ပါမစ်မြေကွက်အား ဒေါ်နှင်းဖြူဖြူအောင် ၁၂/ကမန (နိုင်) ၀၅၆၈၂၃မှ မြေပေးမိန့်၊ အရောင်းအဝယ်စာချုပ်၊ ကျမ်းကျိန်ဆိုချက်၊ ဝန်ခံကတိပြုချက်၊ ရပ်ကွက်/ရဲစခန်းထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့် ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## မြေငှားစာချုပ်ဂရန်ပျောက်ဆုံးနေကြောင်းကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြောက်ပိုင်းခရိုင်၊ မှော်ဘီမြို့နယ်၊ မြို့မ(၃)ရပ်ကွက်၊ ပြည်လမ်း၊ အမှတ်(၃၉၂)၊ အကွက်အမှတ်(၁)၊ မှော်ဘီအနောက်၊ ဦးပိုင်အမှတ်-၁၂၊ ဧရိယာ(၀ဒသမ၀၈)ဧက၊ နှစ်(၃၀)ဂရန်၊ မောင်စိန်မြင့်(ခ)ဂွန်ဟိုစိန် အမည်ဖြင့် DO no. ၃၆V / ၁၉၆၉-၇၀ အရ (၂၅-၉-၁၉၇၀)ရက်မှ (၂၄-၉-၂၀၀၀)ရက်ထိ ဦးစိန်မြင့်အမည်ဖြင့် နှစ်(၃၀)ဂရန် ချထားပေးပါသည်။

ယခုအခါ အမည်ပေါက်ဦးစိန်မြင့် (ခ) ဂွန်ဟိုစိန် (ISN-479397)နှင့်၎င်း၏ဇနီးဒေါ်မေသန်းကြည်တို့သည် ကွယ်လွန်သွားပြီဖြစ်ပါသည်။ ကျွန်ုပ်မိတ်ဆွေဒေါ်စန္ဒာမြင့် ၁၂/မဘန(နိုင်) ၀၇၀၅၃၅ကိုင်ဆောင်သူကို ၎င်း၏မောင်တော်စပ်သူ ဦးဝေထွန်း ၁၂/မဘန(နိုင်) ၁၁၁၇၅၉ မှ မှော်ဘီမြို့စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးစာချုပ်အမှတ် ၃၂/၂၀၂၀(၂၉-၇-၂၀၂၀)ဖြင့်အပြီးအပိုင်စွန့်လွှတ်စာချုပ်ချုပ်ဆိုခဲ့ပြီး ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်စန္ဒာမြင့်တစ်ဦးတည်းပိုင်ဆိုင်သော အိမ်မြေဖြစ်ပါသည်။

ယခုအခါ ကျွန်ုပ်၏မိတ်ဆွေ ဖခင်အမည်ပေါက် နှစ်(၃၀)မြေငှားဂရန်စာချုပ်မူရင်းသည် အိမ်ပြောင်း ရွှေ့စဉ်သိမ်းဆည်းထားရာမှ ပျောက်ဆုံးနေပါသဖြင့် သက်ဆိုင်ရာမြို့နယ်ရဲစခန်းတွင် ပျောက်ဆုံးကြောင်း အကြောင်းကြားထားရှိပြီးဖြစ်ပါသည်။ အဆိုပါဂရန်မူရင်းအား တာဝန်ခံမိတ္တူမှန် ရရှိရေးအတွက် သက်ဆိုင်ရာရုံးဌာနအသီးသီးတို့တွင် တာဝန်ခံမိတ္တူမှန်အား ပြန်လည်လျှောက်ထား ရယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးထွန်းလင်းအောင် (LL.B,D.B.L,D.M.L)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၅၈)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

## သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## မြန်မာ့သစ်လုပ်ငန်း
## ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာန
## (၉/ ၂၀၁၉-၂၀၂၀)ကြိမ်မြောက် စက်မှုကုန်ကြမ်းသစ်လုံး/ခွဲသား အိတ်ဖွင့်တင်ဒါကြေညာခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊ ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာနမှ စက်မှုကုန်ကြမ်း ကျွန်း/သစ်မာ သစ်လုံး/ခွဲသားများ တန်(၄၂၇၉၅)ခန့်ကို မြန်မာ့သစ်လုပ်ငန်း၊ ကြို့ကုန်းသစ်တောဝင်း၊ တော်ဝင်ခန်းမ၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်-

(အထူး)အိတ်ဖွင့်တင်ဒါ - (၂၁/၂၂/၂၃-၉-၂၀၂၀)ရက် နံနက် ၀၈:၀၀နာရီမှစတင်မည်
ရန်ကုန်တိုင်းဒေသကြီး/မန္တလေးတိုင်းဒေသကြီး/
ပဲခူးတိုင်းဒေသကြီး/စစ်ကိုင်းတိုင်းဒေသကြီး(အရှေ့/အနောက်)/
မကွေးတိုင်းဒေသကြီး/တနင်္သာရီတိုင်းဒေသကြီး/
ဧရာဝတီတိုင်းဒေသကြီး/ကချင်ပြည်နယ်/ကယားပြည်နယ်/
ရှမ်းပြည်နယ်(တောင်ပိုင်း)/မွန်ပြည်နယ်

၂။ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်သည့် အချက်အလက်များအား အသေးစိတ်သိရှိလိုပါက မြန်မာ့သစ်လုပ်ငန်း web-site ဖြစ်သော www.mte.com.mm တွင် ဝင်ရောက်ကြည့်ရှု၍လည်းကောင်း၊ ဖုန်း-၀၁-၃၇၂၀၂၃၊ ၀၁-၃၇၂၆၈၈၊ ၀၂-၇၀၃၇၁ တို့တွင်လည်း ကောင်း စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါကျင်းပရေးကော်မတီ**
**ပြည်တွင်းရောင်း/စက်**

## မတည်ရင်းနှီးငွေလျှော့ချခြင်း

THARA PHI Co.,Ltd. ၏ အစုရှယ်ယာ မတည်ရင်းနှီးငွေအား ကျပ်သန်း ၉၀မှ ကျပ် ၉သန်းသို့ လျှော့ချမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**THARA PHI Co.,Ltd**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀)
## ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်၌
## ၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် - ၅၂၈

| | | |
|---|---|---|
| ဒေါ်သဥ္ဇာသန့်ဇင် | **နှင့်** | ဦးသက်လွင်ဦး |
| **တရားလို** | | **တရားပြိုင်** |

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ရွှေတောင်မြို့၊ ထန်းကုန်းအုပ်စု၊ ရန်အောင်ရွာနေ ဦးသက်လွင်ဦး (ယခုနေရပ် လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေ နှင့်ဖြစ်စေ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာ ၂၉ ရက် (၁၃၈၂ ခုနှစ် တော်သလင်းလဆန်း ၁၃ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် သက်ဆိုင်သည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်ကတင်သွင်းရမည်။

၂၀၂၀ ပြည့်နှစ် စက်တင်ဘာ ၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်ဌေးမော်)**
**ဒုတိယခရိုင်တရားသူကြီး(၇)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံအရှေ့ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈)၊ မြေကွက်အမှတ် တ/၂၇-ခ၊ ဧရိယာ ၀ဒသမ၀၄၆ဧက၊ (အလျားပေ ၂၀xပေ ၁၀၀) ရှိသော နှစ် ၆၀ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် ဆက်စပ်တည်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုလာသည့် မြေအမည်ပေါက် ဒေါ်သောင်းသောင်းဖြူ ၁၂/ဥကတ(နိုင်)၁၃၇၄၈၀ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် ညှိနှိုင်းသဘောတူညီချက်အရ ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအားပေးချေပြီး ဖြစ်ပါ၍ အဆိုပါပစ္စည်းအရပ်ရပ်တို့နှင့်ပတ်သက်ပြီး၊ ပိုင်ရေးဆိုင်ခွင့်ရှိကြောင်းပြောဆို ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်တင်ပြကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိခဲ့ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားတော့မည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစိန်ဝင်း (စဉ်-၆၀၈၂)**
**B.A, H.G.P, C.B.L, D.B.L, D.M.L**
**ဥပဒေအကျိုးဆောင်၊ တိုက်အမှတ် -၃(အေ)၊ ၃-လွှာ(ခေါင်းရင်းခန်း)၊**
**သပြေညိုလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၅၀၇၀၆၇၇၊ ၀၉-၇၈၇၉၂၇၁၉၉**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၆-ဒီ၊ မြေကွက်အမှတ် ၂၆အေ/၉-၁-က၊ ၀ဒသမ၁၂၆ဧက၊ မြေကွက်နေရာအမှတ် ၁၃၁/E-၁၊ သံလွင်လမ်း၊ (၁၀)ရပ်ကွက်၊ ဒေါ်ခင်ဥ ၁၂/မဂတ(နိုင်)၀၁၂၈၇၄ အမည်ပေါက် မြေပိုင်မြေအား အမည်ပေါက်ထံမှ အရောင်းအဝယ်စာချုပ်-၇၃၄/၂၀၀၃ (၁၇-၂-၂၀၀၃)ဖြင့် ဒေါက်တာ ခင်သန္တာလွင် ၁၂/ဥကတ(နိုင်)၀၀၆၅၇၇ နှင့် ဦးကျော်လွင် ၁၂/ဥကတ(နိုင်)၀၄၈၉၄၁တို့မှ ပိုင်ဆိုင်ခဲ့ပြီး အပြီးအပိုင်စွန့်လွှတ်ခြင်းစာချုပ် ၁၉၇၄/၂၀၀၃ (၂၁-၅-၂၀၀၃)ဖြင့် ဒေါက်တာ ခင်သန္တာလွင် ၁၂/ဥကတ(နိုင်)၀၀၆၅၇၇မှ ရရှိခဲ့ရာ ၎င်းထံမှ အထူးကိုယ်စားလှယ်လွှဲစာအမှတ် -၇၀၁၀/၂၀၀၃ (၂၅-၁၁-၂၀၀၃)ဖြင့် ရရှိသူ ဦးစိုးမြင့်ရွှေ (PGU-၂၁၀၁၄၃)က ကိုယ်စားလှယ်လွှဲစာမိတ္တူမှန်၊ အရောင်းအဝယ်စာချုပ်မိတ္တူမှန်၊ စွန့်လွှတ်စာချုပ်မိတ္တူမှန်၊ ပါဝါပေးသူသည် ယနေ့တိုင်သက်ရှိထင်ရှားရှိကြောင်းနှင့် ပြန်လည်ရုပ်သိမ်းခြင်းမရှိကြောင်း၊ ၃-၇-၂၀၂၀ ရက်စွဲဖြင့် ကျမ်းကျိန်ဆိုထားသည့် ကျမ်းကျိန်လွှာမူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ ၂၀၀၃ ခုနှစ်တွင် ထုတ်ယူခဲ့သည့် အရောင်းမြေပုံမူရင်းသည် မည်သည့်နေရာတွင်မှ အသုံးပြုခဲ့ခြင်းမရှိကြောင်း၊ ရှာဖွေမတွေ့ရှိသဖြင့် အပ်နှံခြင်းမရှိပါကြောင်း၊ အသစ်ထုတ်ပေး မည့်မြေပုံမြေရာဇဝင်အတွက် တစ်စုံတစ်ဦးမှ ကန့်ကွက်လာလျှင် မိမိမှတာဝန်ယူဖြေရှင်းနိုင်ပါကြောင်း ၂၉-၇-၂၀၂၀ရက်စွဲပါ ကျမ်းကျိန်လွှာနှင့် ကိုယ်တိုင်ဝန်ခံချက်တို့ကိုတင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အင်္ဂလိပ်အက္ခရာ ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ်9H/7793 ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းထွန်းဦး ၅/ရဘန(နိုင်) ၀၁၁၉၆၆ ၏အင်္ဂလိပ်အက္ခရာဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ အသစ်ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ် ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရွှေဘို)**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 8A/9036 Nissan Condor CM 87B Truck (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းမြင့်သူ ၅/ဆလက(နိုင်)၀၇၇၈၃၁ က ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(မုံရွာ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၄ယ/၃၄၅၅ Honda Dream 125 ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးသူရ ၁၄/ကကထ(နိုင်)၁၅၆၄၆၃ က(ကမ-၃) ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့် ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5E/7126 ၏ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန**
**(ရွာသာကြီး)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7I/6176 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊
သန်လျင်မြို့

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7F/4533 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

